www.burmeseclassic.com

# မေတ္တာရှင်

ရွှေပြည်သာ

# စာရိတ္တသတ္တိ



ဒုတိယအကြိမ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင် (ရွှေပြည်သာ)

# စာရိတ္တသတ္တိ

ဖြန့်ချိရေး
ရွှေပြည်သာ စာပေ
ဥပသကာအဖွဲ့၊ မန္တလေးကျောင်း
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာ၊ ရန်ကုန်
ဖုန်း ၀၉-၅၀-၁၆၆၆၃

ဖုန်း - ၆၁၁၆၂၂

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၃၂၀၀၆၉၀၆၀၁

❑

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၂၀၇၄၃၀၆၁၁

❑

ထုတ်ဝေခြင်း

ပထမအကြိမ် ဇွန်လ၊ ၂၀၀၃

ဒုတိယအကြိမ် ဖေဖော်ဝါရီလ၊ ၂၀၀၇

❑

မျက်နှာဖုံးပန်းချီ

ရွှေဗိုးဟန်

❑

ပုံနှိပ်သူ

ကာလာဖုံပုံနှိပ်တိုက်

၁၈၅၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

❑

ထုတ်ဝေသူ

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ

၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

❑

အုပ်ရေ

၂၀၀၀

❑

တန်ဖိုး

၇၀၀ကျပ်


BURMESE CLASSIC .com

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | သူခိုးမရှိသောနိုင်ငံ (အမှာစာ) | ... ၁ |
| ၁။ | စာရိတ္တသတ္တိ | ... ၁၀ |
| ၂။ | အဖွဲ့တွတိုက်ပွဲ | ... ၂၅ |
| ၃။ | အူမ-မတောင့်သော်လည်း သီလစောင့်သူ | ... ၄၇ |
| ၄။ | ခြင်္သေ့နှင့်တူသောသူ | ... ၆၅ |
| ၅။ | မောင့်မှာရဟန်းဖြစ်သောကြောင့် | ... ၇၆ |
| ၆။ | အမှိုက်ပုံထဲက ပန်းရွှေကြာ | ... ၁၂၅ |
| ၇။ | သူတော်စင်တို့စိတ်ထား | ... ၁၃၃ |
| | - သိမ်မွေ့သောလောဘ | ... ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com

- မဏ္ဍပ်တိုင်မတက်ချင်သူ ... ၁၃၉
- သူခိုးအတွက်လှေခါးထမ်းသူ ... ၁၄၄
- သောတာပန်ဖြစ်ချင်သော မဟာတ္တမဂန္ဓီ ... ၁၄၇
၈။ စာရိတ္တသူဌေးမလေး ... ၁၅၅
၉။ ဒါရိုက်တာကျတဲ့မျက်ရည် ... ၁၆၀
- မေတ္တာရှင် (ရွှေပြည်သာ) ရေးသား ထုတ်ဝေပြီးစာအုပ်များ ... ၁၇၆





# သူခိုးမရှိသောနိုင်ငံ

ကမ္ဘာမြေပေါ်တွင် သူခိုးမရှိသောနိုင်ငံတစ်နိုင်ငံ ရှိခဲ့ဖူးသည်။ ထိုနိုင်ငံသည် မြန်မာနိုင်ငံ ဖြစ်သည်ဟုဆိုလျှင် ယခုခေတ် လူငယ်တော်တော်များများက စာရေးသူကို ကိုယ့်ငါးချဉ်ကိုယ်ချဉ်သူ ကိုယ့်ဘက်ကိုယ်ယက်သော လိပ်လိုလူဟု ဆိုကြပေလိမ့်မည်။ သို့သော် ထိုစကားကိုပြောသူသည် စာရေးသူလို မြန်မာတစ်ယောက် မဟုတ်ဘဲ ဘာသာခြား၊ လူမျိုးခြား နိုင်ငံခြားသားတစ်ယောက် ဖြစ်သည်ဟု သိရလျှင်ကား များစွာအံ့သြကြပေလိမ့်မည်။

ကမ္ဘာပေါ်တွင် သူခိုးမရှိသော တစ်ခုတည်းသောနိုင်ငံကား မြန်မာနိုင်ငံသာဖြစ်သည်ဟူ၍ ရဲရဲဝံ့ဝံ့ပြောခဲ့သူကား အိန္ဒိယနိုင်ငံသား ဟိန္ဒူဘာသာဝင် ဘဆေဆ်လာလ်ဂျီးပင်ဖြစ်ပါသည်။ သူသည် ၁၈၅၉ ခုနှစ်တွင်မွေးဖွား၍ ၁၉၃၂ ခုနှစ်တွင်မှ ကွယ်လွန်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၊ အီဂတ်ပူရီပြည်နယ်၌ ဗုဒ္ဓ၏ ဝိပဿနာတရားများကို ကမ္ဘာသို့ ဖြန့်ဝေလျှက်ရှိသော ဂုရုကြီးဦးဂိုအင်ကာ၏ အဘိုးတော် သူပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ကုန်သည်အလုပ်ဖြင့် ကမ္ဘာအနှံ့ ခြေဆန့်ခဲ့ဖူးသော ဘဆေဆ်လာလ်ကျီသည် သူ့အမြတ်နိုးဆုံးဖြစ်သော မန္တလေးရတနာပုံနေပြည်တော်တွင် အခြေချနေထိုင်ခဲ့သည်။ ထိုအချိန်က အထက်မြန်မာပြည်သည် မြန်မာဘုရင်၏ လက်ထဲမှာသာရှိသောကြောင့် သူခိုး၊ လူလိမ်ဆိုသည်မှာ ချိုနဲ့လားဟု မေးရလောက်အောင် မြန်မာတိုင်း စာရိတ္တသတ္တိအပြည့်ရှိနေချိန်ပင် ဖြစ်ပါ၏။

ဘဆေဆ်လာကျီသည် ကုန်သည်ကြီးတစ်ဦးဖြစ်ရာ အထက်မြန်မာပြည်ရှိ မြို့ကြီးအသီးသီးတွင် သွားလာရောင်းဝယ်ရသည်။ အရောင်းအဝယ်လုပ်သော ပစ္စည်းပစ္စယများတင်ရန် မြင်းငါးကောင်နှင့်အတူ မြန်မာမြင်းစီးသမား ငါးယောက်ကိုလည်း တစ်ခါတည်း အသွားအပြန် ငှားလာခဲ့ရသည်။ အရောင်းအဝယ်ပစ္စည်းများသောကြောင့် ရက်ကြာလာသည်နှင့်အမျှ ဘဆေဆ်လာကျီ၏ ပိုက်ဆံထည့်သည့်အိတ်ကြီးမှာလည်း ငွေဒင်္ဂါးပြားများဖြင့် ပြည့်ပြည့်လာခဲ့သည်။

နောက်ထပ် မြို့သုံးမြို့၊ ငါးရက်ခရီးနှင့်ပြီးလျှင် သည်တစ်ခေါက် အရောင်းအဝယ်ကိစ္စ ပြီးဆုံးပြီဖြစ်၍ ဘဆေဆ်လာလ်ကျီတစ်ယောက် အိမ်ပြန်ရတော့မည်ကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေလေသည်။ နေဝင်စပြုနေပြီဖြစ်သည့်အတွက် လှမ်းမြင်နေရသော ဇရပ်တစ်ခုပေါ်တွင် တစ်ညအိပ်ရန် မြင်းသမားများကို အချက်ပြလိုက်သည်။

ရှေးခေတ်က ဇရပ်ဆိုသည်ကို ယခုခေတ်လူငယ်များ နားလည်ရန် မလွယ်သောကြောင့် အနည်းငယ် ရေးသားပါမည်။ ယခုခေတ်လူငယ်များသိကြသည်ကား ကျောင်းဝိုင်း၊ ဘုရားဝိုင်းအတွင်း ဥပုသ်သည်များနားနေရန် ဆောက်လုပ်သည့် ဇရပ်များသာ ဖြစ်ပေ



သည်။ ဘဆေဆ်လာကျီတို့တည်းခိုမည့်ဇရပ်ကား ထိုကဲ့သို့မဟုတ်ပေ။

ညဥ့်အိပ်၊ ညဥ့်နေခရီးသည်များအတွက် လမ်းဆုံလမ်းခွတွင် ဆောက်လုပ်ထားသော ဇရပ်မျိုးသာဖြစ်ပေသည်။ အမိုးနှင့်အခင်းကို အကောင်းဆုံးလုပ်ထားသော်လည်း အကာအရံမရှိပေ။ အကာမထားခြင်းသည် အရပ်လေးမျက်နှာမှ ခရီးသွားများတံခါးမရှိ၊ ဓားမရှိလွှတ်လပ်ချမ်းသာစွာ တည်းခိုနိုင်သည်ဟူသော အဓိပ္ပာယ်ကို ဆောင်သည်ဟု ယူဆပါသည်။

တတ်နိုင်သောဇရပ်အလှူရှင်အချို့သည် ခရီးသွားများအတွက် ဆန်ဆီစသော စားသောက်ဖွယ်ရာများကိုပင် ထားပေးကြောင်း သိရသည်။ ကား၊ မီးရထားစသော ယာဉ်များ မပေါ်သေးသောခေတ်တွင် ခရီးသွားများအနေဖြင့် ခြေလျင်နှင့် နွားလှည်းလောက်ကိုသာ အားကိုးပြီး သွားကြရာတွင် လမ်းခုလတ်၌ တည်းခိုရန် ဇရပ်တန်ဆောင်းများကို အမှန်ပင်လိုအပ်ပါသည်။

ချက်ပြုတ်စားသောက်ပြီး နေလည်းမရှိတော့ပြီဖြစ်၍ ထိုဇရပ်မှာပင် ညအိပ်လိုက်ကြသည်။ နောက်တစ်နေ့ မိုးမလင်းမီ မနက်စောစော ခရီးဆက်ကြရန် မြင်းသမားတို့ကို ညကတည်းက ဆော်သြထားလိုက်သည်။ အရေးအကြီးဆုံးဖြစ်သည့် ငွေဒင်္ဂါးအိတ်ကြီးကို ခေါင်းအုံးအိပ်လိုက်သည်။ မနက်စောစော ခရီးထွက်သောအခါ မေ့ကျန်ခဲ့မှာစိုးသောကြောင့်ဖြစ်သည်။

မနက်လေးနာရီလောက်ထပြီး မြန်မြန်ထက်ထက် ပြင်ဆင်ကာ ရှေ့ခရီးကိုဆက်ခဲ့ကြသည်။ ခြောက်နာရီခန့် ခရီးပေါက်ပြီးအခါမှာပင် ခေါင်းအုံးအိပ်ခဲ့သော ငွေအိတ်ကြီးပါမလာမှန်း ဘဆေဆ်လာလ်ကျီသိသွားသည်။ ပြင်းထန်သော စိုးရိမ်သောကစိတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးမှာ တဒိန်းဒိန်းခုန်လာပြီး အမောဆို့သလိုပင်ဖြစ်လာသည်။

"ဟော့ . . . အားလုံးခဏရပ်ကြဦး"

သူ၏စကားကြောင့် မြင်းသမားများအားလုံး ရပ်လိုက်ကြသည်။ ဘာဖြစ်လို့ပါလိမ့်ဟူသော အတွေးဖြင့် မြင်းသမားများက သူ့ကိုလှမ်းကြည့်လိုက်ကြသည်။ သူက-

"ကျွန်တော် ငွေဒင်္ဂါးအိတ်ကြီး ညအိပ်တဲ့ဇရပ်ပေါ်မှာ ကျန်ခဲ့တယ်၊ ဒါ့ကြောင့် နောက်ကြောင်းပြန်လှည့်ကြရမယ်"ဟု ပြောလိုက်သော်လည်း မြန်မာလူမျိုး မြင်းသမားငါးယောက်လုံး တစ်ယောက်မှ တအံ့တသြ တစ်ထိတ်တစ်လန့်ဖြစ်မသွားကြ။ သွားယူပေးမည့် အမူအရာလည်းမပြကြသဖြင့် ဘဆေဆ်လာလ်ဂျီ မနေနိုင်တော့

"ကဲ . . . မြန်မြန်သွားယူဘို့ပြင်ကြလေ။ ဘာလို့ အေးတိအေးစက်ဖြစ်နေကြတာတုန်း"ဟု ပြောလိုက်သောအခါတွင်မှ အသက်ခပ်ကြီးကြီး မြင်းသမားတစ်ဦးက -

"မိတ်ဆွေကြီး ဘာမှစိတ်ပူမနေပါနဲ့၊ ကိုယ့်ခရီးကိုသာ ဆုံးအောင်ဆက်သွားပါ။ အပြန်ကျမှ ငွေအိတ်ကိုယူပါ။ မိတ်ဆွေကြီး ငွေအိတ်က ဘယ်မှထွက်မပြေးပါဘူး။ ဘယ်သူမှလည်းမယူပါဘူး"

ဟု ပြောလိုက်သဖြင့် ဘဆေဆ်လာလ်ဂျီတစ်ယောက် ဒေါသထွက်သွားသည်။ လွယ်ရင်သူ့ဂွယ်တောင်မနေဘူးဟူသော စကားရှိနေရာ အဆင်သင့်တွေ့ရသော ငွေဒင်္ဂါးအိတ်ကြီးကို အဘယ်လူသည် မယူဘဲနေနိုင်ပါအံ့နည်း။ ဘယ်သူမှ မယူပါဘူးဟု တာဝန်ခံနိုင်လောက်အောင် သူတို့ မြန်မာလူမျိုးတွေက ဘယ်လောက်များ စာရိတ္တကောင်းနေကြလို့နည်းဟု တွေးနေမိသည်။

"အေးလေ၊ အခု ငါတို့ထွက်လာတာပဲ ခြောက်နာရီကျော်သွားပြီဆိုတော့ ဒီငွေအိတ်ကြီးကို ခရီးသွားတစ်ယောက်ယောက်က



ရပြီး ယူသွားရော့ပေါ့။ ငါသွားနေလည်း ပင်ပန်းတာ အဖတ်တင်မှာပဲ"ဟု တွေးမိပြီး ရှေ့မှာရှိသည့် မြို့ဈေးများသို့သာ ဆက်ထွက်သွားလေသည်။

ငါးရက်ခန့်ရှိမှ ပြန်လာကြသောအခါ ဘဆေဆ်လာလ်ဂျီ ထားခဲ့သော ငွေဒင်္ဂါးအိတ်ကြီးကို ခေါင်းအုံးအိတ်စဉ်ကအတိုင်း လက်ရာမပျက် ပြန်တွေ့သွားခဲ့သည်။ ရေတွက်ကြည့်သောအခါမှာလည်း တစ်ပြားတစ်ချပ်မှ မလျော့၊ ထို့ကြောင့်လည်း ဘဆေဆ်လာလ်ဂျီးက ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီးဖြစ်လာမည့် ဦးဂိုအင်ကာ အလောင်းလျာ သူ့မြေးလေးကို

ငါ့မြေးရေ . . . အဘိုးတို့ ဒီမြန်မာပြည်မှာ နေခွင့်ရတာ သိပ်ကံကောင်းတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ကမ္ဘာလုံးမှာ သူခိုးမရှိတဲ့နိုင်ငံဆိုလို့ ဒီမြန်မာနိုင်ငံတစ်ခုပဲရှိတယ်။ အဘိုးက ကိုယ်တွေ့ပါ။ နောက်တစ်ခု ဆက်ပြောပြဦးမယ်။"

"တစ်ခါတော့ မန္တလေး ရတနာပုံဈေးချိုတော်ကြီးလမ်းအလယ်မှာ အမျိုးသမီးကြီးတစ်ယောက် အဖိုးတန်စိန်နားကပ်တစ်ဖက် ပြုတ်ကျသွားခဲ့တယ်။ ဈေးတန်းကြီးအလယ်တည့်တည့်မှာ ပြုတ်ကျတာဆိုတော့ ဥဒဟိုသွားလာနေကြတဲ့ ဈေးဝယ်တွေအနက်က တစ်ယောက်မဟုတ်တစ်ယောက်တော့ တွေ့မှာပဲ"

"ဟိုဘက်ဒီဘက်က ဈေးသည်တွေလည်း တစ်ချိန်မဟုတ်တစ်ချိန်တော့ မြင်ကြမှာပဲ။ ဒါပေမယ့် တစ်ယောက်မှ ကောက်မယူကြဘူး။ ဘယ်လောက်အံ့သြဖို့ကောင်းသလဲ၊ အလွယ်တကူတွေ့ရတဲ့ အဖိုးတန်ပစ္စည်းကိုတောင် ကောက်မယူတဲ့ မြန်မာလူမျိုးတွေဟာ သူတစ်ပါးအိမ်ကပစ္စည်း မသိအောင်ယူဘို့ဆိုတာကတော့ ပိုပြီး ဝေးသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်လို့ဈေးချိုတော်ကြီးသာ ပိတ်သွားတယ်။ စိန်နားကပ်ကြီးကတော့ လမ်းပေါ်မှာ ဒီအတိုင်းပဲ၊ နောက်တစ်နေ့မနက် ဈေးချိုတော်ကြီးဖွင့်ခါနီးအချိန်မှာ သန့်ရှင်းရေးအလုပ်သမလေးတွေက တံမြက်စည်းကိုယ်စီကိုင်ပြီး လှဲကြကျင်းကြရတယ်။ ဒီအချိန်မှာ အလုပ်သမလေးတစ်ယောက်က ဒီစိန်နားကပ်ကြီးကို တွေ့သွားတယ်။

"ဥစ္စာနေဆင်းရဲသော်လည်း စာရိတ္တမဆင်းရဲတဲ့သူတွေကို တွေ့ချင်ရင် မြန်မာပြည်ကိုလာခဲ့ပါလို့ပဲ ပြောရတော့မှာပဲ မြေးလေးရေ ဘာဖြစ်လို့လဲဆိုတော့ ဆင်းရဲရှာတဲ့ သန့်ရှင်းရေးအလုပ်သမလေးဟာ စိန်နားကပ်ကြီးကို တွေ့တဲ့အခါ ကောက်တော့ကိုင်လိုက်သေးတယ်'

"ယူဖို့မဟုတ်ဘူး၊ စိန်နားကပ်အောက်က ဖုန်တွေ အမှိုက်သရိုက်တွေ လှဲပစ်ဖို့ပါ။ လှဲကျင်းပြီးတဲ့အခါ တွေ့တဲ့နေရာမှာပဲ အတိအကျ ပြန်ထားလိုက်တယ်။ ပိုင်ရှင်က သူကျပျောက်သွားခဲ့တဲ့နေရာ ပြန်လာရှာရင် မြန်မြန်တွေ့ပါစေဆိုတဲ့စေတနာပေါ့"

"နောက်ဆုံး ဈေးရုံတာဝန်ခံကိုယ်တိုင် မြို့ထဲ မောင်းထုပိုင်ရှင်ရှာပြီး ပြန်ပေးလိုက်ရတယ်"

ဟု ပြောပြခဲ့ပါသည်။ ၁၈၈၅ ခုနှစ်၊ မြန်မာဘုရင်စနစ် နိဂုံးချုပ်သည့်အချိန်အထိ အထက်မြန်မာပြည်တွင် အိမ်မှန်သမျှ သော့ခတ်သော အလေ့အထမရှိကြပေ။ ခွေး၊ နွားစသော တိရစ္ဆာန်များ မဝင်နိုင်ရုံ ဂလန့်ဆိုးရုံသာ ထိုးထားကြသည်။

မြန်မာပြည်အင်္ဂလိပ်လက်အောက်ရောက်ပြီး နိုင်ငံခြားသားမျိုးစုံဝင်ရောက်လာကြသောအခါတွင်ကား အောက်တန်းစားများက အိမ်နောက်ဖေးကထမီကို ဝင်ခိုးတတ်သလို အထက်တန်းစားများကလည်း ပန်ကာအောက်တွင်ထိုင်ပြီး စာရင်းလိမ်ကာ အချိုးကြီးခိုးတတ်လာကြသည်။



စင်စစ်ခိုးတတ်၊ ဖွက်တတ်၊ လိမ်တတ်သော အကျင့်သည် မြန်မာတို့၏ အကျင့်မဟုတ်၊ မြန်မာပြည်ကို နိုင်ထက်စီးနင်း ဝင်ရောက်သိမ်းပိုက်ကြသည့် နယ်ချဲ့အင်္ဂလိပ်နှင့် ထိုစဉ်အချိန်က မြန်မာပြည်တွင်းသို့ တံခါးမရှိ၊ ဓားမရှိဝင်ရောက်ခဲ့သော နိုင်ငံခြားသားတို့၏ အကျင့်သာဖြစ်ပေသည်။

နယ်ချဲ့တို့ဝင်ရောက်အုပ်ချုပ်လိုက်သည့်အတွက် မြန်မာပြည်သည် အိုးအိမ်၊ တိုက်တာ၊ အဆောက်အဦများနှင့်အတူ အကျင့်စာရိတ္တပါ ပျက်စီးသွားခဲ့ရသည်။ ပျက်စီးသွားသော အိုးအိမ်၊ တိုက်တာ အဆောက်အဦများကို ပြန်လည်ပြုပြင်နိုင်ခဲ့ပြီဖြစ်သော်လည်း ပျက်စီးသွားသော အကျင့်စာရိတ္တကိုကား လွယ်လွယ်နှင့်ပြန်၍ ပြုပြင်ဖို့မလွယ်ကူပေ။

သို့သော် မဖြစ်နိုင်သော အရာကားမဟုတ်၊ ပျက်အစဉ် ပြင်ခဏဟူသော စကားအတိုင်း ဇွဲသန်သန်နှင့် ပြုပြင်လျှင် ရနိုင်သည်သာ။ အောက်ခံဖောင်ဒေးရှင်းမရှိဘဲ တိုက်တည်လျှင် ခဏနှင့် ပြိုကျပျက်စီးရသကဲ့သို့ စာရိတ္တဟူသော မဏ္ဍိုင်မခိုင်မာဘဲ နိုင်ငံတစ်ခု တိုးတက်အောင် တည်ဆောက်မည်ဆိုလျှင်လည်း ခဏသာရမည် ဖြစ်ပါသည်။

အချို့နိုင်ငံကြီးများတွင် အရောင်းဆိုင်ကြီးများ ခင်းကျင်းထားသော်လည်း စောင့်ရှောင်းမည့်သူမရှိ၊ အချိန်မှန် ပြေးဆွဲနေသော ရထားကြီးများရှိသော်လည်း လက်မှတ်စစ်မရှိ၊ ဝယ်မည့်သူ၊ စီးမည့်သူများသည် တန်ရာတန်ကြေးပေးပြီး ဝယ်သွားကြသည်၊ စီးသွားကြသည်။ ခိုးဘို့အခွင့်အလမ်းကြုံသော်လည်း မခိုးယူကြ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မခိုးယူခြင်းဖြင့် ဘာအကျိုးရှိသနည်းဆိုငြားအံ့။ ထိုနိုင်ငံများသည် ကမ္ဘာပေါ်တွင် လက်ချိုးရေတွက်၍ ရနိုင်သော ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်နေရခြင်းသည် စာရိတ္တမဏ္ဍိုင် မြဲခိုင်ခြင်း၏ ကောင်းကျိုးပင်ဖြစ်ပါတော့၏။

ထိုကဲ့သို့သော် စာရိတ္တမျိုးကို ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲသားနိုင်ငံများတွင် မတွေ့ရခြင်းကို ထောက်သောအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးတစ်ခုဖြစ်ရန် စာရိတ္တသည် အရေးအကြီးဆုံးဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ကြောင့် မိမိနိုင်ငံကို တကယ်တိုးတက်စေချင်လျှင် မိမိကိုယ်ကစ၍ ပြုပြင်ရပါမည်။ ငါတစ်ယောက်တည်းမပြုပြင်ရုံနဲ့ ဘာမှမဖြစ်လောက်ပါဘူး။ ပြုပြင်မည့်သူတွေအများကြီး ရှိပါတယ်ဆိုပြီး ပေါ့ပေါ့တန်တန်နေလိုက်မည်ဆိုလျှင် ကချင်ကျေးရွာတစ်ရွာမှ ခေါင်ရည်သောက်ပွဲတစ်ခုကဲ့သို့ ဖြစ်သွားပါလိမ့်မည်။

ထိုရွာမှ ရွာသူကြီးက စုပေါင်းခေါင်ရည်သောက်ပွဲ ကျင်းပမည်ဖြစ်သဖြင့် လူတစ်ယောက်လျှင် ခေါင်ရည်တစ်အိုးယူလာပြီး အခမ်းအနားအလယ်မှာချထားသည့် ရာဝင်အိုးကြီးထဲသို့ လောင်းထည့်ကြရန် နှိုးဆော်လိုက်သည်။ ထိုအချိန်တွင် လူလည်တစ်ယောက်က တစ်ရွာလုံးရှိသမျှလူတွေ ခေါင်ရည်တစ်အိုးစီယူလာကြမှာဘဲ ငါတစ်ယောက်တည်း ရေထည့်သွားရုံနဲ့ ဘာမှ မသိသာလောက်ပါဘူးဟုတွေးပြီး ရေကိုသာယူလာပြီး ရာဝင်အိုးထဲ လောင်းထည့်လိုက်သည်။

အခမ်းအနားစသောအခါ ခေါင်ရည်အိုးကြီးကို ဖွင့်လိုက်သည်နှင့် အားလုံးရေများ ချည်းဖြစ်နေလေသည်။ ထို့ကြောင့် ခေါင်ရည်သောက်ပွဲအခမ်းအနားလည်း ပျက်သွားလေသည်။ ထိုကဲ့သို့



မဖြစ်အောင် စာရိတ္တကို မိမိကိုယ်တိုင်က အရင်ဆုံးပြုပြင်ဖို့ အရေးကြီးလှပါသည်။

နိဂုံးချုပ်ဆိုပါအံ့၊ မြန်မာတို့သည် မခိုးတတ်၊ မဖွက်တတ်၊ မလိမ်တတ်ပါ။ ထို့ကြောင့် ခိုးတတ်၊ ဖွက်တတ်၊ လိမ်တတ်သောသူများသည် မြန်မာမဟုတ်ပါ။ မြန်မာမစစ်ပါ။ ဤစာအုပ်၌ မခိုးတတ်၊ မဖွက်တတ်၊ မလိမ်တတ်သော မြန်မာစင်စစ်များ၏ မခိုးပုံ၊ မလိမ်ပုံ တကယ်ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင်ကြိုးစား၍ ရေးသားထားပါသည်။

မေတ္တာရှင်(ရွှေပြည်သာ)

ရွှေဂုဏ်၊ ငွေဂုဏ်၊ ရာထူးဂုဏ်သည်၊
လူ့ဘုံလောက၊ အကာမျှတည့်၊
သူက ငြူစူ၊ မကြည်ဖြူ၍၊
ခွာယူလိုက၊ ခွာ၍ရ၊
ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်၊
လူ့ဘုံလောက၊ နှစ်သာရတည့်၊
သူကငြူစူ၊ မကြည်ဖြူလည်း၊
ခွာယူမရ၊ ကွာမကျ။

(ဇော်ဂျီ)

www.burmeseclassic.com

www.burmeseclassic.com



## စာရိတ္တသတ္တိ

"မီးဟော့ . . . မီး၊ မီးဆိုတဲ့ အသံနဲ့အတူ ကျုပ်ရင်ဘတ်ပူကနဲတစ်ချက်ဖြစ်သွားလို့ ရုတ်တရက်ထထိုင်မိလျက်သား ဖြစ်သွားတယ်။ ရှေ့မှာ လုံးလုံးထင်မှတ်မထားတဲ့ အနီဋ္ဌာရုံမြင်ကွင်းတစ်ခုကို ကျုပ်မြင်လိုက်ရတော့ "ဟာ . . . သွားပါပြီ"ဆိုတဲ့ မချိတင်ကဲစကားလုံးဟာ ကျုပ်နှုတ်က အလိုလိုပွင့်အန်ကျသွားတယ်။

ကြည့်ပါဦးဗျာ၊ ရိတ်သိမ်းခါနီး စပါးခင်းတွေကို မီးတောက်မီးလျှံတွေက ဝါးမျိုနေလိုက်တာ လကိုရာဟုအသူရိန်ဖမ်းတာမျိုးထက်တောင် ပိုမြန်နေမလားမသိဘူး။

(မှတ်ချက်) ရာဟုအသူရိန်နတ်မင်းကြီး၏အရပ်သည် ယူဇနာလေးသောင်းရှစ်ထောင်မြင့်သည်။ မျက်ခုံးမွေးနှစ်ခုကြား အကွာအဝေးသည် ယူဇနာငါးဆယ်ရှိသည်။ သူ၏ လက်ဆစ်တစ်ခုသည်ပင် ယူဇနာငါးဆယ်ရှိသည်။ သမုဒ္ဒရာအတွင်းဆင်းလိုက်လျှင် ရေသည် သူ၏ ခြေသလုံးခန့်သာရောက်သည်။ တစ်ယူဇနာသည် ယခုခေတ် မိုင်အားဖြင့် ဆယ်မိုင်ခန့်ရှိသည်။

မီးလောင်ရာလေပင့်ဆိုတဲ့ စကားအတိုင်း တောင်လေကခပ်ကြမ်းကြမ်းတိုက်လိုက်ပြန်တော့ စပါးတစ်ဧကကို မီးလောင်လိုက်တာ သုံးလေးမိနစ်တောင်ကြာမယ်မထင်ပါဘူး။ ကောင်းကင်တစ်ပြင်လုံးလည်း မီးခိုးလုံးတွေနဲ့ မည်းမှောင်သွားတာပဲ။ ကျုပ်ဘာတတ်နိုင်မှာလည်း လယ်ကန်သင်းဘေးက ရေကိုခပ်ပြီး လက်လှမ်းမှီသလောက်နေရာကို လှမ်းပက်ပေးနေရုံဘဲ ရှိတာပေါ့။

အနီးအနားလယ်တဲကလုပ်ဖော်ကိုင်ဖက်တွေရော နီးစပ်ရာရွာကလူတွေပါ အပြေးအလွှားရောက်လာကြပါတယ်။ ဒါပေမယ့်



ကွင်းထီးထီးထဲက မီးတောက်တွေကို သူတို့ဘယ်လို ငြိမ်းသတ်နိုင်မှာလည်း လှမ်းကြည့်နေရုံပဲရှိတော့တာပေါ့။ လယ်ငါးဧကကျော်လောက်လောင်ပြီးတဲ့အချိန်မှာပဲ တိုက်နေတဲ့လေဟာ ချက်ခြင်းရပ်သွားတယ်။

လေတိုက်ရပ်တာနဲ့ မီးလောင်လည်း ရပ်သွားတာပေါ့။ ဒါပေမယ့် ကျုပ်ရင်ထဲမှာတော့ စိတ်အပူမီးတွေက ဆက်လောင်နေတုန်းပါ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်နေပြီး ဒီလောက်တောင် ခံစားနေရသလား၊ ပစ္စည်းသခင်္ခါရ၊ လူသခင်္ခါရပဲဆိုပြီး တရားနဲ့ဖြေလိုက်ရောပေါ့လို့ တစ်ချို့လူတွေကတော့ ပြောမှာပေါ့။

ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကျုပ်အနေနဲ့ ဘယ်လိုမှ ဖြေနိုင်စရာလမ်းမမြင်မိပါဘူး။ ဒီလိုဆိုတော့ ငါ့ပစ္စည်းဆိုတဲ့ အစွဲအလန်းလောဘ ကြီးလှချေလားလို့ အပြစ်မတင်လိုက်ကြပါနဲ့ဗျား။ ကိုယ့်ပစ္စည်းမဟုတ်လို့ကို တရားနဲ့မဖြေနိုင်တာပါလို့ပြောရင် ခင်ဗျားတို့ နားရှုပ်သွားမယ်ထင်တယ်။ သေချာရှင်းပြရရင် ကျုပ်က လယ်ပိုင်၊ ယာပိုင်မရှိတဲ့ ဆင်းရဲသားပါ။

သူများလယ်မှာ နေ့စား၊ လစားနဲ့လုပ်ရတဲ့သူပါ။အခုမီးလောင်သွားတဲ့ လယ်တွေက ကျုပ်တို့ကုန်းမနဲရွာက လယ်ပိုင်ရှင်ကိုသန်းလွင်ရဲ့ လယ်တွေပါ။ လယ်ပိုင်ရှင်လို့ ပြောတာထက် လယ်သမားလို့ပြောတာက ပိုမှန်မယ်လို့ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကိုသန်းလွင်ဟာ အလုပ်သမားသုံးယောက်လောက် ငှားပြီး လယ်ဧက ခြောက်ဆယ်ကျော်ကို လယ်သိမ်းချိန်အထိ ကိုယ်တိုင် အပင်ပန်းခံလုပ်တတ်လို့ပါဘဲ။

အဲသလို ကြိုးစားလုပ်ကိုင်လို့လဲ သာမန်လယ်သမားလေးဘဝကနေ ဧကခြောက်ဆယ်ကျော်ပိုင်ဆိုင်နေတဲ့ လယ်ပိုင်ရှင် လည်း

www.burmeseclassic.com

www.burmeseclassic.com



သမားကြီးဖြစ်လာခဲ့တာပါပဲ။ သူ့နာမည်က သန်းလွင်၊ ကျုပ်နာမည်က ဆန်းလွင်၊ နာမည်ချင်းဆင်ပေမယ့် ဘဝချင်းကတော့ ဘယ်လိုမှ ယှဉ်လို့မရခဲ့ပါဘူး။ နဂိုကမှ ဆင်းရဲလွန်းလို့ မျက်နှာငယ်နေရတဲ့ အထဲ ခုတစ်ခါ မီးလောင်မှုနဲ့ ထောင်ကျဦးမယ်ဆိုရင်တော့ ကျုပ်ဘဝက ရှေ့ဆက်ကောင်းနိုင်စရာလမ်း မမြင်တော့ပါဘူး။

စပါးတင်းငါးရာကျော် ငွေနှစ်သိန်းခွဲကျော်ဖိုးလောက်ကို မီးလောင်အောင်လုပ်ခဲ့မိတဲ့ ကျုပ်ရဲ့အပြစ်ကိုလည်း ကိုသန်းလွင်အနေနဲ့ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။ သူ့နေရာမှာ ကျုပ်ရှိနေရင်လည်း ဒီအပြစ်ကြီးမျိုးကို ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါ့ကြောင့် ကျုပ်ကို ထောင်ချလည်း သူ့ကို စိတ်ဆိုးစရာမလိုဘူး။

ခဏနေတော့ ကိုသန်းလွင်ရောက်လာတယ်။ တင်းမာနီရဲနေတဲ့ မျက်နှာကြီးနဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီးဆိုလိုက်၊ ပြောလိုက်မယ်လို့ထင်ထားတဲ့ အထင်က အခုတော့ ပါစင်အောင်လွဲရပြီလေ။ ကြည့်ပါဦး၊ သူ့မျက်နှာမှာ စိတ်မကောင်းဖြစ်တဲ့အမူအရာလေးတစ်ခုကိုသာ မထင်မရှားတွေ့ရတယ်။ ဒေါသအရိပ်အယောင်တစ်ခုမှ မတွေ့ရဘူး။ တည်ငြိမ်ပါပေ့ ကိုသန်းလွင်ရယ်။

ငါ့လယ်တွေတော့ကုန်ပါပြီဆိုတဲ့အတွေးနဲ့ မီးလောင်ပြင်ကို အရင်ကြည့်မယ်ထင်တာ၊ မဟုတ်ဘူးဗျို့။ ကျုပ်တစ်ကိုယ်လုံးကို သေချာကြည့်ပြီး မေးလိုက်တယ်။

"ကိုဆန်းလွင်၊ ခင်ဗျားရော ဒဏ်ရာရသေးသလား"

"ကျုပ်တော့ ဘာဒဏ်ရာမှ မရပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျားရဲ့ လယ်ငါးဧကလောက်တော့ ပျက်စီးသွားရပြီဗျာ။ ဒါ ကျုပ်ပေါ့ဆလို့ဖြစ်ရတဲ့အပြစ်ပါ။ ကျုပ်ကိုခွင့်မလွှတ်ပါနဲ့။ ထောင်သာတစ်ခါတည်းချလိုက်ပါ။ ကျုပ်ကျူးလွန်မိတဲ့အပြစ်ကို ကျုပ်ခန္ဓာကိုယ်နဲ့ပဲ



ပြန်ဆပ်မယ်။ အသပြာငွေနဲ့ ကျုပ်မပေးဆပ်နိုင်ဘူးမဟုတ်လား"

"တော်ပါ၊ ကိုဆန်းလွင်ရာ ဒါလောက်လေးဖြစ်တာနဲ့ ကျုပ်မွဲမသွားပါဘူး။ ဒီအတွက် ခင်ဗျားစိတ်မကောင်းမဖြစ်ပါနဲ့။ ဒါနဲ့နေပါဦး ဘယ်လိုကနေ စလောင်သွားတာလဲ"

"လယ်ကန်သင်းထဲက ငါးရတာနဲ့၊ မီးကင်ပြီး ထမင်းနဲ့စားလိုက်တယ်ဗျာ။ အဲဒါ ဖိုထားတဲ့မီးကို သေချာမငြိမ်းပဲ အိပ်ပျော်သွားတယ်။ လေတိုက်ပြင်းတော့ မီးကြွင်းမီးကျန်က တစ်ဆင့်လောင်သွားတာပါပဲ"

"အေးဗျာ၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ နောင်ဒီလိုမဖြစ်အောင် သတိထားပေါ့ဗျာ။ ကဲလာ။ ကျုပ်တို့ကိုယ်တိုင် မြို့ပေါ်သွားပြီး ဆိုင်ရာကို အကြောင်းကြားရအောင် သူများသွားတိုင်မှ သိရင်ပိုအပြစ်ကြီးနေလိမ့်မယ်။"

ထန်းတစ်ပင်မြို့က ကျုပ်တို့ရွာနဲ့ သုံးမိုင်ကျော်ကျော်လောက်ပဲဝေးပါတယ်။ နဝတလက်ထက်မှာ ဖောက်လုပ်တဲ့ ကတ္တရာလမ်းကြောင့် ထန်းတစ်ပင်မြို့ရော၊ ရန်ကုန်မြို့ရောဟာ ကျုပ်တို့ရွာနဲ့က အိမ်ဦးနဲ့ကြမ်းပြင်လိုဖြစ်နေပါပြီ။ မြို့ပေါ်ကဆိုင်ရာကိုရောက်တော့လည်း ကိုသန်းလွင်ရဲ့ ငွေမျက်နှာ၊ လူမျက်နှာကြောင့် အားလုံးအဆင်ပြေခဲ့ပါတယ်။

ကျုပ်အချုပ်လည်း မခံရဘူး။ ထောင်လည်းမကျဘူး။ ဒဏ်ငွေပဲဆောင်လိုက်ရတယ်။ ဒီဒဏ်ငွေကိုလည်း ကိုသန်းလွင်ပဲ ဆောင်ပေးခဲ့တယ်လေ။ မိမိရဲ့ဥစ္စာပစ္စည်းကို ပျက်စီးဆုံးရှုံးအောင်လုပ်ခဲ့တဲ့ လူတစ်ယောက်ကို အပြစ်မယူခွင့်လွှတ်တဲ့အပြင် ဥပဒေလမ်းကြောင်းအရ သက်သာခွင့်ရအောင် ငွေကုန်ကြေးကျခံပြီး ကြင်နာ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့လူမျိုးကို ကျုပ်ဘဝ အသက်လေးဆယ်ကျော်မှ ဒီတစ်ယောက်ပဲ တွေ့ဘူးသေးတယ်။

စောစောက ကျုပ်စကားလေးတစ်ခု ကျန်ခဲ့တယ်။ ကိုသန်းလွင်နဲ့ ကျုပ်နဲ့နာမည်ချင်းဆင်ပေမယ့် ဘဝချင်းယှဉ်လို့ မရဘူးဆိုတာလေ။ သူက လယ်ဧက ခြောက်ဆယ်ကျော်ပိုင်ဆိုင်တဲ့ လယ်သမားသူဌေးကြီး ကျုပ်ကတော့ ကိုယ်ပိုင်လယ်တစ်ဧကမှမရှိသေးတဲ့ နေ့စားလယ်သမားတစ်ယောက်၊ အသက်ချင်းကလည်းမကွာ၊ နာမည်ချင်းကလည်း ဆင်နေတဲ့၊ ရွာချင်းလည်းတူနေတဲ့ ကျုပ်တို့နှစ်ယောက်ဟာ ဘာ့ကြောင့် ချမ်းသာဆင်းရဲ ဒီလောက်ကွာရတာလဲဆိုတဲ့ မေးခွန်းကျုပ်အတွေးထဲမှာ ခဏခဏ ပေါ်လာတယ်။ ဖြေရိုးဖြေစဉ်အရတော့ ကံ၊ ဉာဏ်၊ ဝီရိယကွာလို့ပေါ့ဗျာ။ ဒါပေမယ့် ဒီအဖြေထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တစ်ခု ကိုသန်းလွင်မှာရှိနေတာကို ကျုပ်ကိုယ်တိုင်တွေ့ခဲ့ရတယ်။

ဒီအချက်ကြောင့်လည်း တော်တော်တန်တန်လူကို အထင်ကြီးလေးစားခဲ့တဲ့ ကျုပ်ဟာ ကိုသန်းလွင်ကိုတော့ အထင်ကြီးလေးစားရုံမကဘူး လူလူချင်းကြည်ညိုတဲ့စိတ်တစ်ခုပါ ပိုခဲ့ရတယ်။ ဒီအချက်လေးကို ပြောမပြခင်မှာ ပြည့်ပြည့်စုံစုံဖြစ်သွားအောင် ဆရာအောင်သင်းရဲ့ ကိုယ်ကျင့်တရားအကြောင်းဟောချက်ထဲက သတ္တိသုံးမျိုးကို ပြန်လည်ဖောက်သည်ချချင်ပါတယ်။

ကိုသန်းလွင်မှာရှိတဲ့ ထူးခြားချက်တစ်ခုဆိုတာလည်း ဒီသတ္တိသုံးမျိုးထဲမှာ ပါနေလို့ပါ။



# သတ္တိသုံးမျိုး

သတ္တိသုံးမျိုးက ကာယသတ္တိ၊ စိတ္တသတ္တိ၊ စာရိတ္တသတ္တိတို့ပါဘဲ၊ ဒီသုံးမျိုးထဲမှာ ထိုးတယ်၊ ခုတ်တယ်၊ ရိုက်တယ်ဆိုတဲ့ ကာယသတ္တိဟာ အလွယ်ဆုံးပါပဲ။ လေ့ကျင့်ပျိုးထောင်ယူလို့လည်း အလွယ်တကူနဲ့ရပါတယ်။ ဥပမာဗျာ၊ ကြောက်တတ်တဲ့ ရန်ဖြစ်တိုင်းငိုလာရတတ်တဲ့ ကလေးတစ်ယောက်ကို သိုင်း၊ ကရာတေးတစ်ခုခုသာသင်ပေးလိုက်၊ ဘယ်သူမှ မကြောက်တတ်တော့တဲ့အပြင် ထစ်ကနဲရှိ ရန်ချည်းဖြစ်နေလို့ မနည်းလိုက်ထိန်းနေရလိမ့်မယ်။

ဒါ့ကြောင့် ကာယသတ္တိက အလွယ်ဆုံးလို့ပြောတာပါ။ သူ့ထက်ပိုခက်တာက စိတ္တသတ္တိပါ။ ကိုယ်က အနိုင်ယူလို့ရရဲ့သားနဲ့ အနိုင်မယူဘဲ အလျှော့ပေးလိုက်တာမျိုးပါ။ ဒါနဲ့ပတ်သက်ပြီး မှတ်သားထားတာတစ်ခုရှိတယ်။ ရုပ်ရှင်ကားတွေမှာ ဖိုက်တင်ကားတွေကို နည်းပြတဲ့ သိုင်းဆရာကြီး ဦးပြည်သိန်းအကြောင်းပါ။

တစ်ခါတော့ ဆိုင်ထဲမှာ အရက်သောက်နေတဲ့ ဦးပြည်သိန်းကို အရက်သမားအချို့က သိုင်းဆရာမှန်းမသိကြတော့ မထိတထိရန်စကြတယ်။ ဘယ်လိုမှစမရတော့ ဦးပြည်သိန်းသောက်နေတဲ့မှာချထားတဲ့ အမှိုက်တောင်းကို ပစ်ကန်သွားကြသတဲ့၊ အမှိုက်တွေဟာ ဦးပြည်သိန်းကိုယ်ပေါ် စင်ကုန်တာပေါ့။ ဒါလဲ ဘာမှမပြောဘူးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အတူပါလာတဲ့ မိတ်ဆွေတွေက "ဦးပြည်သိန်းဒီလောက် ဖြစ်လှတာ နည်းနည်းလောက် ပညာပြလိုက်စမ်းပါဗျာ"ဆိုတော့ ဘာပြောတယ်မှတ်လဲ "ဟာ . . . ကိုယ်လုပ်လိုက်ရင် ခံသွားရမယ် ဆိုတာ သိရဲ့သားနဲ့ မလုပ်ချင်ပါဘူးဗျာ။ ရှက်စရာကြီး"တဲ့ အဲဒါမျိုးက စိတ္တသတ္တိပေါ့။ ကာယသတ္တိထက် သူက ပိုခက်သွားပြီလေ။

ဒီနှစ်ခုထက်ပိုခက်သွားတာကတော့ စာရိတ္တသတ္တိပါ၊ ရာထူး၊ အာဏာ၊ ဥစ္စာစတဲ့အရာအားလုံးကို မတရားတဲ့နည်းနဲ့တော့ ဘယ်တော့မှမယူဘူးဆိုတဲ့ သတ္တိမျိုးပေါ့။ ဒီစာရိတ္တသတ္တိမျိုး ကိုသန်းလွင်မှာ အပြည့်ရှိနေတာကို ကျွန်တော်ကိုယ်တိုင် တအံ့တသြ တလေးတစား တွေ့ကြုံသိမြင်ခဲ့ရပါတယ်။

× × × × ×

အဲဒီနေ့ကို ကျုပ်တစ်သက်ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့ကပါ။ အင်္ဂလန်က ဂျန်တဲလ်မန်းလို့ သတ်မှတ်ခံရတဲ့သူတွေထက် သာလွန်တဲ့ မြန်မာအမျိုးသားတွေ အများကြီးရှိနေပါတယ်ဆိုတာ သေချာပြောပြချင်လွန်းလို့ ကျုပ်မှတ်စုစာအုပ်ထဲမှာ အသေအချာ ရေးမှတ်ထားတာပါ။

အဲဒီနေ့က ကျုပ်တို့ရွာနဲ့ မလှမ်းမကမ်းက ဖိုးပြားကုန်းဆိုတဲ့ ရွာကို ကျုပ်နဲ့ ကိုသန်းလွင်တို့နှစ်ယောက် ရောက်သွားကြတယ်။ ကိစ္စကတော့ စောဖိုးထီဆိုတဲ့ ကရင်လယ်သမားကြီးတစ်ယောက် ဆီမှာ လယ်ထွန်စက်တစ်စီးရောင်းစရာရှိတယ်ကြားလို့ သွားကြည့်ကြတာပါ။ ကိုသန်းလွင်က အင်ဂျင်တွေ၊ မော်တာတွေ အတော်အတန် ပျက်တာလောက်တော့ ကိုယ်တိုင်ပြင်နိုင်ပါတယ်။

ဖိုးပြားကုန်းရွာထဲ ဝင်လိုက်တာနဲ့ စောဖိုးထီတို့အိမ်ကို ရောက်တာပါဘဲ။ သူတို့အိမ်က ရွာထိပ်မှာကိုး၊ အိမ်ရှေ့ကွပ်ပျစ်မှာ ရေနွေး



သောက်နေတဲ့ စောဖိုးထီကိုလည်း အသင့်တွေ့လိုက်ရပါတယ်။ စောဖိုးထီဟာ အသက် ၆၀ နီးပါးလောက်ရှိပြီဖြစ်ပေမယ့် သန်တုန်းမြန်တုန်းပါ။ ကျုပ်တို့ကို မြင်လိုက်တာနဲ့ စောဖိုးထီရဲ့မျက်နှာဟာ ဝင်းထိန်သွားတယ်။ ထွန်စက်လာဝယ်တာလို့ သိနေလို့ဖြစ်မှာပါ။

နှုတ်ကလည်း -

"ဟေး . . . သန်းလွင်တို့ပါလား၊ လာကြဟေ့၊ မြေပဲကြော်နဲ့ ရေနွေးသောက်ကြဦး"

"ဟား သောက်တာပေါ့၊ ဖထီးရာ မြေပဲကြော်က များရဲ့လား"

"လာစမ်းပါဆန်းလွင်ရာ၊ စကားများမနေစမ်းပါနဲ့၊ အလှကျွေးမှာမဟုတ်ဘူး၊ အဝကျွေးမှာကွ သိရဲ့လား"

ကျုပ်တို့နှစ်ယောက်သား ကွပ်ပျစ်ပေါ် ထိုင်ပြီး ရေနွေးသောက်ရင်းနဲ့ နွားတင်းကုတ်ထဲက လယ်ထွန်စက်ဆီကို မျက်လုံးရောက်သွားကြတယ်။ ဖထီးကလည်း သတိထားမိတယ်ထင်ပါရဲ့။

"သန်းလွင်၊ လယ်ထွန်စက်လိုရင် ဝယ်သွားပါလား၊ စက်ကတော့ ပျက်နေပြီ နင်က စက်ပြင်တတ်တာပဲ၊ ငါတော့ မပြင်တတ်လို့ ဒီအတိုင်းပစ်ထားတာ၊ တော်တော်ကြာသွားပြီ ဒုက္ခများလွန်းလို့ သုံးချင်စိတ်လဲမရှိတော့ဘူး"

"ဖထီးက ဘယ်လောက်နဲ့ရောင်းမှာတုန်း"

"ကိုယ့်ပစ္စည်းက ပျက်နေတာဆိုတော့ ဈေးလည်းမခေါ်ချင်တော့ပါဘူး။ နင်ပေးချင်သလောက်ပေးခဲ့။ အဲ တစ်နေ့က နင်တို့ရွာက ကိုမြင့်သိန်းဆိုတဲ့လူလာကြည့်သေးတယ်။ သူက လေးသောင်းပဲပေးတယ်။ ငါက ခုတ်မြေသြဇာဖိုးလေး အပြည့်ရသွားအောင် တစ်သောင်းလောက်တိုးတောင်းတာတောင် မပေးနိုင်ဘူးတဲ့။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါလည်း မရောင်းလိုက်တော့ဘူး။ ငါအစိုးရဆီက ထုတ်တော့ တစ်သိန်းရှစ်သောင်းတောင် ပေးထားရတာ"

ဖိုးသားလွန်းလှတဲ့ ဖထီးကတော့ ဝယ်တဲ့လူဈေးနှိမ်လို့ကောင်းအောင် အမှန်တွေချည်းပြောနေတော့တာပါပဲ။ ဟုတ်ပါတယ် ဖထီးပြောသလို အဲဒီအချိန်တုန်းက ထွန်စက်တွေ သိပ်ဈေးမကောင်းသေးပါဘူး။ အသုံးကလည်း နည်းကြသေးတာကိုး၊ ခုတပ်မတော်အစိုးရလက်ထက်ကျမှ နွေစပါး၊ မိုးစပါး၊ ဆောင်းစပါးလို့ သုံးသီးစားထိ စိုက်လာကြမှ လယ်ဧကများတဲ့သူတွေဟာ ထွန်စက်ကိုသုံးရကောင်းမှန်းသိလာကြတယ်။

နွားနဲ့ထွန်တာနဲ့စာရင် အချိန်ကုန်လူပမ်း အများကြီးသက်သာတာကိုး၊ ပြီးတော့ ထွန်စက်တစ်စီးရှိထားတာနဲ့ စွပ်ဖားဆွဲ၊ စပါးနယ်၊ ကျွတ်တိုက်၊ မြေညှိအကုန်လုပ်လို့ရတယ်မဟုတ်လား၊ လယ်ထွန်စက်အမျိုးအစားများစွာထဲက မြန်မာပြည်မှာ အသုံးအများဆုံးကတော့ လေးမျိုးပဲတွေ့ရတယ်။

အဲဒါတွေကတော့ မြန်မာပြည်ကထုတ်တဲ့ လယ်ယာ (၂)၊ လယ်ယာ (၁၂)၊ တရုတ်ပြည်ကထုတ်တဲ့ ဒေါင်ဖန်းရယ်၊ ဝွန်ဒေါင်းရယ်၊ စုစုပေါင်း လေးမျိုးပေါ့၊ အခု ဖထီးရောင်းမယ့်ထွန်စက်က ဝွန်ဒေါင်းအမျိုးအစားပါ။

"ကဲ နည်းနည်းကြည့်လိုက်ဦးမယ်၊ ဖထီးရာ"

"အေး . . . အေး . . . ကြည့်ကြည့်၊ စိတ်ကြိုက်ကြည့်၊ ငါဝယ်ထားတာ ဘာမှမရှိသေးဘူး (၁)နှစ်ကျော်ပဲ ရှိသေးတယ်"

နွားတင်းကုပ်ထဲရောက်လို့ကြည့်လိုက်တော့ ဂရုမစိုက်ပဲ ပစ်ထားတဲ့အတွက် ထွန်စက်ဟာ သံချေးတွေတောင်တက်နေပါပြီ။



ပြီးတော့ ပျက်လည်းပျက်နေသေးတယ်ဆိုတော့ ကိုမြင့်သိန်းတို့ ဈေးနှိမ်မယ်ဆိုရင်လည်း နှိမ်ချင်စရာပေါ့ဗျာ။

ပစ္စည်းမှာ အဟောင်းဈေး၊ အပျက်ဈေးလို့ နှစ်မျိုးရှိတယ်မဟုတ်လား၊ အဟောင်းဈေးဆိုတာကတော့ ဝယ်ပြီးတစ်ရက်သာရှိနေပါစေ။ အဲဒီပစ္စည်းဟာ အဟောင်းဖြစ်သွားတာဘဲ၊ ကိုယ်မလိုချင်လို့ ပြန်ရောင်းချင်တယ်ဆိုရင် မူလတန် ကြေးထက် သုံးပုံပုံတစ်ပုံတော့လျှော့ပေးရတာပဲ၊ အပျက်ဈေးကတော့ ဒီထက်ဆိုးသွားပြီ။

နည်းနည်းပျက်ပျက်၊ များများပျက်ပျက်၊ အပျက်ဈေးနဲ့ ရောင်းရပြီဆိုရင်တော့ ဝယ်တဲ့သူဟာ တန်ရာတန်ကြေး သုံးပုံပုံ တစ်ပုံတောင် မပေးချင်တော့ဘူးလေ။ ဒီသဘောတရားဟာ ဝယ်ပြီးပစ္စည်းအားလုံးရဲ့ နိယာမဖြစ်စဉ်တစ်ခုလို ဖြစ်နေပါပြီ။ ခဏကြာတော့ အင်ဂျင်ကို စေ့စေ့စပ်စပ်ကြည့်နေတဲ့ ကိုသန်းလွင်ဆီက စကားသံထွက်လာတယ်။

"ကိုဆန်းလွင်ရေ စက်က အကောင်းကြီးရှိသေးတယ်ဗျ။ ပဒေါက်အိုးထဲက အင်ဂျင်ဝိုင်သွားတဲ့ လိုင်းပိုက်ပေါက်သွားတာဗျာ တခြားဘာမှဖြစ်တာမဟုတ်ဘူး။ ဒါလေးပြင်လိုက်တာနဲ့ အကုန်အကောင်းပဲ"

ကျုပ်က ကိုသန်းလွင်ရဲ့စကားကို ဖထီးများကြားသွားသလားလို့ စိုးရိမ်တကြီးလှမ်းကြည့်လိုက်တယ်။ ဖထီးက သူ့ပစ္စည်းအပေါ် မျှော်လင့်ချက်သိပ်ထားဟန်မတူပါဘူး။ နွားတင်းကုပ်ထဲ လိုက်မလာတဲ့အပြင် အိမ်ထဲဝင်သွားတာတောင် တွေ့လိုက်ရတယ်။ ဒါဆိုရင် ကိုသန်းလွင်ပြောတာ ဘယ်လိုမှ မကြားနိုင်တာ သေချာသွားပြီလို့ စိတ်ချရမှကျုပ်က -

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ ကိုသန်းလွင်ခင်ဗျားပွတာပဲပေါ့၊ ဖထီး စကားကို အကဲခတ်ကြည့်ရတာ ငါးသောင်းလောက်နဲ့ရရင် ရောင်း တော့မယ့်သဘောဗျာ၊ ပုံစံကြည့်ရတာ သူ့စပါးခင်းတွေ မြေသြဇာ ကျွေးဘို့တောင် ငွေအခက်အခဲရှိနေပုံရတယ်"

ကျုပ်စကားဟာ လယ်ထွန်စက်ကို ဈေးနှိမ်ပေးဘို့ လမ်း ကြောင်းပေးနေမှန်း ကျုပ်သိသလို ကိုသန်းလွင်လည်းသိမှာပါ။ ကျုပ် ဝမ်းသာတယ်။ ကျုပ်ကျေးဇူးရှင်တစ်ယောက် ပစ္စည်းကောင်းတစ်ခု ကို လျှော့ဈေးနဲ့ရသွားတာ ဘယ်လူဝမ်းမသာဘဲရှိမလဲဗျာ။

ဒါပေမယ့် ကိုသန်းလွင်က ကျုပ်စကားကို ထောက်လည်း မထောက်ခံသလို ကန့်လည်းမကန့်ကွက်ခဲ့ဘူး။ ထူးထူးခြားခြား ကရုဏာသက်တဲ့ မျက်ဝန်းနဲ့ ကျုပ်ကို တစ်ချက်စိုက်ကြည့်လိုက်တာ ကိုတော့ သတိထားလိုက်မိတယ်။ ကိုသန်းလွင် ကျုပ်ကို သနားတာ ဟာ ဥစ္စာခနဆင်းရဲလို့မဟုတ်ဘဲ စာရိတ္တဆင်းရဲလို့သာဖြစ်ကြောင်း ဖိုးပြားကုန်းရွာကအပြန်မှ ကျုပ်သိလိုက်ရတယ်။

ဒီအချိန်မှာဘဲတင်းကုပ်ထဲဝင်လာတဲ့ ဖထီးကိုကိုသန်းလွင်က-

"ဖထီး၊ ဖထီးရဲ့ထွန်စက်ကို ကျွန်တော်တစ်သိန်းပေးပါ့မယ်၊ ဖထီးရောင်းမယ်မဟုတ်လား"

"ဟာ . . . ရောင်းတာမှ ဟိုဘက်တောင်လွန်သွားသေးတယ်၊ ဒါနဲ့ နင်ကတကယ်ကို တစ်သိန်းပေးမှာလား"

ဖထီးက မယုံတဝက် ယုံတစ်ဝက်နဲ့ ပြန်မေးတယ်။

"တကယ်ပါ ဖထီးရာ၊ အခုပဲ အိမ်ပြန်ပြီး ငွေယူပေးမှာပါ။ ပြီးတော့ ဖထီးစက်က အများကြီးပျက်တာမဟုတ်ဘူး။ ကျွန်တော် ပြင်လိုက်ရင် ခဏလေးနဲ့ ကောင်းသွားမှာ"



ကိုသန်းလွင်ပြောတာကို ပါးစပ်အဟောင်းသားနဲ့ တအံ့တသြ နားထောင်နေတဲ့ ဖထီးဟာ အနားကိုကပ်သွားပြီး ကိုသန်းလွင် တစ်ကိုယ်လုံးကို သိမ်းဖက်လိုက်တာကို တွေ့ရတယ်။ ဖထီးနှုတ် ကလည်း

"သန်းလွင် နင်သိပ်ရိုးသားတယ်၊ သိပ်စိတ်ကောင်းရှိတယ်၊ နင်ဒီထက်ချမ်းသာဦးမှာပဲသိလား"တဲ့၊ ဒီလိုနဲ့ဘဲ ဖထီးရဲ့ထွန်စက် ဟာ တစ်သိန်းနဲ့ဈေးတည့်သွားခဲ့တယ်။

× × × × ×

ကျုပ်တို့နှစ်ယောက် ဖိုးပြားကုန်းရွာက ပြန်ခဲ့ကြတော့ လမ်းမှာ ကျုပ်စိတ်ထဲ ဘယ်လိုမှ မရှင်းလင်းတဲ့အချက်တစ်ခုကို မေးဖြစ် အောင်မေးလိုက်မိတယ်။

"ဒါနဲ့ ကိုသန်းလွင်၊ ဒီလယ်ထွန်စက်တစ်သိန်းထိတန်တယ် ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ဖထီးလည်းမသိဘူး၊ ပါလာတဲ့ ကျုပ် လည်းမသိဘူး၊ အဲဒီတော့ သူ့ခေါ် သလောက် ငါးသောင်းပေးလည်း ရတာပဲမဟုတ်လား၊ အဲဒါ ဘာပြုလို့ တစ်သိန်းတောင်ပေးလိုက် ရတာလဲ"

"ဟုတ်ပါတယ်၊ ဒီလယ်ထွန်စက်တစ်သိန်းထိတန်တယ်ဆိုတာ ဖထီးလည်းမသိဘူး၊ ကိုဆန်းလွင်လည်းမသိဘူး၊ တခြားဘယ်သူမှ လည်း မသိဘူး၊ ဒါပေမယ့် ကျုပ်ကိုယ်တိုင်ကတော့ သေချာသိနေ တယ် မဟုတ်လား"

"ခင်ဗျားဖာသာသိလို့ ဘာမှမဖြစ်ပါဘူး၊ သူတစ်ပါးသိမှသာ အပြစ်တင်ကဲ့ရဲ့ခံရမှာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မှားလိုက်လေ ကိုဆန်းလွင်ရယ်၊ သူတစ်ပါးဖြစ်တင်တဲ့ရဲ့တာထက် ကိုယ့်ကိုယ်ကိုပြန်ပြီး ဖြစ်တင်ကဲ့ရဲ့တာက ပိုဆိုးတယ်ဗျ။ ခင်ဗျားနားရှုပ်သွားပြီထင်တယ်"

"နားရှုပ်ယုံမကဘူးဗျ၊ ဘာကိုမှနားမလည်တော့တာ အကျယ်ချဲ့ပြီး ရှင်းပြပါလား"

"ဒီလိုဗျ၊ ခင်ဗျားတို့ ကျုပ်တို့မှာ ဆိုက်ရောက်နိုင်တဲ့ ဘေးနှစ်မျိုးရှိတယ်။ အတ္တာနုဝါဒဘေးနဲ့ ပရာနုဝါဒဘေးဆိုတာပဲ၊ အတ္တာနုဝါဒဘေးဆိုတာ မိမိကို မိမိပြန်ပြီး စွပ်စွဲကဲ့ရဲ့တာ၊ ပရာနုဝါဒဘေးဆိုတာက သူတစ်ပါးကလာပြီး စွပ်စွဲကဲ့ရဲ့တာ"

"အပေါ်ယံကြည့်ရင်တော့ ပရာနုဝါဒဘေးက ပိုပြီးကြောက်စရာကောင်းတယ်လို့ ထင်စရာပေါ့။ တကယ်ကျတော့ အတ္တာနုဝါဒဘေးကမှ ပိုပြီးကြောက်စရာကောင်းတာဗျ၊ ဘာကြောင့်လဲဆိုတော့ သူတစ်ပါးက စွပ်စွဲကဲ့ရဲ့တဲ့ ပရာနုဝါဒဘေးဆိုတာကတော့ ခင်ဗျားတို့ ကျုပ်တို့မပြောနဲ့ အတိတ်ကံပါလာရင် ဘုရား၊ ရဟန္တာတောင်မလွတ်ဘူး"

"ခင်ဗျား စဉ်းစားကြည့်လေ၊ ကိလေသာကုန်ပြီးတဲ့ဘုရား၊ ရဟန္တာတွေ မိန်းမရှုပ်တယ်ဆိုတာ ရှိပါ့မလားဗျာ"

"ကြုံကြိုးစည်ရာဗျာ၊ ဘယ်လိုလုပ်ရှိနိုင်ပါ့မလဲ"

"ဒါပေမယ့် အတိတ်က ဝဋ်ကြွေးပါလာရင် အခုဘဝမှာ ဘယ်လောက်စင်ကြယ်စင်ကြယ်၊ ဘုရား၊ ရဟန္တာတွေလည်း မိန်းမနဲ့ စွပ်စွဲကဲ့ရဲ့ခံရတာပဲဗျာ၊ ကြည့်ပါလားဗျာ၊ ဘုရားရှင်ဆိုရင် စိဉ္စမာနနဲ့ တစ်ကြိမ်၊ သုန္ဒရီပရိဗိုဇ်မနဲ့တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တောင် စွပ်စွဲကဲ့ရဲ့ခံခဲ့ရတယ်"



"တစ်ခါ ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ်ခဲ့တဲ့ အရှင်ဒဗ္ဗဟာလည်း သုံးကြိမ်တိုင်တိုင် မိန်းမနဲ့စွပ်စွဲကဲ့ရဲ့ခံခဲ့ရတယ်၊ ဒါတွေ ထောက်ကြည့်သောအားဖြင့် ပရာနုဝါဒဘေးဟာ ဘုရားရဟန္တာတွေတောင် မလွတ်တဲ့နောက်မှာတော့ ခင်ဗျားတို့ ကျုပ်တို့မှာ ပြောစရာမရှိတော့ဘူး၊ တွေ့ကြုံကြရမှာပဲ"

"ကိုယ့်ဘက်က မှန်ကန်သန့်ရှင်းနေဘို့သာ အရေးကြီးပါတယ်၊ ကိုယ်က မှန်ကန်သန့်ရှင်းနေရက်နဲ့ ပရာနုဝါဒဘေးဆိုက်လာလို့ကတော့ ဘာမှ ကြောက်စရာမရှိဘူး၊ ဘယ်အပါယ်မှလည်း မကျဘူး"

"အဲ . . . အတ္တာနုဝါဒဘေးဆိုက်လာရင်တော့ အပါယ်သွားဘို့သာ ပြင်ပေတော့၊ ဘာ့ကြောင့်လည်းဆိုတော့ အတ္တာနုဝါဒဘေးဆိုတာ မဟုတ်မမှန်ပဲ ဘယ်လိုမှ မဆိုက်နိုင်လို့ပါပဲ"

"စဉ်းစားကြည့်လေဗျာ၊ သူတစ်ပါးသာလိမ်လို့ရတာ၊ မိမိကိုယ် မိမိတော့ ဘယ်လိုမှ လိမ်မရဘူးမဟုတ်လား၊ ကံသုံးပါးတစ်ပါးပါးနဲ့ မတရားလုပ်ခဲ့ရင် မိမိကိုယ်တိုင် အရင်ဆုံးသိတာပဲ၊ အဲဒီ အသိစိတ်က မင်းဟာ မတရားလုပ်ထားတဲ့ကောင်လို့ အမြဲတမ်း စွပ်စွဲကဲ့ရဲ့နေတော့တာပဲ"

"ဒီအတ္တာနုဝါဒဘေးကတော့ ဧကန်မုချအပါယ်ဆွဲချနိုင်ပါတယ်၊ ဒါ့ကြောင့် ပရာနုဝါဒဘေးထက် ပိုပြီးကြောက်စရာကောင်းတယ်လို့ ကျုပ်ပြောခဲ့တာပေါ့ဗျာ"

"အင်း . . . ကျုပ်သဘောပေါက်သွားပြီ ကိုသန်းလွင်၊ ဒါဆိုရင် ကျုပ်တို့ဟာ အတ္တာနုဝါဒဘေးမဆိုက်အောင် အမြဲကာကွယ်ပြီးနေကြရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အတ္တာနုဝါဒဘေးမဆိုက်ချင်ရင်လည်း သူတစ်ပါးက လေးစားကြည်ညိုဖို့ထက် မိမိကိုယ်မိမိ တကယ်လေးစားကြည်ညိုအောင် နေဖို့က ပိုပြီးအရေးကြီးမှာပေါ့ဗျာ . . . နော်"

"မှန်လိုက်လေ ကိုဆန်းလွင်ရယ်"

အသက်ချင်းကလည်း မတိမ်းမယိမ်း နာမည်ခြင်းကလည်းဆင်ပါရဲ့ ဒါပေမယ့် ဘဝခြင်းကျတော့ ယှဉ်လို့မရဘူးဆိုတာ အမိကကတော့ ခက်ခဲလှတဲ့ စာရိတ္တသတ္တိကြောင့်ဘဲဆိုတာ ကျုပ်ကျကျနနအဖြေထုတ်နိုင်ခဲ့ပါပြီ။ စာရိတ္တသတ္တိကြီး ကျုပ်ဆီမှာ ပြည့်စုံတဲ့နေ့ဟာ ကျုပ်အတွက် ကြီးပွားတိုးတက်ရေး တံခါးချပ်ကြီး ပွင့်တဲ့နေ့ပဲပေါ့ဗျာ

"ကုလျှတိဘိက္ခဝေ သီလဝတော
စေတောပဏိဓိ ဝိသုဒ္ဓတ္တာ (အင်္ဂုတ္တိုရ်ပါဠိတော်)

ချစ်သား ချစ်သမီးတို့ အကျင့်သီလစာရိတ္တနှင့် ပြည့်စုံသောသူ၏ တောင့်တချက်သည် စင်ကြယ်သန့်ရှင်းသောကြောင့် အလျင်အမြန် ပြည့်စုံလာရသည်။







## အဖျတ္တာတိုက်ပွဲ

သီဟိုဠ်ကျွန်းမှ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးနေသော ကျေးကုလားမင်းပေါင်း (၃၂)ဦး၊ နောက်လိုက် စစ်သည် (၂၈၇၀၀)ကျော်ကို တိုက်ပွဲကြီး (၂၉)ကြိမ်ဆင်နွှဲပြီး နှစ်နှစ်ကျော်ကြာအောင် ရှင်းလင်းခဲ့ရသည်။

သာသနာတော် သက္ကရာဇ် ၁၈၁၃ ခုနှစ်တွင် သီဟိုဠ်ကျွန်း မြောက်ပိုင်း၊ အနုရာဓနေပြည်တော်၌ နန်းစိုက်ကာ ရာဇာဘိသေက သဘင်ဆင်ယင်၍ သီဟိုဠ်တစ်ကျွန်းလုံး၏ ဧကရာဇ်ဘုရင်ဖြစ်တော်မူ၏။ ထီးနန်းဥကင်၌ ညီလာခံသဘင်စတင်သောနေ့မှာပင် ဒုဋ္ဌဂါမဏိမင်းတရားကြီးသည် တိုင်းပြည်နှင့် သာသနာတော်အတွက် သက်စွန့်ကြိုးပမ်း အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသော သူရဲကောင်း စစ်သူကြီးများအား ဆုတော်လာဘ်တော်များချတော်မူ၏။

မြို့စားရွာစားပေးသနားကာ မှူးကြီးမတ်ရာ သေနာပတိ စသော ရာထူးဌာနန္တရများကို အသီးသီးခွဲဝေမြောက်စားတော်မူလေသည်။ အသီးအသီး ဝမ်းမြောက်ဝမ်းသာ ရာထူးဌာနန္တရများ ခံယူကြသော်လည်း ဘုန်းကြီးသား ကိုရင်လူထွက်ဖြစ်သူ ဖုဿဒေဝ ဘယခေါ် အဘယစစ်သူကြီးကား ပေးသောရာထူးကို ငြင်းပယ်လိုက်သဖြင့် မင်းကြီးနှင့်တကွ အားလုံး အံ့ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး - အမောင်အဘယ၊ တိုင်းပြည်နှင့် သာသနာတော်အတွက် အသက်ကိုပင်စွန့်ပြီး ဆောင်ရွက်ခဲ့ကြရာ သာသနာပြုရမယ့်အခါ ချမ်းသာစွာနေရမယ့်အချိန်မျိုးမှာမှ ဘာ့ကြောင့်ပေးတဲ့ ရာထူးကိုငြင်းပယ်ရသလဲ။

အဘယ - မှန်လှပါအရှင်မင်းကြီး၊ ကျွန်တော်မျိုးကြီးမှာ စစ်တိုက်ရန် ကျန်ရှိနေသေးလို့ပါ။

မင်းကြီး - အလို . . . ဘယ်လိုသံတော်ဦးတင်လိုက်တာလဲ အဘယ မောင်မင်းနှင့်တကွ ငါကိုယ်တော်အရှင်မြတ်တိုင်းပြည်နှင့် သာသနာကို ဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိရန်သူများကို အောင်မြင်လို့ ယခုအခါ ငါကိုယ်တော်အရှင်မြတ်သည်ပင်လျှင် တစ်ကျွန်းလုံးရဲ့ ဧကရာဇ်ဘုရင်ဖြစ်နေမှတော့ ဘယ်ရန်သူတွေ ကျန်ရှိနေသေးလို့ ဘယ်လိုများ တိုက်ပွဲဝင်စရာရှိနေလို့လဲ။

အဘယ - မှန်လှပါ၊ အပြင်ဗဟိဒ္ဓမှာရှိတဲ့ တိုင်းပြည်ရန်၊ သာသနာရန်များကို အမြစ်ပါမကျန် သုတ်သင်သတ်ဖြတ်လို့ ပြီးပါပြီ။ ယခုကျန်ရှိနေတဲ့ရန်သူက လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာရန်သူများဖြစ်ပါတယ်။ ကိုယ်တွင်းမှာ ကျွန်တော်မျိုးကြီးတစ်ယောက်တည်း တိုက်ခိုက်ရမယ့် အဇ္ဈတ္တတိုက်ပွဲသာဖြစ်ပါတယ်။

(သီဟိုဠ်ရာဇဝင်မှ)

× × × × ×



ဒုတိယကမ္ဘာစစ်အတွင်း ရဲဘော်သုံးကျိပ် ဦးဆောင်သော ဘီအိုင်အေ မြန်မာ့တပ်မတော်သားများက ဂျပန်နှင့်လက်တွဲကာ နယ်ချဲ့အင်္ဂလိပ်များကို အမိမြန်မာပြည်မှ မောင်းထုတ်နေချိန်ပင် ဖြစ်ပါသည်။ ည (၁၂)နာရီကျော်နေပြီမို့ ဘီအိုင်အေတပ်မတော် ယာယီတပ်စခန်းဝင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

အစောင့်စစ်သားမှတစ်ပါး အရာရှိ အရာခံ၊ အကြပ်တပ်သားများအားလုံး အိပ်မောကျနေလေပြီ။ သို့သော် ယခုအချိန်တိုင်အောင် အိပ်မပျော်နိုင်သေးသူတစ်ဦးကား ရှိနေသေး၏။ သူကား ဗိုလ်ဇော်ဝင်း။ သူသည် လက်ကိုနောက်ပစ်ကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။

ချမ်းအေးသော သန်းခေါင်ယံညဥ့်အချိန်ပင်ဖြစ်သော်လည်း သူ၏နဖူးတွင် ချွေးစလေးများကို တွေ့နေရသောအားဖြင့် စိတ်တွင်း၌ မည်မျှလောက်ထိ တွန်းကန်လှုပ်ရှားနေကြောင်း မှန်းဆနိုင်သည်။

တစ်ချက်တစ်ချက်တွင် အခန်းတွင်းမှ လေးပေ၊ သုံးပေခန့်ရှိသော သံသေတ္တာကြီးကို စိုက်စိုက်ကြည့်နေတတ်သည်။ ခဏကြာကြည့်ပြီး သက်ပြင်းရှည်ကြီးချကာ လမ်းဆက်လျှောက်ပြန်သည်။ ကြာကြာလျှောက်၍မရ၊ သံသေတ္တာကြီးရှေ့ရောက်လျှင် ရပ်ကြည့်မိပြန်သည်။

လေးငါးခါကြည့်ပြီးနောက် သူသည် စိတ်ထိန်းနိုင်တော့ဟန်မတူ။ သေတ္တာကြီးနားကပ်သွားကာ အိတ်ထဲမှ သော့ကိုထုတ်၍ သံသေတ္တာကြီးမှ သော့ခလောက်အတွင်း ထိုးထည့်ကာ လှည့်ဖွင့်လိုက်သည်။ 'ချလောက်'ဟူသောအသံနှင့်အတူ သော့ပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သော့ခလောက်ကို ဖြုတ်ပစ်ပြီးသည်နှင့် သေတ္တာအဖုံးကို အသာအယာလှပ်လိုက်ရာ ဖြူဝင်းတောက်ပြောင်နေသော အရောင်များက ဗိုလ်ဇော်ဝင်း၏မျက်နှာကို လာဟပ်လေသည်။ သေတ္တာတွင်း၌ကား ဂျော့ဘုရင်တံဆိပ်ခေါင်း ငွေဒင်္ဂါးပြားများ အပြည့်အကျပ်၊ ပြားရေနှစ်သောင်းတိတိရှိသည်။ နေ့ခင်းကတည်းက ဗိုလ်ဇော်ဝင်းနှင့်အရာရှိများ ရေတွက်ကြည့်ပြီးလေပြီ မဟုတ်ပါလား။

လိုချင်တပ်မက်စိတ်များက တစ်ကိုယ်လုံးပြန့်နှံ့သွားသဖြင့် ဗိုလ်ဇော်ဝင်းတစ်ယောက် တုန်ရီနေသောလက်များဖြင့် သေတ္တာတွင်းမှ ငွေဒင်္ဂါးများကို ပွတ်သပ်ဆုတ်နယ်နေမိသည်။ စိတ်တွင်းမှလည်း ဒီငွေဒင်္ဂါးတွေကို ငါတွေ့တဲ့အချိန်တုန်းက ပိုင်ရှင်မှမရှိတာပဲ၊ ဒီတော့ ငါပဲအားလုံးကိုပိုင်တယ်။ ငါ့အတွက်လည်းသုံးမယ်၊ ဘိအိုင်အေတပ်မတော်အတွက် လိုတာတွေလည်းသုံးရမယ်။

တပ်မတော်အတွက်သုံးတယ်ဆိုရင် နိုင်ငံတော်အတွက်သုံးတာနဲ့အတူတူပဲပေါ့။ နိုင်ငံတော်အတွက်သုံးတာဆိုရင် မူလပိုင်ရှင်အတွက်လည်း ပါသွားတာပေါ့။ ဒါဆိုရင် ဒီဒင်္ဂါးတွေသိမ်းယူတဲ့ ငါ့မှာလည်း အပြစ်မရှိတော့ဘူး" ဟု တွေးနေမိသည်။ အတ္တဆန်သော ပုထုဇဉ်လောကသားတို့၏ ဓမ္မတာအတိုင်း မိမိဘက်ကိုတော့ ဖော့တွေးတတ်သည်သာ။

ယခုလည်း ဒင်္ဂါးများကို အပိုင်သိမ်းချင်နေသော ဗိုလ်ဇော်ဝင်းတစ်ယောက် မိမိဘက်မှ အပြစ်မရှိအောင် ဖော့တွေးလျက်ရှိသည်။ လူသားမှန်သမျှတို့သည် လောဘနှင့်သာ ဘဝကိုစခဲ့ကြရသည်။ မိခင်ဝမ်းတိုက်၌ ပဋိသန္ဓေတည်လျှင်တည်ခြင်း၊ ဘဝကိုတပ်မက်စွဲလန်းလိုချင်သော ဘဝနိကန္တိကလောဘဇောက ပထမဆုံးဖြစ်သည်။



လောဘနှင့်ဘဝကို စခဲ့သောလူသားသည် မိမိစိတ်ကိုသာ မဆုံးမနိုင်ခဲ့လျှင် ဘဝတစ်လျှောက်လုံး လောဘနှင့်သာနေတော့သည်။ ဘာကိုပဲလုပ်လုပ် ငါ့အတွက်ကိုသာ အဓိကဦးတည်ချက်ထားတော့သည်။ သေသောအခါအတွင်လည်း လောဘနှင့်သာ သေတော့သည်။

လောဘကို လျှော့ပါးအောင်၊ ကုန်အောင်မကြိုးစားဘဲ တိုးပွားအောင်၊ များပြားအောင်ပြုလုပ်မည်ဆိုလျှင် ပတ်ဝန်းကျင်အတွက်လည်းမကောင်း၊ မိမိအတွက်လည်းမကောင်းပေ။ အဘယ်ကြောင့်နည်း။ မတရားသဖြင့် လိုချင်သောအဆင့်ကို ဝိသမလောဘဟုခေါ်သည်။

ထိုဝိသမလောဘအားကြီးလာလျှင် ကမ္ဘာလောကကြီးသည် ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော အငတ်ဘေးဆိုက်သည်။ ထို့ထက်အားကြီးလာလျှင် ကမ္ဘာလောကကြီးသည် ရေလွှမ်းမိုး၍ ပျက်စီးရသည်။ သက်ရှိသက်မဲ့တစ်စုံတစ်ခုကို စွဲလမ်းတပ်မက်သော လောဘစိတ်နှင့်သေလျှင် ပြိတ္တာဘုံသို့ကျရောက်သည်။ လောဘကားကောင်းကျိုးတစ်ခုမှမရှိပေ။

လူသား၏စာရိတ္တကို သမိုင်းတစ်လျှောက်အမဲကွက်ထင်အောင် လုပ်သည်မှာလည်း ထိုလောဘသာဖြစ်ပါ၏။ ယခုလည်းကြည့်ပါ။ ပုထုဇဉ်လူသားတစ်ဦးသာဖြစ်သော ဗိုလ်ဇော်ဝင်းသည်လည်း လောဘ၏တိုက်တွန်းချက်ဖြင့် သူတစ်ပါးဒင်္ဂါးပုံကြီးကို အပိုင်သိမ်းရန် ဆုံးဖြတ်နေလေပြီ။

ဒင်္ဂါးပြားတွေကို အားရအောင်ကိုင်တွယ်ပြီးသည်နှင့် သော့ပြန်ပိတ်ကာ ခုတင်ပေါ် ပြန်လှဲ‌ထိုင်ရင်း ငွေဒင်္ဂါးတွေတွေ့ရခြင်း၏ အကြောင်းကို စိတ်ကရောက်သွားသည်။ ဗိုလ်ဇော်ဝင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘီအိုင်အေတပ်ဖွဲ့ဝင်များ ဤမြို့သို့ဝင်ရောက်သိမ်းပိုက်ရှင်းလင်းစဉ်က ဖောက်သည်တော်တော်များများ တွေ့ရသည်။

ဤနေရာ၌ အမြဲတန်းဝယ်သောဈေးဝယ်ကို ဖောက်သည်ဟု ဆိုလိုခြင်းမဟုတ်။ စစ်ဖြစ်နေစဉ်အတွင်း စစ်ပြေးများ ပစ်ထားခဲ့သော တိုက်များ၊ အိမ်များကို ဖောက်ပြီး သယ်ယူနေကြသော သူခိုး၊ ဓားပြ၊ အလစ်သုတ်များကိုသာ ဖောက်သည်ဟု ဆိုလိုပေသည်။

ဤနေ့ နေ့ခင်းကြောင်တောင်ကြီး ဗိုလ်ဇော်ဝင်းတို့ဝင်ရောက်လာသောအချိန်ထိ ထိုဖောက်သည်များက သောင်းကျန်းကြတုန်းရှိသေးသည်။ တိုက်အိမ်တစ်အိမ်မှ ဧရာမ သံသေတ္တာကြီးတစ်လုံးကို မနိုင်မနင်းဖောက်ထွင်းသယ်ယူနေကြသော လူတစ်စုသည် ဗိုလ်ဇော်ဝင်းတို့ တပ်မတော်သားများကို မြင်သောအခါတွင်မှ သံသေတ္တာကြီးကိုထားခဲ့ပြီး ဒရောသောပါး ထွက်ပြေးသွားကြသည်။

ဗိုလ်ဇော်ဝင်းက ဖြူစင်သောနှလုံးသားဖြင့် နိုင်ငံအတွက် အသက်ပေးလှူထားသူပီပီ သန့်ရှင်းသောစကားလုံးတို့ကို ထုတ်အံလိုက်သည်မှာ -

"ရဲဘော်စိန်ထွန်းနဲ့ ရဲဘော်ဟန်လင်းတို့က ဒီသေတ္တာကို ယာယီတပ်စခန်းကိုသယ်သွားပြီး မပျောက်မရှအောင် စောင့်ရှောက်ထားကြ၊ ညနေကျမှ ပိုင်ရှင်ကိုရှာပြီး ပြန်ပေးရမယ်။ ပြည်သူလူထုရဲ့အသက်၊ အိုးအိမ်စည်းစိမ်တွေ မပျက်စီးအောင် စောင့်ရှောက်ဖို့ တို့တပ်မတော်သားအားလုံးမှာ တာဝန်ရှိတယ်"ဟူ၏။

ထိုစကားတို့ကို ထောက်ဆသောအားဖြင့် ဗိုလ်ဇော်ဝင်း၏ ပင်ကိုယ်စိတ်မှာ ဖြူစင်သန့်ရှင်းနေပါ၏။ သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးကို မလိုချင်၊ မစွဲလမ်း၊ မတပ်မက်သောစိတ်ကို အလောဘ



စိတ်ဟုခေါ်သည်။ ပျိုးထောင်ယူရသော သူတော်ကောင်းစိတ်ပင်ဖြစ်ပါ၏။ ထိုအလောဘနှင့် ဆန့်ကျင်ဘက်စိတ်ကား လောဘစိတ်ဖြစ်ပါ၏။

ပျိုးထောင်စရာမလိုဘဲ အလိုလိုပွားများနေသော အကုသိုလ်တရားဆိုးတစ်ခုပင်ဖြစ်ပါ၏။ အဖိုးတန် သီးပင်စားပင်များကို မြေဩဇာထည့်လောင်း၊ ပေါင်းသင်ပြုပြင်ပေးရသကဲ့သို့ အလောဘစိတ်ဖြစ်ပေါ်လာအောင်လည်း စွန့်ကြဲလှူဒါန်းခြင်း၊ ဝိပဿနာပွားခြင်းတို့ဖြင့် ပြုစုပျိုးထောင်ပေးရသည်။

အကျိုးမရှိသော မြက်၊ သစ်ပင်၊ ခြုံဖုတ်တို့သည် အလိုလိုပွားများသကဲ့သို့ မိမိသူတစ်ပါး မည်သူ့ကိုမှ ကောင်းကျိုးမပြုသော လောဘစိတ်သည်ကား ပြုစုပျိုးထောင်စရာမလိုပဲ သူ့အလိုလိုပွားများစည်ပင်နေတတ်ပေသည်။ ထို့ကြောင့်

အလောဘစိတ်များလျှင် နိဗ္ဗာန်သို့သွားသည်။

လောဘစိတ်များလျှင် အပါယ်ငရဲသို့လားသည်။

ဟူသော ဆောင်ပုဒ်လေးဖြင့် လူသားသည် မိမိကိုယ်ကိုမိမိ သတိပေးနေရပါမည်။ မြို့တွင်းရှင်းလင်းရေးပြီးလျှင် သံသေတ္တာကြီးမှ သော့ကိုဖျက်ပြီး ဖွင့်လှစ်ကြည့်သောအခါ ငွေဒင်္ဂါးများကို တွေ့ကြရသည်။ ရေတွက်ကြည့်သောအခါ အပြားပေါင်းနှစ်သောင်း၊ နဲနဲနောနောမဟုတ်။ တစ်သက်စာပင် ဖူလုံနေပေသည်။

ဒင်္ဂါးပြားများကို မြင်ရသောအချိန်မှစ၍ လိုချင်သော လောဘစိတ်က ဗိုလ်ဇော်ဝင်းကို အပြင်းအထန် တိုက်ခိုက်လေသည်။ ဗိုလ်ဇော်ဝင်းလည်း ကိုယ်ကျင့်သိက္ခာခံတပ်ကို အကာအကွယ်ယူပြီး အလောဘစိတ်ဖြင့် ပြန်လည်တိုက်ခိုက်သည်။

လောဘနှင့်အလောဘတို့၏ အရှုတ္တတိုက်ပွဲက ပြင်းထန်ေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ညနေခင်းမှာ ပိုင်ရှင်ကိုတွေ့အောင်ရှာပြီး ပြန်ပေးမည်ဟူသော ဆုံးဖြတ်ချက်ပင် နောက်ဆုတ်သွားသည်။ လောဘစိတ်က အထက်စီးရနေသည့်သဘောပင်။ ယခုဆိုလျှင် ညသန်းခေါင်တောင်ကျော်နေပါပြီ။ ပြန်ပေးဖို့ စိတ်ကူးကလုံးလုံးပေါ်မလာ။

ဗိုလ်ဇော်ဝင်း၊ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ကာ ခုတင်ပေါ် ပက်လက်လှန်ချလိုက်သည်။ ခေါင်းအုံးပေါ်ခေါက်တင်ထားသော စောင်ထူထူကြီးကိုယူ၍ ရင်ဘတ်ပေါ် တင်ထားလိုက်သည်။ ဖြန့်၍မခြုံမိသေး။ အဇ္ဈတ္တ = အတွင်းတိုက်ပွဲက အားကြီးပြင်းထန်နေသည်မဟုတ်ပါလား။

အလောဘစိတ်ကလည်း စွမ်းနိုင်သမျှ ပြန်လည်တိုက်ခိုက်နေသည်။ ငယ်စဉ်က နာယူခဲ့ရသော ဖခင်ကြီး၏ ဆုံးမစကားလေးများက ဗိုလ်ဇော်ဝင်းနားထဲ ဝင်ရောက်လာသည်။

"သားရေ . . . လူသေပုပ်၊ လူရှင်ပုပ်လို့ အပုပ်နှစ်မျိုးရှိတယ်။ လူသေပုပ်ဆိုတာကတော့ သေလို့ပုပ်သွားတာပေါ့။ မြေကြီးထဲမှာ ပုပ်နေတာဆိုတော့ အပေါ်ကို ဘာနံ့မှမထွက်တော့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးပေါ့။"

"လူရှင်ပုပ်ဆိုတာကျတော့ ဆိုးတယ်၊ သူများကို ဒုက္ခပေးတယ် အကျင့်စာရိတ္တပျက်စီးနေတဲ့သူတွေဟာ ရှင်ရက်နဲ့ ပုပ်နေသူတွေပဲပေါ့။ သူ့ရဲ့ အကျင့်စာရိတ္တပျက်စီးမှုအပုပ်နံ့တွေက သူရောက်တဲ့နေရာတိုင်းမှာ နံစော်နေတာပဲပေါ့။ ဒါကြောင့် လူတိုင်းက သူနဲ့ မတွေ့အောင် ဝေးဝေးကရှောင်ကြတယ်"

"မတတ်သာလို့ ဆက်ဆံရပြီဆိုရင်လည်း ဟိုမယုံရ၊ ဒီမယုံရနဲ့ အင်မတန် ဒုက္ခရောက်ကြရတာပေါ့။ ဒါကြောင့် ငါ့သား မိမိကိုယ်တိုင် သေမှပဲ ပုပ်ပါစေ၊ မသေခင်မပုပ်ပါစေနဲ့"



ဟုတ်တာပေါ့။ ဒီငွေဒင်္ဂါးတွေ မတရားသိမ်းယူလိုက်မယ်ဆိုရင် ဗိုလ်ဇော်ဝင်းဟာ စာရိတ္တမကောင်းတဲ့ လူတစ်ယောက်ဆိုပြီး ငါရောက်လေရာအရပ်မှာ အပုပ်နံ့ကြီးထွက်နေတော့မှာပေါ့။ တော်ပြီ၊ မယူတော့ဘူး"ဟု ကောင်းသောအတွေးလေး ဝင်ရောက်လာချိန်မှာပင် လောဘစိတ်က ဆင်ခြေတက်ပြန်သည်။

မရောက်သေးတဲ့အနာဂါတ်ကို လှမ်းမျှော်ကြည့်နေတာဟာ လူညံ့လူပျော့တွေရဲ့အလုပ်ပါ။ ပစ္စက္ခကိုဘဲကြည့်၊ ပစ္စုပ္ပန်မှာပဲနေမှ ဘဝအောင်မြင်မှုကိုရမှာပေါ့။ အခုပစ္စက္ခမှာ မြန်မာ့တော်လှန်ရေးတပ်မတော်သားတွေမှာ ကြည့်စမ်း၊ စစ်ဝတ်စုံတောင် အပြည့်အစုံမရှိဘူး။ ပုဆိုးတွေ၊ ရှမ်းဘောင်းဘီတွေဖြစ်သလို ဝတ်ပြီး တိုက်ပွဲဝင်နေကြရတယ်။

ပြီးတော့ ဘယ်မလဲဆေးဝါး ဒဏ်ရာရရင် သွေးလွန်ပြီး ကျဆုံးကြရတာများတယ်။ ဒီအတွက် ဆေးလိုတယ်၊ အဲဒီဆေးကို ဒီဒင်္ဂါးတွေနဲ့ ဝယ်မှရမယ်။ မင်းတို့ဟာ စစ်တိုက်နေကြတာ၊ စစ်တိုက်ရင် လက်နက်ပြည့်စုံဖို့လိုတယ်။ အခုကြည့်စမ်း တစ်ချို့တော်လှန်ရေးတပ်သားတွေမှာ မားလုံလောက်ပဲ ကိုင်နိုင်တယ်။ သေနတ်မရှိဘူး။

ဒီလက်နက်တွေကို ငွေနဲ့ဝယ်မှရမယ်။ ဒီလိုနေရာတွေမှာ အသုံးပြုလိုက်မယ်ဆိုရင် ဘယ်သူကအပြစ်ပြောဦးမှာလဲ၊ မတရားယူလိုက်တဲ့ အကုသိုလ်ကနည်းနည်းပါ။ နိုင်ငံအတွက်လုပ်လိုက်တဲ့ ကုသိုလ်တွေကအများကြီး ထေလို့ရတယ်။ ထိုသို့ တွေးမိပြန်သောအခါ စိတ်က လောဘနောက်လိုက်သွားမိပြန်သည်။

ဟုတ်သားပဲ၊ ဒီဒင်္ဂါးတွေ သိမ်းယူတယ်ဆိုတာ ငါ့အတွက် သက်သက်မှမဟုတ်ဘဲ၊ တော်လှန်ရေးအတွက် အမိကထားပြီး သိမ်းယူတာပဲ ငါ့အတွက် သုံးမိတယ်ဆိုရင်လည်း အနည်းအကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့။ မပြောပလောက်ပါဘူး။ ဒီလောက်အပြစ်ကိုတော့ အများက နားလည်ခွင့်လွှတ်ကြမှာပါ။ အင်းဒါဆိုရင် ယူလိုက်တာပဲ ကောင်းမယ်ထင်ပါရဲ့။

အလောဘစိတ်ကလည်းချက်ခြင်းတော့ အညံ့မခံ။ သူ့ကို ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားတစ်ယောက်မှန်းသိသဖြင့် ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာဘုန်းကြီး၏ ဩဝါဒစကားတို့ဖြင့် ဖျောင်းဖျလာပြန်သည်။

"ကိုရင်တို့ စောင့်ထိန်းရမယ့် ဆယ်ပါးသီလထဲက ဒုတိယမြောက်သိက္ခာပုဒ်က အဒိန္နာဒါနသိက္ခာပုဒ်ပဲ၊ ဒီသိက္ခာပုဒ်ဟာ ရှင်ဘဝတင်မဟုတ်ဘူး။ လူ့ဘဝတစ်လျှောက်လုံးလည်း စောင့်ထိန်းရမယ့် သိက္ခာပုဒ်ဖြစ်လို့ နည်းနည်းရှင်းပြမယ်။"

ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သောဥစ္စာကို ယူခြင်းကို ခိုးတယ်လို့ဆိုတော့ ကိုရင်တို့စိတ်ထဲမှာ ပိုင်ရှင်မသိအောင် သွားယူတာတစ်ခုကိုပဲ ခိုးတယ်လို့ထင်နေကြတယ်။ ဒါတင်မကပါဘူး။ အလေးကို အလယ်မှာချိုင့်ပြီးပေါ့အောင်လုပ်ထားတော့ ရောင်းတဲ့ပစ္စည်းနည်းနည်းပဲ ပါသွားတာပေါ့။ အဲဒါ အလေးစဉ်းလဲလို့ခေါ်တယ်။

ချိန်ခွင်လျှာကို ရှေ့ထွက်သွားအောင် ပြုပြင်ထားတာကိုတော့ ချိန်ခွင်စဉ်းလဲလို့ ခေါ်တယ်ပေါ့။ စပါးဝယ်တဲ့သူတစ်ချို့ဟာ မိမိကဝယ်တဲ့အခါ တစ်တင်းကျော်ဝင်အောင်လုပ်ထားတဲ့ တင်းတောင်းနဲ့ ချိန်ယူတယ်။ မိမိပြန်ရောင်းတဲ့အခါကျတော့ တစ်တင်းမပြည့်တဲ့ တင်းတောင်းနဲ့ ချိန်ပေးတယ်။ အဲဒါကိုတော့ တင်းစဉ်းလဲလို့ခေါ်တယ်။

အဆောက်အဦကြီးတွေ တာဝန်ယူဆောက်လုပ်ပေးရတဲ့သူ



တွေကလည်း သန်းသုံးရာတန်တာကို သန်းလေးရာကုန်ပါတယ်လို့ စာရင်းလိမ်ပြတယ်။ အဲဒါကျတော့ စာရင်းစဉ်းလဲလို့ခေါ်ရမှာပေါ့။

ဗုဒ္ဓဟောထားတဲ့ ခိုးခြင်း ၂၅ မျိုးထဲမှာ ဒီလိုလှည့်ပတ်ခိုးယူတာမှန်သမျှကို ထေယျာဝဟာရခိုးနည်းလို့ခေါ်တယ်။ သူများပစ္စည်းကို လက်နက်ပြပြီး မတရားရယူတာမျိုးကိုတော့ ပသယှာဝဟာရ၊ လွှမ်းမိုးနှိပ်စက်၍ ခိုးခြင်းလို့ပြထားတယ်။ ကမ္ဘာကလူတွေအထင်ကြီးနေကြတဲ့ မွန်ဂိုတာတာဘုရင် ဂျင်ဂျစ်ခန်၊ အလက်ဇန္ဒား၊ ဂျူလိယက်ဆီဇာ၊ နပိုလီယံတို့ဟာ ဗုဒ္ဓဒေသနာနဲ့ တိုက်ကြည့်လိုက်တော့ သူခိုးအကြီးစားကြီးတွေပဲ။ ကိုရင်တို့လည်း တစ်နေ့မှာ လူကြီးဖြစ်လာကြမှာပဲ။ ဒီအခါမှာ ဥပဒေလက်တစ်လုံးခြား မတရားတဲ့နည်းနဲ့ ရစရာ ယူစရာ အခွင့်အလမ်းကြုံလာရင် မယူဖြစ်အောင် လောဘကို နိုင်အောင်ထိန်းပါ။

အလိုလောဘကိုထိန်းနိုင်လိုက်တာနဲ့ သမိုင်းကြောင်းကောင်းသွားတာပါပဲ။ မထိန်းနိုင်လိုက်တာနဲ့ သမိုင်းကြောင်းဟာ မည်းညစ်သွားတာပေါ့။ လူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင် ရေးပြရတာပဲ။

အင်း . . . ဆရာတော်ဆုံးမခဲ့တဲ့ စကားတွေဟာ အမှန်တွေပေါ့။ အခုဆိုရင် ငါဟာမတရားတဲ့နည်းနဲ့ ရစရာအခွင့်အလမ်းကြုံနေပြီ။ ငါ့ရဲ့အလိုလောဘကို နိုင်အောင်ထိန်းသင့်တယ်။ မထိန်းနိုင်ရင် သမိုင်းကြောင်းဟာ ညစ်ထေးသွားမှာပဲ။ အလောဘက ပါမလိုဖြစ်နေစဉ်မှာပင်လောဘက ဆင်ခြေဆင်လက်ဖြင့် တစ်ခန်းထပြန်သည်။

ဒီမှာ ဗိုလ်ဇော်ဝင်းခင်ဗျားဟာ မြန်မာတစ်ယောက်ပဲ၊ အင်း ခေတ်က သူခိုးကြီးတွေက်ပြားဆိုတာကို ကြားဖူးမှာပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့သူတွေဆီကပဲခိုးတယ်။ ဆင်းရဲသူတွေကိုလည်း ထောက်ပံ့တယ်။ စစ်ကိုင်းတောင်ပေါ်မှာတောင် ခိုးလို့ရတဲ့ ငွေတွေနဲ့ မရှိခကာဘုရားလို့လည်းခေါ်တဲ့ ပတ္တမြားစေတီလို့လည်းခေါ်တဲ့ ဘုရားတစ်ဆူကိုတောင် တည်ခဲ့သေးတယ်။

တေက်ပြားဟာ ခိုးတာတော့မှန်ပါတယ်။ ဒါပေမယ့် သူများအတွက်လည်း အသုံးပြုပေးတဲ့အတွက် ပြည်သူပြည်သားတွေဟာ ယခုအချိန်ထိ တေက်ပြားအပေါ် အပြစ်မမြင်တဲ့အပြင် ချစ်ခင်တောင်နေကြပါသေးတယ်။ ယခုကိစ္စမှာလည်း ဗိုလ်ဇော်ဝင်း ဆရာဘုန်းကြီးပြောသလို ငွေဒင်္ဂါးတွေ သိမ်းယူလိုက်ရင် ခိုးယူရာရောက်တယ်ပဲထားပါ။

ဗိုလ်ဇော်ဝင်းက ကိုယ်တစ်ယောက်တည်းအတွက် အသုံးပြုမှာမဟုတ်ဘူး။ တော်လှန်ရေးရဲဘော်တွေအတွက် နိုင်ငံအတွက် အသုံးပြုမှာ ဒါ့ကြောင့် ဘယ်သူကမှ အပြစ်မြင်မှာမဟုတ်ဘူး။ သိမ်းသာသိမ်းလိုက်ပါ။ ဗိုလ်ဇော်ဝင်းစိတ်က လောဘဘက်ပါသွားပြန်သည်။

ဟုတ်တယ်၊ တေက်ပြားက အမြဲခိုးနေတာ၊ ဒါတောင် အပြစ်မမြင်ကြဘူး။ ငါက ဒီတစ်ကြိမ်လေးမဖြစ်လို့ သိမ်းယူရတာ။ ငါက အများအတွက်ပဲ၊ ငါ့ကို အပြစ်မြင်ကြမှာမဟုတ်ပါဘူး။ ကဲ . . . ပြန်မပေးတော့ဘူး။ သိမ်းယူလိုက်တော့မယ်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် ဗိုလ်ဇော်ဝင်းတစ်ယောက် မျက်စေ့ကိုမှိတ်ကာ ဇွတ်အိပ်ပစ်လိုက်တော့သည်။

× × × × ×



ဗိုလ်ဇော်ဝင်း၏ ငွေဒင်္ဂါးတန်ခိုးဖြင့် တပ်စခန်းတစ်ခုလုံး ဇရက်မင်းစည်းစိမ်ခံစားနေကြသည်။ ကြက်၊ ဝက်၊ နွား၊ အသားမျိုးစုံကို ရဲဘော်များစားချင်သလို ကျွေးလည်းပေးသည်။ ချက်လည်းပေးသည်။ ကင်လည်းပေးသည်။ ဗိုလ်ဇော်ဝင်းကိုယ်တိုင် အသားကင်စားချင်သဖြင့် မီးပုံကြီးတစ်ပုံဘေးနားတွင် ရဲဘော်များနှင့် ဝိုင်းထိုင်နေလိုက်သည်။

ကိုယ်ပိုင်ဖြစ်သွားသော ငွေဒင်္ဂါးများထဲမှ ရဲဘော်များအတွက် ဘာကိုအရင်ဆုံး အသုံးပြုရမည်နည်းဟု တွေးလိုက်သောအခါ အာဟာရမပြည့်ဝသေးသဖြင့် ကြုံလှီဖျော့တော့နေသော ရဲဘော်များကို သတိထားမိ၍ အကောင်းဆုံးအစာအာဟာရများကို အရင်ကျွေးနေခြင်းဖြစ်သည်။

ထမင်းနှင့်အသားများကို လိုသလောက်စားရသဖြင့် ရဲဘော်များမျက်နှာတွင်လည်း အပြုံးအရယ်များက ပြည့်လျှမ်းလို့နေသည်။ ထိုအချိန်မှာပင် ရဲဘော်တစ်ယောက် ဗိုလ်ဇော်ဝင်းရှေ့သို့လျှောက်လာပြီး အလေးပြုကာ -

"ဗိုလ်ကြီး ဧည့်သည်လင်မယားနှစ်ယောက်က တွေ့ချင်လို့ ရုံးခန်းမှာ စောင့်နေပါတယ်" ဟုပြောလိုက်ရာ ဗိုလ်ဇော်ဝင်းတစ်ယောက် စိတ်အတော်ရှုပ်သွားသည်။ ဒီဧည့်သည်က ဘာဖြစ်လို့ အခုအချိန်မှလာနေရတယ်မသိဘူးဟူသော မကျေမနပ်အတွေးနှင့် အတူ

"တော်တော်အလုပ်ရှုပ်တာပဲ၊ ဒီကိုလွှတ်လိုက်ကွာ" ဟု ပြောလိုက်သဖြင့် ရဲဘော်ပြန်ထွက်သွားသည်။ ခဏအကြာမှာပင် အသက် ၃၅ နှစ် ၄၀ အတွင်း အရွယ်ခန့်ရှိသော အမျိုးသားနှင့် အမျိုးသမီးတို့ ဝင်လာကြသည်။ ဗိုလ်ဇော်ဝင်းက စိတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဖြစ်နေသဖြင့် နေရာမပေးမိ။ သူတို့သည် ဗိုလ်ဇော်ဝင်းရှေ့တွင် မတ်တပ်ရပ်နေကြသည်။

ဗိုလ်ဇော်ဝင်းက-

"ခင်ဗျားတို့ ဘာကိစ္စရှိလို့ ကျုပ်ကိုလာတွေ့တာလဲ"ဟု မေးလိုက်ရာ အမျိုးသားက-

"ကျွန်တော်တို့တိုက်က ဒင်္ဂါးသေတ္တာကြီး ဗိုလ်ကြီးတို့သိမ်းပေးထားတယ်ကြားလို့ လာယူတာပါ"ဟုပြောလိုက်ရာ မရိုးသားသူတို့၏ ဓမ္မတာအတိုင်း ဗိုလ်ဇော်ဝင်းတစ်ကိုယ်လုံး ဆတ်ကနဲတုန်သွားသည်။ ဟန်ကိုယ့်ဖို့ဟူသော စကားအတိုင်း ခပ်လျှော့လျှော့ထိုင်နေရာမှ ခါးကိုမတ်လိုက်ကာ "သိမ်းပေးထားတာမဟုတ်ဘူး။ ဖောက်သည်တွေလက်ထဲက အပိုင်သိမ်းယူလိုက်တာ ကျုပ်တို့မယူရင်လည်း ဖောက်ထွင်းတဲ့သူတွေက ယူမှာပဲ၊ ကျုပ်တို့ယူလိုက်တော့ ရဲဘော်တွေအတွက် စားစရာ၊ သောက်စရာ၊ အဝတ်အထည်တွေရတယ်။ နိုင်ငံအတွက် အကျိုးရှိတာပေါ့။ ဒါ့ကြောင့် ခင်ဗျားတို့ ငွေဒင်္ဂါးတွေ ဆုံးပြီလို့သာ သဘောထားလိုက်တော့"ဟု ပြတ်ပြတ်ပင် ပြောချလိုက်သည်။ သူ့ခါးကြားမှ ခြောက်လုံးပြူး၊ ရဲဘော်တွေဘေးတွင် ချထားသော ရိုင်ဖယ်သေနတ်တို့အရှိန်ဖြင့် ဟုတ်ကဲ့ပါခင်ဗျာဟု ပြောပြီး သူတို့နှစ်ယောက် ထွက်သွားကြမည်ဟု ဗိုလ်ဇော်ဝင်းထင်ထားသည်မှာ တက်တက်စင်အောင်လွဲပါလေတော့သည်။ အမျိုးသမီးက ဗိုလ်ဇော်ဝင်းမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"ဒါဆိုရင် ရှင်က သူခိုးလက်က သူဝှက်လုတဲ့သဘောပေါ့။ သူဝှက်ဆိုတာ သူခိုးထက် ဆိုးသေးတယ်။ ရှင်တို့တက်ခဲ့တဲ့ စစ်သင်တန်းတွေဟာ ပြည်သူတွေရဲ့ ပစ္စည်းဥစ္စာတွေ ခိုးဖို့ တစ်ခုပဲသင်ပေးလိုက်သလား။ ရှင့်လိုစာရိတ္တပျက်စီးနေတဲ့သူမျိုး ခေါင်းဆောင်နေရာ



ရောက်လာတာဟာ တိုင်းပြည်နဲ့လူမျိုးသိက္ခာကျတယ်" ဟုပြောလိုက်ရာ အနာပေါ်တုတ်ကျဖြစ်သွားသော ဗိုလ်ဇော်ဝင်းတစ်ယောက် ခြောက်လုံးပြူးကိုထုတ်ကာ အမျိုးသမီးကိုချိန်၍ ပစ်ချလိုက်တော့သည်။ ဒိုင်းဟူသော သေနတ်သံနှင့်အတူ အမျိုးသမီးရင်ဘတ်တွင် သွေးများဖြာကနဲဖြစ်သွားပြီး ခွေလဲသွားတော့သည်။

သွေးအိုင်ထဲတွင်လဲနေသော အပြစ်မဲ့အမျိုးသမီးကိုကြည့်၍ အားလုံး ခေတ္တကြက်သေသေနေကြရာမှ သူမ၏ခင်ပွန်းက သတိအရင်ဆုံးဝင်လာပြီး ယမ်းငွေ့ဝေနေသည့် ခြောက်လုံးပြူးကို ကိုင်၍တွေနေသော ဗိုလ်ဇော်ဝင်းကို ခုန်အုပ်လိုက်လေသည်။

ဗိုလ်ဇော်ဝင်းလက်ထဲမှ သေနတ်သည် ဘေးကိုလွင့်ထွက်သွားပြီး နှစ်ယောက်သားမီးပုံကြီးထဲကျသွားကြသည်။ ထိုသူသည် သူ့ဇနီးအတွက် အသက်နှင့်လဲပြီး သွေးကြွေးဆပ်လိုဟန်တူသည်။ မီးပုံထဲကျသွားသည်အထိ ဗိုလ်ဇော်ဝင်းလည်ပင်းကို ပြုတ်တူလို ညှစ်ထားသော သူ့လက်များက လွတ်ထွက်မသွားပေ။

မီးကလည်းပူ၊ လည်မျိုအညှစ်ခံထားရသဖြင့် အသက်ရှူလည်း မရနှင့် မခံနိုင်တော့သည့်အဆုံး ဗိုလ်ဇော်ဝင်း 'အား'ဟူ၍ အသံကုန်အော်လိုက်မိတော့သည်။

"ဗိုလ်ကြီးဘာဖြစ်တာတုန်း၊ တံခါးဖွင့်ပါ၊ ကျွန်တော်တို့ အပြင်မှာရှိပါတယ်"

ဟူသော အသံနှင့်အတူ အစောင့်ရဲဘော်များ၏ တံခါးကို တဒုန်းဒုန်းထုသံများကို ကြားလိုက်ရမှ ဗိုလ်ဇော်ဝင်းတစ်ယောက် အိပ်ယာမှ လန့်နိုးသွားတော့သည်။ နာရီကြည့်လိုက်တော့ မနက် ၉ နာရီထိုးနေပြီ။ တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနစ်နေသည်၊ ဖွင့်ထားသော ခေါင်းရင်းပြတင်းပေါက်မှ နေကလည်း အိပ်ယာ

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုလုံးထိုးထားသည်။ ခေါက်ထားသော စောင်ထူထူကြီးကလည်း သွေးလည်းပင့်ပေါ်ပီလျက်။

အပြင်က တကယ့်အဖြစ်ကို အိမ်မက်ထဲဇာတ်လမ်းဆင်ကာ ထည့်မက်လိုက်ခြင်းဖြစ်၍ တကယ်ဟု ထင်စရာဖြစ်သွားသည်။ တကယ်မဟုတ်လို့ တော်ပါသေးရဲ့ဟုတွေးကာ ဗိုလ်ဇော်ဝင်း တစ်ယောက် ထိုအခါကျမှ စိတ်ချမ်းသာသွားတော့သည်။ ထို့ကြောင့် အပြင်ဘက်မှ အစောင့်ရဲဘော်များကို

"သွားကြဟေ့၊ သွားကြ၊ ငါဘာမှမဖြစ်ဘူး၊ အိပ်မက်မက်လို့ ယောင်အော်မိတာ"ဟု လှမ်းပြောလိုက်ရသည်။ ရဲဘော်လေးများ ထွက်သွားသောအသံကိုကြားမှ အိပ်ယာမှအသာထကာ အင်္ကျီကို ချွတ်၍ မျက်နှာသုတ်ပုဝါဖြင့် ချွေးများကိုသုတ်ပစ်ရသည်။

စိတ်ထဲမှလည်း ကိုယ့်ကိုယ်ကို ပြန်ပြောနေမိသည်။ အင်း . . . ငါတိုက်ခဲ့ရတဲ့ တိုက်ပွဲတွေထဲမှာ ဒီတိုက်ပွဲဟာ အခက်အခဲဆုံး တိုက်ရတဲ့တိုက်ပွဲပဲ၊ ငါဟာ တန်ဘိုးဖြတ်လို့မရတဲ့အသက်ကိုတောင် နိုင်ငံအတွက် ပေးလှူထားတဲ့ စစ်သားတစ်ယောက်ပဲ။ တန်ဘိုးဖြတ်လို့ရတဲ့ ဒီငွေဒင်္ဂါးတွေကျမှ ဘာဖြစ်လို့ ပိုင်ရှင်ကို ပြန်မပေးနိုင်ရမှာလဲဟုတွေးကာ တပ်ကြပ်ကြီးတစ်ယောက်နှင့်အတူ ငွေဒင်္ဂါးများ သိမ်းဆည်းစဉ်က တာဝန်ယူခဲ့သော ရဲဘော်စိန်ထွန်းနှင့် ရဲဘော်ဟန်လင်းတို့ကို အမြန်ခေါ်ခိုင်းလိုက်သည်။

သူတို့ရောက်လာသည်နှင့်

"တပ်ကြပ်ကြီး ဒီရဲဘော်နှစ်ယောက်နဲ့အတူ ဟောဒီ ငွေဒင်္ဂါး သေတ္တာကြီးရခဲ့တဲ့ တိုက်နံပါတ်၊ လမ်းအမည်၊ ရပ်ကွက်အမည်နဲ့ လူနာမည်တွေကိုပါ စုံစမ်းပြီး ဒီနေ့ပဲ ပိုင်ရှင်ကို ရအောင်ခေါ်ခဲ့ပါ။ ကျွန်တော်ဒီပစ္စည်းတွေကို ပိုင်ရှင်လက်ထဲ မြန်မြန်အပ်ချင်ပါတယ်"



ဟု အမိန့်ပေးလိုက်သဖြင့် သူတို့အရေးတကြီးပြန်ထွက်သွားကြသည်။ အဖွဲ့တွတိုက်ပွဲ၏ အနိုင်အရှုံးကိုပိုင်ရှင်လက်ထဲ ဒင်္ဂါးပြားတွေ ပြန်ရောက်၊ မရောက်က ဆုံးဖြတ်ပေးမည်ဖြစ်သဖြင့် ပိုင်ရှင်များကို မြန်မြန်ပြန်တွေ့ပါစေဟုသာ ဆုတောင်းနေမိသည်။

ရဲဘော်များ တော်ကြပါသည်။ ညနေလေးနာရီမထိုးမီမှာပင် ပိုင်ရှင်ဖြစ်ဟန်တူသော လင်မယားနှစ်ယောက်ကို ခေါ်လာနိုင်ကြသည်။ ခုံပေါ်ထိုင်လိုက်ကြသော လင်မယားနှစ်ယောက်ကို ဗိုလ်ဇော်ဝင်းက အားရပါးရပြုံးပြီး ရွှန်းရွှန်းစားစားကြည့်လိုက်မိသည်။

အမျိုးသားက-

"ဗိုလ်ကြီး ကျွန်တော်တို့ကို မြင်ဘူးလို့လားမသိဘူး"ဟု မေးလိုက်ရာ ဗိုလ်ဇော်ဝင်းက

"အင်း . . . မနေ့ညက အိပ်မက်ထဲက လင်မယားနှစ်ယောက်နဲ့တူသလားလို့ ကြည့်နေတာဗျာ၊ ရုပ်ကတော့ သိပ်မတူပါဘူး၊ အသက်ကတော့ တူလိမ့်မယ်ထင်တယ်၊ ဒါနဲ့ နောင်ကြီး အသက်က ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ်ကိုးနှစ်ပါ"

"ဟို အစ်မလည်း ဒီလောက်ပဲထင်တယ်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မတို့လင်မယား အသက်အတူတူပါပဲ"

"ဒါနဲ့ ဗိုလ်ကြီးက ဘယ်လိုအိပ်မက်မျိုးမက်လို့လဲ"

"အဲ . . . ဒါတော့ မပြောပါရစေနဲ့တော့ဗျာ၊ ကဲ . . . လိုရင်းကိစ္စလေးပြောကြရအောင်၊ ဒီငွေဒင်္ဂါးတွေ တကယ့်ပိုင်ရှင်လက်ထဲ ပြန်ရောက်အောင် ကျွန်တော်တို့ အစီအစဉ်လေးတွေ လုပ်ထားပါတယ်။ ဒါကြောင့် မေးခွန်းလေးတွေကို စိတ်ရှည်လက်ရှည် စဉ်းစားပြီး မှန်ကန်အောင်ဖြေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မေးပါခင်ဗျာ"

"ပထမဆုံးမေးခွန်းက ဒီဒင်္ဂါးတွေကို ဘာနဲ့ထည့်ထားပါသလဲ"

"သံသေတ္တာနဲ့ထည့်ထားပါတယ်"

"ဒင်္ဂါးတွေနဲ့ တံဆိပ်ခေါင်းအမျိုးအစား"

"ကျောက်ဘုရင်တံဆိပ်တွေပါ"

"အရေအတွက်"

"ဒင်္ဂါးပြားရေနှစ်သောင်းပါ"

"အားလုံးမှန်ကန်ပါတယ်၊ ကျွန်တော်တို့ အခုပဲအပ်လိုက်ပါ့မယ်" ဗိုလ်ဇော်ဝင်း မေးဆက်ပြလိုက်သည်နှင့် အခန်းတွင်းမှ ငွေသေတ္တာကြီးကို ရဲဘော်များက ထုတ်ယူလာပေးကြသည်။ ဆုံးပြီဟုထင်ထားသော သူတို့ပစ္စည်းများကို ပြန်ရသည်နှင့် အလွန်ဝမ်းသာအားရဖြစ်သွားကြကာ ခုံပေါ်မှဆင်းပြီး သူတို့ထက် ဆယ်နှစ်ကျော်ခန့်ငယ်သော ဗိုလ်ဇော်ဝင်းကို ဗုဒ္ဓဘာသာမြန်မာတို့ထုံးစံအတိုင်းထိုင်၍ ကန်တော့ကြသည်။

ဗိုလ်ဇော်ဝင်းကပြာပြာသလဲ-

"ဟာ . . . အကိုနဲ့အမတို့ ကျွန်တော်ကို ငရဲမပေးပါနဲ့၊ ကျွန်တော်က အများကြီးငယ်ပါတယ်။ မကန်တော့ပါနဲ့"ဟု တားမြစ်သောအခါ အမျိုးသားက-

'သိပါတယ်ဗိုလ်ကြီးရယ်၊ တခြားသူတွေလက်ထဲသာ ရောက်သွားရင် ဘယ်လိုမှ ပြန်မရတော့ပါဘူး။ ဗိုလ်ကြီးတို့လက်ထဲ ရောက်လို့သာ ကျွန်တော်တို့ ပြန်ရတာပါ။ ဗိုလ်ကြီးလည်း ပုထုဇဉ်တစ်ယောက်ပဲ လွယ်လွယ်နဲ့ရရင် လိုချင်မှာပဲပေါ့"

"အဲဒီလိုချင်တဲ့ လောဘစိတ်ကိုအနိုင်ယူပြီး ပိုင်ရှင်ကို တွေ့အောင်ရှာပြီး ပြန်ပေးတဲ့အထိ ရိုးသားလှတဲ့ ဗိုလ်ကြီးရဲ့ စာရိတ္တဂုဏ်၊ သီလဂုဏ်၊ သိက္ခာဂုဏ်တွေကိုရည်မှန်းပြီး ရှိခိုးပါရစေ"ဟု ပြောပြီး လင်မယားနှစ်ယောက်ရှိခိုးကြသည်။ ဤမျှထိ ရိုးသားသော ဤမျှထိ စာရိတ္တကောင်းသောလူသားတစ်ယောက်ငါတို့မြန်မာလူမျိုးထဲတွင် ရှိနေပါလားဟူသောပီတိအဟုန်ကြောင့် ရှိခိုးနေသော လင်မယားနှစ်ယောက်ထံမှ ရှိုက်သံနှင့်အတူ ဝမ်းသာမျက်ရည်များ စီးကျလို့ လာခဲ့သည်။



ကန်တော့ခံနေသော ဗိုလ်ဇော်ဝင်းသည်လည်း ငါ၏ရိုးသားဖြောင့်မတ်မှုကြောင့် လူသားနှစ်ဦးတစ်သက်လုံးစိတ်ချမ်းသာသွားကြတော့မှာပါလားဟူသော ပီတိနှင့်အတူ ရင်ထဲမှာ သိမ့်ကနဲ သိမ့်ကနဲဖြစ်သွားကာ သူပင်မသိလိုက်ဘဲ မျက်ရည်တို့က ပါးပြင်ပေါ်စီးကျလာသည်။

ပီတိမျက်ရည်ဆိုသည်မှာ ဒါပဲထင်ပါ၏။ ဗိုလ်ဇော်ဝင်းက မျက်ရည်တို့ကို သုတ်ပစ်လိုက်ရင်းဖြင့်

"ကဲ . . နောင်ကြီးတို့ ဒင်္ဂါးတွေ၊ နှစ်သောင်းပြည့် မပြည့် ပြန်ရေကြည့်ပါဦး" ဟု ပြောလိုက်ရာ နှစ်ယောက်စလုံးက

"အို . . ရေကြည့်စရာမလိုပါဘူး၊ ဗိုလ်ကြီးကို ယုံကြည်ပါတယ်" ဟု ဖြေသဖြင့် ဗိုလ်ဇော်ဝင်းက

"ဒါဆိုရင် နောင်ကြီးတို့ဆီက တော်လှန်ရေးရဲဘော်တွေအတွက် သဒ္ဒါသလောက် အလှူခံချင်ပါတယ်။ ဒီရဲဘော်တွေဟာ ကိုယ့်နိုင်ငံလွတ်လပ်ချင်လို့သာ စစ်တိုက်နေကြရတာပါ။ ဘာလခမှ မရကြပါဘူး။ ဆေးဝါး၊ လက်နက်၊ အဝတ်အထည်၊ အစား အသောက် ဘာမှ မပြည့်စုံပါဘူး။ မသေရုံစား၊ အရှက်လုံရုံဝတ်ပြီး တိုက်ပွဲဝင်နေကြရတာပါ။ ဒါ့ကြောင့်နောင်ကြီးတို့ သဒ္ဒါရှိသလောက် လှူဒါန်းခဲ့စေချင်ပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဇော်ဝင်းကို တစ်ညလုံးတိုက်ခိုက်ခဲ့သော လောဘသည် အနိုင်မရသဖြင့် အရှုံးပေးကာ ငွေဒင်္ဂါးပိုင်ရှင်လင်မယားထံ ရောက်သွားပြန်လေပြီ။ ငွေဒင်္ဂါးသေတ္တာကြီး ဖောက်ထွင်းခိုးယူသွားကြပြီဟု ကြားရစဉ်က မယားဖြစ်သူမှာ လူးလိမ့်ငိုကြွေးခဲ့သည်။ လင်ဖြစ်သူမှာလည်း မစားနိုင်မသောက်နိုင် တမှိုင်မှိုင်တတွေတွေဖြစ်နေခဲ့သည်။

ဖောက်ထွင်းသွားသူများက သူတော်ကောင်းစိတ်လေးဝင်ပြီး သုံးပုံတစ်ပုံလောက်ပြန်ပေးလျှင်ပင် ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီး တစ်သက်လုံးကျေးဇူးဆပ်သွားမည်ဟု ဆုံးဖြတ်မိကြသည်။ ယခု တကယ့်သူတော်ကောင်းက အကုန်ပြန်ပေးပြီး သဒ္ဓါသလောက် ရဲဘော်တွေအတွက် လှူပါဟုဆိုသောအခါ သူတို့လင်မယား လက်တွန့်နေကြပြန်သည်။

ဆုံးဖို့ရာ ၉၉ ရာခိုင်နှုန်းရှိနေသော ပစ္စည်းတစ်ခု ပြန်ရခဲ့လျှင် ရေအဆုံးကုန်းတစ်ဝက်ဟူသောစကားအတိုင်း ရိုးသားစွာ ပြန်လည်အပ်နှံသူကို ပစ္စည်း၏ တန်ဖိုးတစ်ဝက်ကိုကား ကေန်မုချ ပြန်လည်ချီးမြှင့်သင့်သည်။

သို့သော် ရလေလိုလေ အိုတစ္ဆေသဘောမျိုးရှိသော လောဘကို လက်ခံမိသည့် လင်မယားက

"တော်လှန်ရေးရဲဘော်တွေအတွက် ငွေဒင်္ဂါးအပြား ငါးဆယ် လှူပါမယ်"ဟုပြောသောအခါ ဗိုလ်ဇော်ဝင်း သူတို့လင်မယားကို ကြည့်၍ စိတ်မကောင်းဖြစ်သွားမိသည်။ လှူဒါန်းသော ဒင်္ဂါးရေ နည်းသောကြောင့်မဟုတ်။ လင်မယားနှစ်ယောက်လုံး လောဘ၏ အနှိပ်စက်ကို ခံနေရရှာပြီဟု သိနေသောကြောင့်ဖြစ်ပါ၏။ ဗိုလ်ဇော်ဝင်းက



"ကဲပါဗျာ မလှူချင်ရင်လဲ လှူမနေပါနဲ့။ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"ဟု ပြောသောအခါတွင်မှ အားနာပါးနာဖြင့် ငွေဒင်္ဂါးအပြားသုံးရာလှူကာ ရုံးခန်းမှ ဆင်းသွားကြလေပြီ။

ဗိုလ်ဇော်ဝင်းတစ်ယောက် မျက်စေ့မှိတ်၍ သေချာစဉ်းစားနေမိသည်။ မြန်မာလူမျိုးတွေ အရေးတကြီးပြုပြင်ရမည့်အချက် တစ်ခုတော့ ရှိနေပြီ။ လူဆိုးကို နှိပ်ကွပ်သော နိဂ္ဂဟကံ၊ လူကောင်းကို ချီးမြှောက်သော ပဂ္ဂဟကံနှစ်မျိုးတွင် နိဂ္ဂဟကံကိုကား ပြောစရာမလိုအောင် ပြုလုပ်ကြသည်။

သူခိုးတစ်ယောက်မိပြီဆိုလျှင် တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး ဝိုင်းရိုက်ကြသည်။ အမျိုးသမီးများကစပြီး ခုံဖိနပ်နှင့် ဝင်ခုတ်ကြသည်။ ဤကား နိဂ္ဂဟကံ။ ဗိုလ်ဇော်ဝင်းတို့ကဲ့သို့ အငတ်အပြတ်ခံပြီး စာရိတ္တကို အသက်ထက် တန်ဖိုးထားကာ ရိုးသားဖြောင့်မတ်ကြသောသူများကိုကား များများစားစား ထိထိရောက်ရောက် မချီးမြှောက်ချင်ကြ။

ရိုးသားဖြောင့်မတ်သော စာရိတ္တသူရဲကောင်းများ၊ များများပေါ်ထွက်ရေးအတွက် နှိပ်ကွပ်သော နိဂ္ဂဟကံတစ်ခုတည်းနှင့် မပြည့်စုံ၊ ချီးမြှောက်သော ပဂ္ဂဟကံရှိဘို့လည်းလိုအပ်ကြောင်း ဗိုလ်ဇော်ဝင်း လေးလေးနက်နက် တွေးနေမိသည်။ ထိုအတွေးကို မြန်မာပြည်သားတိုင်း တွေးမိစေချင်သည်မှာ ဗိုလ်ဇော်ဝင်း၏ အကြီးမားဆုံးသော ဆန္ဒတစ်ခုသာဖြစ်ပါ၏။

"လောဘဟာ လူ့သန္တာန်မှာဖြစ်ဖြစ်၊ ခွေးသန္တာန်မှာဖြစ်ဖြစ်၊ နတ်သန္တာန်မှာဖြစ်ဖြစ် လိုချင်ခြင်းဆိုတဲ့သဘောက ဘယ်တော့မှ ဖောက်ပြန်မသွားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအတူ လောဘကို လက်ခံမိတဲ့သူမှန်သမျှကိုလည်း မသေခင် သောကရောက်ခြင်း၊ သေတဲ့အခါ ပြိတ္တာဘုံကို ဆွဲချခြင်း သဘောကလည်း ဘယ်တော့မှ ဖောက်ပြန်မှာမဟုတ်ဘူး။

ဗုဒ္ဓလက်ထက်က တိဿအမည်ရှိတဲ့ ရဟန်းကြီးတစ်ပါး ပျံတော်မူတဲ့အခါ သင်္ကန်းခေါက်တဲ့ သန်းပြိတ္တာဖြစ်ရတာ သင်္ကန်းကို လိုချင်စွဲလမ်းတဲ့ လောဘစိတ်ကြောင့်ပဲပေါ့။"

(ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်၏ တရားရှင်းတမ်းတရားတော်မှ)

**မှတ်ချက်။**

သခင်တင်မြ၏ဘုံဘဝမှာဖြင့် စာအုပ်မှ ရဲဘော် ၃ ကျိတ်အဖွဲ့ဝင်တစ်ဦး၏ တကယ့်ဖြစ်ရပ်ကို တန်ဆာဆင်ရေးဖွဲ့ခြင်းဖြစ်ပါသည်။



## အူမ မတောင့်သော်လည်း သီလစောင့်သူ

မည်သည့်လူသားမှ မသွားချင်သောနေရာ၊ သို့သော် တစ်သက်တွင် တစ်ခေါက်တော့ ကေန်မုချရောက်ရသည့်နေရာ၊ ထိုနေရာကား သုသာန်ခေါ် သင်္ချိုင်း။ မည်သည့်လူသားမှ မသွားချင်သော ထိုသင်္ချိုင်းသို့ နေ့စဉ်သွားချင်နေသော သူတစ်ယောက်ကား မန်းကျည်းစဉ်ရွာထဲတွင် ရှိနေသည်။ ထိုသူကား အသက် (၁၂)နှစ်အရွယ်သာရှိသေးသော မသိန်းရင်။

သူမ လာချင်ခြင်းမှာလည်း အကြောင်းရှိသည်။ သင်္ချိုင်းတွင်းသို့ အသုဘချချိန်လောက်သာ လူသူအရောက်အပေါက်ရှိသဖြင့် နှစ်များစွာကတည်းက ပေါက်နေကြသော မန်းကျည်းပင်များမှာ အရွက်များ ဘယ်လောက်ပင်နုနု အသီးများ ဘယ်လောက်ပင် သီးသီး ခူးမည့်သူမရှိ။

လမ်းမှ မန်းကျည်းပင်များ၊ ရွာဦးကျောင်းမှ မန်းကျည်းပင်များကား ခူးသူပေါများသဖြင့် ဘယ်သောအခါမှ ရွက်နုနှင့်အသီးများ များများစားစားမရှိပေ။ လူအများက အမင်္ဂလာဟု ယူဆထားသောနေရာသည် မသိန်းရင်အတွက်ကား မင်္ဂလာသာဖြစ်၏။

"အသုဘရှုပ်အလောင်းတို့၊ သင်္ချိုင်းတို့ကို လူအများက မင်္ဂလာမရှိတဲ့အရာလို့ ယူဆကြတယ်။ ဒီအယူအဆဟာ မင်္ဂလာနဲ့

www.burmeseclassic.com



အမိပ္ပာယ်ကို မသိတဲ့သူတွေရဲ့ အယူအဆပဲသမီးရဲ့။ အမှန်က ကုသိုလ်ကောင်းမှုကို ဖြစ်ပွားစေတတ်ရင် မင်္ဂလာပဲ။ အသုဘရုပ် အလောင်းတို့ သချိုင်းတို့ကို တွေ့ရတဲ့အခါ ငါလဲ တစ်နေ့သေရ တော့မှာပါလားဆိုတဲ့ အသိလေးဝင်လာကြတာများတယ်"

"အဲဒီအသိစိတ်ကလေးကို သေခြင်းကို အမှတ်ရတဲ့စိတ်လို့ ခေါ်တယ်။ မရဏာနုဿတိဘာဝနာလို့လဲခေါ်တယ်။ ဒါနှ သီလတို့ ထက်သာလွန်တဲ့ ဘာဝနာကုသိုလ်ကြီးပဲပေါ့။ ကိလေသာကို ခါတွက်ခြင်းလို့ အမိပ္ပာယ်ရတဲ့ ဓုတင် (၁၃)ပါးထဲမှာ သုသာန်ဓုတင် ဆိုတာပါတယ်။ ဒီဓုတင်ကို ဆောင်ထားတဲ့ ရဟန်းတော်ဟာ မနက် စောစော နှစ်နာရီ သုံးနာရီလောက်မှာထပြီး သုသာန်မှာပဲ အရုဏ် တက်တဲ့အထိ မိုးလင်းတဲ့အထိနေရတယ်။

ဒီဓုတင်အကျင့်ဟာ ကိလေသာကို မြန်မြန်ကုန်စေဖို့အတွက် ကုသိုလ်အကျင့်ထူးကြီးတစ်ခုပေါ့။ သုသာန်မြင်ရတိုင်း သေခြင်း တရားကို အမှတ်ရနေတော့ ခန္ဓာမှာတွယ်တာတဲ့လောဘကို အလိုလိုသတ်ပြီးသား ဖြစ်နေတာပေါ့။ အသုဘရုပ်အလောင်းကို ကြည့်ပြီး မိမိခန္ဓာရဲ့ မတင့်တယ်ပုံ၊ ရွံ့ရှာဘွယ်ကောင်းပုံကို ရှုတာ မျိုးကိုတော့ အသုဘဘာဝနာလို့ခေါ်တယ်။

ဒါလဲ ဘာဝနာပွားတာဖြစ်လို့ ကုသိုလ်ကိုရစေတာပဲပေါ့။ တစ်ခါဆိုရင် ဗုဒ္ဓကိုယ်တော်တိုင် ပုပ်ပွနေတဲ့ ကျွန်မတစ်ယောက်ရဲ့ အလောင်းကောင်ကို ပတ်ထားတဲ့ ပိတ်စကြီးကို ပံသုကူကောက်ပြီး သင်္ကန်းအဖြစ် ဝတ်ရုံသုံးဆောင်တော်မူတယ်။ ဒါတွေကိုထောက်ပြီး အသုဘရုပ်အလောင်းတို့၊ သုသာန်တို့ဆိုတာ ကုသိုလ်တရားကို ဖြစ်ပွားစေတတ်လို့ မင်္ဂလာလို့ပဲ မှတ်ပေါ့သမီးရယ်။



သူမ၏ ဖခင်ဖြစ်သူ ဦးတရုတ်၏ အထက်ပါစကားတို့ကြောင့် လည်း သုသာန်မှာ မသိန်းရင်အတွက် ကြောက်စရာမဟုတ်တော့။ ယခုလည်းကြည့်ပါ။ သုသာန်တစ်ခုလုံး တိတ်ဆိတ်နေသော်လည်း ငြိမ်သက်မှုကားမရှိ။ မြင့်မားလှသော မန်ကျည်းပင်တစ်ပင်၏ ထိပ်ဖျားသည် တလှုပ်လှုပ်နှင့်ရှိနေသည်။ လွယ်အိတ်ကြီးနှစ်လုံးကို စလွယ်သိုင်းလျက် မန်ကျည်းသီးစိမ်းများကို အားရပါးရခူးနေသူ ကား ကြေးနောင်ဝိုင်းတီးဆရာ ဦးတရုတ်၏သမီးကြီး မသိန်းရင် ပါတည်း။

မသိန်းရင်မှတစ်ပါး မည်သူမှ လာမခူးရဲသောနေရာဖြစ်ခြင်း ကြောင့် မန်ကျည်းသီးများကား ပြွတ်ကျပ်နေအောင် သီးနေကြ သည်။ စစ်ကိုင်းမြို့ဈေးထဲသို့ အချိန်မီရောက်မှ ခူးထားသော မန်ကျည်းသီးစိမ်းများ မနက်ခင်းတစ်ချိန်နှင့် ကုန်သွားမည်။ သို့ မဟုတ်ပါက ရွာထဲလှည့်ရောင်းနေရလျှင် ညနေစာချက်ပြုတ်ဖို့ နောက်ကျသွားနိုင်သည်မဟုတ်ပါလား။

"အမေရှိရင် ဘယ်လောက်ကောင်းမလဲ"

ဟူသော အတွေးနှင့်အတူ အမေ့ကို သတိရမိသည်။

ယခုဆိုလျှင် အဖေနှင့် သူတို့မောင်နှမသုံးယောက်ကို အမေ ပစ်သွားသည်မှာ (၂)နှစ်ကျော်ပင်ရှိလာခဲ့ပြီ။ သိန်းတင်က သူနှင့် အမွှာညီအစ်မ၊ သူက သိန်းတင်ထက် ငါးမိနစ်သာ စောပြီးမွေးခဲ့ သည်။ အငယ်ဆုံးမောင်လေးချစ်ဝင်းက ကိုးနှစ်အရွယ်သာရှိသေး သည်။

အမေ ငါတို့ကို ဘာလို့ပစ်သွားတာပါလိမ့်ဟု တွေးမိသည်နှင့် မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့က ပြည့်လျှံလို့လာသည်။ မန်ကျည်း

www.burmeseclassic.com

www.burmeseclassic.com



သီးစိမ်းတို့ကို သွက်သွက်လက်လက် ခူးလျက်ရှိသော လက်တို့သည် ပင် လေးလံထိုင်းမှိုင်းသွားသည်။

ထိုအချိန်မှာပင် အသံချဲ့စက်မှ ဖွင့်လိုက်သော စိန်အောင် မင်း၏ သီချင်းသံက မန်ကျည်းပင်ထိပ်ထိ ပျံ့လွင့်လို့လာသည်။

မာမာထန်ထန် မိန်းကလေးတစ်ယောက်ဖြစ်သော်လည်း မိခင်ကို လွမ်းသောစိတ်ကိုတော့ ကြိတ်မှိတ်မခံနိုင်ရှာ။ ထို့ကြောင့် လည်း မျက်ဝန်းတည်းဟူသော ရေကာတာက ကျိုးပေါက်သွား သဖြင့် မျက်ရည်အလျှင်တို့က ဒလဟောစီးဆင်းလိုလာကြသည်။ ငိုကြွေးခြင်းဘက်သို့ အားရောက်သွားသဖြင့် မန်းကျည်းကိုင်းများကို ကိုင်ထားသော လက်တို့တွင် အားမပါတော့။

ထို့ကြောင့်လည်း မန်ကျည်းသီးများရာ တခြားကိုင်းသို့ အကူး လိုက်တွင် အားမပါသောလက်တို့က သူမ၏ခန္ဓာကိုယ်ကို ထိန်း မထားနိုင်တော့ဘဲ ပေသုံးဆယ်ကျော်မန်ကျည်းပင်အမြင့်မှ အောက် သို့ပြုတ်ကျသွားလေတော့သည်။ သတိရှိသော မိန်းကလေးဖြစ်ခြင်း ကြောင့် အောက်သို့ကျရင်းမှ လက်နှင့်ထိမိရာ အကိုင်းများကို အတင်းဆွဲသောကြောင့် ဆယ်ပေလောက်အရောက်တွင် ကိုင်း တစ်ကိုင်းကို ဆွဲမိသဖြင့် အရှိန်တန့်ကာ တန်းလန်းကြီးဖြစ်နေသည်။

သို့သော် ကျလာသော အရှိန်က အားကြီးသောကြောင့် ခဏနှင့်ပြန်ပြုတ်ကျသွားပြန်သည်။ နောက်ပေနှစ်ဆယ်ကျော် လောက်တွင် ရှုပ်ယှက်ခတ်နေသော မန်ကျည်းကိုင်းများအနက်မှ တစ်ကိုင်းကိုဆွဲမိပြန်သည်။ ကျလာသောအရှိန်ကိုကား မထိန်းနိုင် တော့သဖြင့် ယင်းဆယ်ပေအမြင့်မှ ဆက်ကျသွားရာ သေကံမပါ သောကြောင့်ထင်သည်။ မန်ကျည်းပင်ခြေရင်းမှ အုတ်ဂူတစ်ခုပေါ် သို့ လေးဘက်ထောက်ကျသွားသည်။



မန်ကျည်းသီးများ အပြည့်အသိပ်ထည့်ထားသော လွယ်အိတ် နှစ်လုံးက ရင်ဘတ်နှင့်ဗိုက်အောက်ကခံနေသဖြင့် မသိန်းရင်တစ် ယောက် သေဘေးမှ လွတ်ခဲ့ရခြင်းဖြစ်သည်။

ကြောက်လန့်တတ်သော စိတ်များကို အရွယ်နှင့်မမျှအောင် ခံစားနေရသော ဘဝလောကခံများက နှင်ထုတ်ပစ်လိုက်ဟန်တူ သည်။ မသိန်းရင်ကား ဘာမှမဖြစ်သလိုပင် ဘေးသို့ ထွက်ကျနေ သော မန်ကျည်းသီးစိမ်းများကို အမြန်လိုက်ကောက်ကာ အိတ်ထဲသို့ အမြန်ထည့်နေရှာသည်။ ပေသုံးဆယ်ကျော်အမြင့်မှ ကျခဲ့သည်ဖြစ် သောကြောင့် လက်မောင်း၊ လက်ဖျံ၊ ကျောကုန်း၊ ပေါင်နှင့် ခြေသလုံးတို့တွင် အရေပြားစုပ်ပြီး သွေးများစို့နေကြသည်။

မသိန်းရင်ကား ထိုဒဏ်ရာတို့ကို ဂရုမစိုက်နိုင်။ ဖခင်နှင့်ကျန် မောင်နှမနှစ်ယောက်တို့ ညနေစာအမီ စားနိုင်ရေးအတွက် ခူးပြီး သား မန်ကျည်းသီးစိမ်းများ အမြန်ရောင်းထွက်ဖို့ရာသာ အရေးကြီး လျက်ရှိသည်။ ထို့ကြောင့်လည်း အသင့်ယူလာသော ဈေးဗန်းကြီး ထဲသို့ ခူးရသမျှ မန်ကျည်းသီးစိမ်းများကိုလောင်းထည့်ကာ တစ်မတ် တန်ပုံ ဘယ်နှစ်ပုံခန့်ရမည်ကို ခန့်မှန်းခြေပုံကြည့်လျက်ရှိသည်။

ဆယ်ပုံခန့်ရမည်ကို တွေ့ရသောအခါ ငွေမည်မျှရမည်ကို ဈေးတွက်ခေါ် မိန်းမတွက်တွက်ကြည့်လျက်ရှိသည်။

"တစ်ပုံ တစ်မတ်ဆိုတော့ ဆယ်ပုံဆိုရင် ဆယ်မတ်ရမယ်။ ဆယ်မတ်ဆိုတော့ နှစ်ကျပ်ခွဲပေါ့။ ဒါဆိုရင် ဆန်လေးလုံးနဲ့ ဆီ ငါးကျပ်သားတော့ရမယ်။ အိမ်မှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ငါးပိ နည်းနည်းတော့ ကျန်သေးတယ်။ ဈေးရောင်းပြန်မှ ဆုန်းကြီး ကျောင်းဝိုင်းထဲက သရက်သီးစိမ်းသွားကောက်ပြီး သရက်သီးငါးပိ ချက် ချက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



တွက်ရေးနှင့် စက်သူဌေးဖြစ်ပြီးသောအခါ သွေးစို့နေသော ဒဏ်ရာတို့မှ စပ်ဖျဉ်းဖျဉ်းဝေဒနာ ပေါ်လာသဖြင့် မန်ကျည်းသီးစိမ်းနှင့် တို့စားရန် ယူလာသော ဆားများကို ဒဏ်ရာများပေါ် သိပ်ပစ်လိုက်တော့သည်။ စပ်လွန်းသဖြင့် အားကျွတ်ကျွတ်ဟူသော အသံများက သုံးကြိမ်လေးကြိမ် ဆက်၍ထွက်သွားခဲ့သည်။

ကိစ္စအားလုံးပြီးသွားသည်နှင့် မြင်းလှည်းဂိတ်သို့ သုတ်ခြေတင်တော့သည်။ မြင်းလှည်းခတစ်မတ်သက်သာစေရန် အသိမြင်းလှည်းနှင့် တွေ့ပါစေဟု ဆုတောင်းနေမိသည်။ ဆုတောင်းကားမပြည့်။ ထို့ကြောင့် တွေ့သည့်မြင်းလှည်းကိုပင်စီးပြီး စစ်ကိုင်းဈေးဆီသို့ အရောက်လှမ်းခဲ့ရလေသည်။

× × × × ×

မသိန်းရင် အိမ်ပြန်ရောက်သောအချိန်တွင် (၁၂)နာရီထိုးပြီးပေပြီ။ ညီမလေးနှင့်မောင်လေးမှာ အိမ်နှင့် ခပ်လှမ်းလှမ်းတွင် အပူအပင်ကင်းစွာကစားလျက် ရှိကြသည်။ ညီမလေးသည် အသက်အားဖြင့် သူမထက် ငါးမိနစ်သာငယ်သော်လည်း အသိဉာဏ်အနေဖြင့်ကား ငါးနှစ်စာထက်ပင် ပို၍ငယ်နေသည်။

မိသားစု၏ နေရေး၊ စားရေးကို ဘာမှမပူပင်တတ်။ ချက်ရေးပြုတ်ရေးအတွက်လည်း ဘာအကူအညီမှမရပေ။ ကစားဖို့ လျှောက်လည်ဖို့၊ အဝတ်အစားကောင်းကောင်းဝတ်ဖို့လောက်သာတတ်သည်။ ယခုလည်းကြည့်ပါ။ ဈေးရောင်းက မောကြီးပမ်းကြီး ပြန်လာသောအစ်မဖြစ်သူကို ကူညီလုပ်ကိုင်ပေးရမှန်းမသိဘဲ ကစား၍သာနေသည်။

တစ်ခါ နှစ်ခါခေါ်ခိုင်းကြည့်ဘူးသော်လည်း ဆောင့်ကြီးအောင့်ကြီးဖြင့် ရန်သာလုပ်နေသဖြင့် မသိန်းရင်က နောက်ဘယ်



တော့မှ မခိုင်းတော့ပေ။ လုပ်စရာရှိသမျှကို တစ်ယောက်တည်းသာ သိမ်းကြုံးလုပ်တော့သည်။ အစားနည်းကြသောကြောင့် သားအဖလေးယောက်မှ တစ်နပ်လျှင် ဆန်နှစ်လုံးချက်သာကုန်သည်။ မနက်ထမင်းကြမ်းကျန်အောင် သုံးလုံးထည့်လိုက်သည်။

ထမင်းနပ်သည်နှင့် သရက်သီးငါးပိချက် ချက်ရန်အတွက် လိုအပ်သော သရက်သီးရရှိရန် ဘုန်းကြီးကျောင်းထဲသို့ အပြေးထွက်ခဲ့ပြန်သည်။ ကြွေကျသော သရက်သီးများကို ဆရာတော်က ကောက်ခွင့်ပြုထားသောကြောင့် မည်သူမဆို ကျောင်းဝိုင်းအတွင်းသို့ ဝင်ကောက်လေ့ရှိကြသည်၊ အလာကောင်းပေမယ့် အခါနှောင်းခဲ့လေပြီ။ သရက်သီးနှစ်လုံးသုံးလုံးခန့်သာ တွေ့ရသည်။

အင်း . . . ချက်စူတို့ညီအစ်ကိုတွေ အကုန်ကောက်သွားကြပြီဟူသော အတွေးနှင့်အတူ ကျောင်းခြံစည်းရိုးအစပ်ဆီမှ ကင်းပုံညွန့်များကို လိုက်ဆိတ်နေလေသည်။ ငါးမရရေချိုးပြန်မည့်သဘောပင်။

ကင်းပုံရွက်၊ ဟင်းချိုတစ်ခွက်တော့ရမယ်၊ အဖေကြိုက်တဲ့ ပုစွန်ခြောက်တော့ မခပ်နိုင်ဘူး။ ချိုသွားအောင် ငံပြာရည်လေး နည်းနည်းကဲထည့်ရမှာပဲ။

ကင်းပုံညွန့်များကို ခူးရင်းဖြင့် ခြုံပုတ်အောက်သို့ မျက်စေ့ရောက်သွားရာ ဖြူဖြူလုံးလုံးများကို တွေ့လိုက်ရသဖြင့် ကင်းပုံနွယ်များကို ခပ်ကြမ်းကြမ်းဖယ်၍ ကြည့်လိုက်မိ၏။ မှိုများဖြစ်နေသည်ကို တွေ့ရသည်၊ ဘာမှိုဆိုသည်ကိုတော့ မသိန်းရင်မသိ၊ အဖေဘာမှိုသိပ်ကြိုက်တာဟူသောအတွေးနှင့်အတူ မှိုများကို သိမ်းကြုံး၍ ခူးယူနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှိုရတဲ့မျက်နှာဆိုသော စကားလုံးအကြောင်းကို မသိန်းရင် ကောင်းကောင်းသိသွားသည်။ ဒါတောင်မှိုက စားကောင်းမှန်း၊ မစားကောင်းမှန် သေချာမသိ။ ဝမ်းသာသောစိတ်က ကြီးဖြစ်နေနှင့်သည်။ တစ်ခါချက်ကတော့ ကောင်းကောင်းရတယ်ဟူသော အတွေးနှင့်အတူ အမျိုးအမည်မသိရသော မှိုနှင့်ကင်းပုံညွှန့်များကို စကောတွင် အသာထည့်ကာ အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့်ရလာသောမှိုများကို သေချာပြန်ကြည့်သည်။ မည်သည့်မှိုအမျိုးအစားဖြစ်သည်ကို သူဉာဏ်ကလေးနှင့် ဆန်းစစ်ကြည့်နေခြင်းပင်။ မှိုဦးနက်လည်းမဟုတ်။ ကောက်ရိုးမှိုလည်းမဟုတ်။ တောင်ပို့မှိုလည်းမဟုတ်။ မသိန်းရင် အတော်အတွေးရကျပ်သွားသည်။ တစ်မိုက်ခန့် ရှည်သော ပုလင်းသေးသေးလေးထဲမှ ဆီနှစ်ကျပ်ခွဲသားကိုလည်း လှမ်းကြည့်မိပြန်သည်။

မစားကောင်းတဲ့မှိုတွေဖြစ်နေရင် ထည့်ချက်တဲ့ဆီတွေ အလကားဖြစ်သွားမှာ၊ ဆီကလည်း တစ်ခါချက်ပဲရှိတာ၊ အဖေအလုပ်က ပြန်လာလို့ မောမောနဲ့ ထမင်းပြင်တော့ သမီးကြီးရေ အဖေဆာပြီလို့ ပြောလိုက်လို့ ကျွေးစရာဟင်းမရှိပြန်ရင်လည်း အဖေ့ကို သိပ်သနားစရာကောင်းတယ်။ ငါဘယ်လိုလုပ်ရလဲ။

မသိန်းရင် ဝေခွဲမရဖြစ်နေသည်။ ထိုအချိန်မှာပင် သူ့အဖေ သင်ပြထားသော စားကောင်းသောမှို၊ မစားကောင်းသောမှိုခွဲခြားနည်းကို အမှတ်ရသွားသဖြင့် ဝင်းလက်သွားသော မျက်နှာလေးနှင့်အတူ မှိုတစ်ပွင့်ကိုယူကာ လက်နှင့်ချေကြည့်လိုက်သည်။ ထို့နောက် ဆယ်မိနစ်ခန့်ထိုင်စောင့်နေလိုက်သည်။ ဆယ်မိနစ်ခန့်ရှိသောအချိန်ထိ လက်ညှိုးလက်မနှစ်ချောင်းနှင့် ခြေကြည့်ထားသောနေရာသည် မည်းနက်သွားခြင်းမရှိဘဲ ပကတိအဖြူအတိုင်းကိုသာ တွေ့ရသည်။



ဒါဆိုရင်တော့ မှိုအမျိုးအစားကို မသိပေမယ့် မှိုကောင်းဖြစ်တာ သေချာသွားပြီဟုတွေးကာ ဝမ်းသာအားရဖြင့် မှိုဟင်းတစ်ခွက် ချက်လိုက်သည်။ ကန်စွန်းရွက်နှင့် ငရုတ်သီးစိမ်း လေးငါးတောင့်ကို ထက်ပိုင်းချိုးကာ ထည့်လိုက်ပြန်သဖြင့် ချိုစပ်အံရသာရှိသော မှိုဟင်းတစ်ခွက်ဖြစ်သွားလေသည်။

"မှိုဟင်းချက်ရင် ကန်စွန်းရွက်ထည့်ရတယ် သမီးကြီးရဲ့၊ အဲသလိုထည့်တော့ ဘာတွေပိုကောင်းသွားသလဲဆိုရင် မှိုမှာ အဆိပ်နည်းနည်းပါမယ်ဆိုရင် အဲဒီအဆိပ်ပြေသွားတယ်"

မှိုရဲ့ အချိုဓာတ်ကိုလည်း ပိုပြီး လေးလေးပင်ပင်ဖြစ်သွားစေတယ်၊ နောက်ပြီး ဟင်းအနှစ်လည်း များသွားတာပေါ့"

ဖခင်၏ ဤအမှာစကားလေးကြောင့်လည်း အိမ်နောက်ဖေးမှ ကန်စွန်းရွက်များကို ထည့်လိုက်မိခြင်းဖြစ်သည်။ မှိုချက်ကလည်း အချို၊ ကင်းပုံညွှန့်ဟင်းချိုကလည်း အချိုဆိုတော့ အချိုချည်းဖြစ်နေတော့ ဟင်းစပ်မတည့်၊ အိမ်ခြံစည်းရိုးဘေးမှ ချဉ်ပေါင်ရွက်လက်တစ်ဆုပ်စာခူးပြီး ချည်ရည်ဟင်းချက်လိုက်သောအခါ အချိုဟင်းနဲ့ အချဉ်ဟင်း အစပ်တည့်သွားလေပြီ။ ကင်းပုံရွက်ကိုတော့ နောက်နေ့မနက်မှ ဟင်းချိုချက်တော့မည်။

ထမင်းဟင်းအားလုံးချက်ပြီးသည်နှင့် အငယ်နှစ်ယောက်ကို ရေချိုးခိုင်းရသည်။ မောင်အငယ်ကို ချိုးပေးရင်း သူမကိုယ်တိုင်လည်း ချိုးလိုက်သည်။ သူမတို့ ရေချိုးပြီးချိန်လောက်မှပင် ဖခင်ဖြစ်သူ ဦးတရုတ် လက်သမားအလုပ်မှ ပြန်ရောက်နေလေပြီ။ မောင်လေးကို သနပ်ခါးလိမ်းပေးရင်းမှ လှမ်းမေးရသည်။

"အဖေ . . . ထမင်းပွဲပြင်လိုက်ရတော့မလား၊ ရေအရင်ချိုးဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရေအရင်ချိုးဦးမယ် သမီးကြီးရယ်၊ ဒါနဲ့ သမီးကြီး ညနေစာ ဘာဟင်းတွေချက်ထားသလဲ"

"မှိုဟင်းနဲ့ ချဉ်ပေါင်ရွက်ချဉ်ရည်ချက်ထားတယ်အဖေ၊ ဒါပေမယ့် မှိုက ဘာမှိုမှန်းမသိဘူးအဖေ၊ အဖေနည်းနည်းကြည့်လိုက်ပါဦး"

သမီး၏စကားအဆုံးတွင် ဦးတရုတ်က မှိုဟင်းချက်အိုးအဖုံးကို သွားဖွင့်ကြည့်လိုက်ရာ သင်းပျံ့လာသော မှိုဟင်းနံ့က နှာခေါင်းဝကို လာကလိသဖြင့် ဆာလောင်မွတ်သိပ်မှုကို အားပေးခေါ်ယူလိုက်သကဲ့သို့ဖြစ်သွားကာ ဝမ်းထဲမှ တစ်ဂျုပ်ဂျုပ်ပင် မည်လာသည်။ ဦးတရုတ်က မှိုဟင်းကို ဇွန်းတစ်ချောင်းဖြင့် သေချာခပ်ကြည့်သော်လည်း မည်သည့်မှိုမှန်းမသိ။

"သမီးကြီးရေ၊ မှိုအမျိုးအစားတော့ အဖေလည်း မပြောနိုင်ဘူး၊ သမီးဘယ်နေရာက ရလာတာလဲ"

"ရွာဦးကျောင်း သရက်ခြံဘေး ခြံစည်းရိုးနားကရတာအဖေ ဒါပေမယ့် အဖေပြောထားတဲ့နည်းအတိုင်း စားကောင်းတဲ့မှို ဟုတ်၊ မဟုတ် စမ်းကြည့်တော့ စားကောင်းတဲ့ မှိုထဲမှာပါနေတယ်အဖေ"

"ဒီမှိုဟင်းလေးတစ်ခွက်ဖြစ်လာအောင် သမီးကြီး ဘယ်လောက်ထိ ပင်ပန်းထားတယ်ဆိုတာ အဖေသိပါတယ်၊ ဒါ့ကြောင့် အဖေကတော့စားမယ်"

ထိုအခါ အစားမက်သော သမီးငယ်သိန်းတင်က -

"ဒါဆိုရင် သမီးတို့ကျတော့ကော မစားရဘူးလားအဖေ"

ဟု ဝင်မေးရာ ဦးတရုတ် ပြန်ဖြေလိုက်သည်က

"သမီးတို့ သားတို့လည်း စားရမှာပေါ့၊ ဒါပေမယ့် အဖေစားပြီး တစ်နာရီလောက်ရှိမှ စားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မှိုက လူကို



သေစေတတ်တဲ့ အဆိပ်ပါနေတယ်ဆိုရင် တစ်နာရီအတွင်း အဖေသေသွားလိမ့်မယ်။ အဲဒါဆိုရင် သမီးတို့မစားနဲ့၊ စားပြီး တစ်နာရီအတွင်း အဖေမသေဘူးဆိုမှ သမီးတို့စားကြပေါ့။"

အဖေကား အပြောမဟုတ် လက်တွေ့သမားဖြစ်၏။ ညနေစာ စားကြသောအခါ အဖေဖြစ်သူစားသည်ကို မသိန်းရင်တို့ မောင်နှမများ စောင့်ကြည့်နေကြရသည်။ အဖေ ထမင်းတစ်လုပ်မျိုချတိုင်း မသိန်းရင်တို့ တစ်ခါရင်ဖိုရသည်။ အဖေထမင်းစားပြီးတဲ့အထိလည်း မသိန်းရင်တို့၏ သောကက မဆုံးသေး။ တစ်နာရီကြာသည်အထိ စောင့်ကြည့်ကြဦးမယ်မဟုတ်ပါလား။

သားသမီးတို့၏သောကကို ဦးတရုတ်က စာနာသွားမိဟန်တူသည်။ သူငယ်ငယ်တုန်းက ဖြစ်ရပ်ကလေးတစ်ခုကို ပြောပြရင်းဖြင့် ပူပန်စိတ်အချို့ကို လျှော့ပါးသွားစေသည်။

"ခုအချိန်ထိဘာမှမဖြစ်ရင်တော့ စိတ်ချရပါပြီကွယ်၊ မှတ်မှတ်ရရ အဖေတို့ဘုန်းကြီးကျောင်းသားဘဝတုန်းကလည်း အစားနဲ့ပတ်သက်ပြီး ခုလိုကြုံခဲ့ဘူးသေးတယ်။"

"ဘယ်လိုတုန်းအဖေ ပြောပြပါဦး"

လူကြီးများ၏ပြောစကားကို စိတ်ဝင်တစားနားထောင်လေ့ရှိသေ မသိန်းရင်က လောဆော်တိုက်တွန်းသည်။ ဦးတရုတ်သည် ကိုရင်လေးငါးဝါထိ ဝတ်ဖူးသဖြင့် ဘာသာရေးနှင့်ပတ်သက်သော အတွေ့အကြုံ ဘုန်းကြီးကျောင်းနှင့်ပတ်သက်သော အတွေ့အကြုံများ ဖူလုံကြွယ်ဝသူတစ်ယောက်ဖြစ်ပေသည်။

"တစ်ခါတော့ အဖေတို့ရွာဦးကျောင်းကို ဒကာတစ်ယောက် ဖရဲသီးအလုံးကြီးကြီးနှစ်လုံး လာလှူတယ်။ နေ့ဆွမ်းစားပြီး အချိုပွဲ ဘုန်းပေးခါနီးကျမှ ဖရဲသီးတွကို ခွဲစိတ်ကပ်ကြရတာပေါ့။ ဆုံးခြား

www.burmeseclassic.com



တာက အဖေတို့ ကျောင်းသားတွေ ထမင်းစားပြီးတဲ့အထိ ဘုန်းကြီးဝိုင်းက ဖရဲသီးစိပ်တွေဟာ တစ်စိတ်မှ မလျော့ဘူး။"

"အဖေတို့ကတော့ စဉ်းစားနေတာပေါ့။ ဘာဖြစ်လို့များ ဖရဲသီးစိတ်တွေ မစားကြတာလဲလို့ အဖြေက ခဏနေတော့ပေါ်တယ်။ ဆရာတော်က တရုတ်နဲ့ဘမြင့် လာဦးဆိုပြီး ဖရဲသီးစိတ်တွေ ထည့်ထားတဲ့ လင်ပန်းကြီးကိုပြတယ်။ မင်းတို့ ဖရဲသီးစိတ်တွေကို တောစပ်မှာသွားပစ်ချေ။ ရဟန်းရော၊ ကိုရင်ရော၊ ကျောင်းသားရော တစ်ယောက်မှ မစားကြနဲ့၊ ဒီနေ့တစ်ကျောင်းလုံးပဲ ဘဲဥချက်နဲ့ ဘဲဥကြော်တွေ စားထားကြတယ်လို့ပြောတယ်"

"ဒါနဲ့ အဖေရော၊ ဘမြင့်ရော၊ ဖရဲသီးစိတ်လင်ဗန်းကြီးကို ရွက်ပြီး တောစပ်ကိုလာခဲ့ကြတယ်။ ဖရဲသီးစိတ်တွေကလည်း သကြားတွေဥနေတော့ စားချင်စရာကြီးပေါ့။ တောစပ်လည်းရောက်ရော အဖေက ဘမြင့်ကို အဖော်ညှိတယ်။ ဖရဲသီးစိတ်တွေစားကြဖို့ပေါ့။ ဘဲဥကြော်စားထားတာဆိုတော့ ဘမြင့်က သေမှာကြောက်လို့ မစားဘူးလို့ငြင်းတယ်။ ဘဲဥကြော်ကတော့ အဖေလည်း စားထားတာပဲ။"

"သူ့ကို အဖော်ညှိမရတော့ အဖေက ဘမြင့်ရှေ့မှာတင် ဖရဲသီးစိတ်တွေကို အားရပါးရ ကိုက်စားလိုက်တယ်။ ဘမြင့်ကတော့ စိုးရိမ်တကြီး အဖေ့ကို စိုက်ကြည့်နေတာပေါ့။ အခုသမီးတို့က အဖေ့ကိုကြည့်နေသလိုပဲပေါ့။ အဲ . . . နှစ်စိတ်လောက်လည်းစားပြီးရော အဖေက မျက်လုံးပြူး၊ ပါးစပ်ကြီးပြဲပြီး မှောက်လျက် လဲချလိုက်တယ်"

"ဘမြင့်က အဖေ့ကိုကြည့်ပြီး ထိတ်ထိတ်ပြာပြာနဲ့ ထွက်ပြေးတယ်။ အဖေကတော့ တစ်ယောက်တည်းဝအောင်စားပြီး ပိုတာ



တွေ အိမ်သယ်သွားလိုက်တာပေါ့။ အဖေ့အတွေ့အကြုံအရဆိုရင် ဘဲဥနဲ့ ဖရဲသီးဟာ တစ်မျိုးစားပြီး အတန်ကြာမှ နောက်တစ်မျိုးစားရင် ဘာမှဥပါဒ် မဖြစ်ပါဘူး"

ဘာပဲပြောပြော ထိုညက မသိန်းရင်တို့ မိသားစု ထမင်းမြိန်ကြသည်ကတော့ အမှန်။

× × × × ×

"ဒီနေ့ အဝတ်တွေများတယ်။ ချောင်းမှာ ရေချိုးသွားရင်း လျှော်မှဖြစ်မယ်"ဟူသော အတွေးနှင့်အတူ မသိန်းရင်တစ်ယောက် ချေးပေနေသော မိသားစုလေးယောက် အဝတ်အစားများကို ဒန်ဇလားကြီးထဲ စုထည့်လိုက်သည်။ ဖြည်းဖြည်းအေးအေးအချိန်မရ၊ အဝတ်လျှော်ပြီးလျှင် မန်ကျည်းသီးခူးစရာရှိသေးသည်မဟုတ်လား။

သွက်သွက်လျှောက်လိုက်သဖြင့် ရွာနောက်က ချောင်းထဲကို ခဏနှင့်ရောက်သွားသည်။ ချောင်းစပ်မှာ အဝတ်အထည်များ ပုံရင်းဖြင့် ဝါဝင်းနေသော ပစ္စည်းတစ်ခုကို ကျောက်တုံးကြီးတစ်တုံးပေါ်၌ တွေ့လိုက်ရသည်။ နေရောင်သည် ထိုပစ္စည်းမှတစ်ဆင့် မသိန်းရင်မျက်နှာဆီသို့ ထိုးနေသဖြင့် သေချာကြည့်စမ်းပါဟု ခေါ်ပြနေသကဲ့သို့ ရှိသည်။

ဆက်ကနဲကောက်ယူကြည့်လိုက်သောအခါ တစ်ကျပ်သားကျော်ကျော်ခန့်ရှိသော ရွှေဆွဲကြိုးတစ်ကုံးဖြစ်နေလေ၏။ ဆွဲကြိုးကို လက်နှင့်ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ရေချိုး၊ အဝတ်လျှော်နေကြသူများမှာ အတော်ခပ်လှမ်းလှမ်းရောက်နေသဖြင့် မသိန်းရင်ကို သတိထားမိကြဟန်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခံအကျီအိတ်ထဲ သေချာထည့်ကာ အဝတ်ကို ဟန်မပျက် ဆက်လျှော်နေလိုက်သည်။ သို့သော် မသိန်းရင်စိတ်ကား အဝတ်လျှော်သောလက်ထက် အလုပ်ပိုလုပ်နေလေပြီ။ ယခုအချိန်တား မသိန်းရင်တို့မိသားစုအတွက် စားရေး၊ ဝတ်ရေး၊ နေရေး အကုန်လိုအပ်နေတာချည်းဖြစ်၏။

အမေအိမ်ကထွက်သွားပြီး နောက်အိမ်ထောင်ပြုလိုက်ကတည်းက သူတို့မိသားစု၏ စား၊ ဝတ်၊ နေရေးအားလုံး ကစဉ့်ကလျားဖြစ်သွားသည်။ ဖခင်သည် ချွေးနည်းစာဖြင့် ငွေရှာပေးတတ်သော်လည်း ထောင့်စေ့အောင်ကား မသုံးစွဲတတ်သေးပေ။ ထို့ကြောင့်လည်း ယခုလို မိုးတွင်းဆိုင်းမတီးရသောအချိန်တွင် မသိန်းရင်တို့မိသားစု ဒုက္ခရောက်တော့သည်။

ဦးတရုတ်ကား ဆိုင်းသမား အနုပညာသည်တစ်ယောက်ဖြစ်သော်လည်း လက်ကြောတင်းသည်။ ထို့ကြောင့် ခုလို ဆိုင်းမတီးရသော မိုးကျချိန်များတွင် ရရာတူလေး၊ လှလေးဆွဲပြီး လက်သမားလိုက်လုပ်သည်။ ကျွမ်းကျွမ်းကျင်ကျင်ကြီးမဟုတ်သဖြင့် လက်သမားဆရာတိုင်းက သိပ်မခေါ်ချင်။

ခေါ်၍ လုပ်ရပြန်တော့လည်း လက်ခစျေးကို သူများထက်နှိမ်ပေးသည်။ ထို့ကြောင့် မသိန်းရင်က အသက်ငယ်ငယ်နှင့် ဖအေကို ဝိုင်းကူနေရခြင်းပင်။ အသက်ငယ်သေးသောကြောင့် လောဘကလည်း ငယ်သေးသည်။ ဆွဲကြိုးရောင်းလိုက်လျှင် ရလာမည့်ငွေများကို တစ်မိုးတွင်းလောက်ရုံဆီနှင့်ဆန်များကိုသာ ဝယ်ဖို့စဉ်းစားသည်။

အဝတ်တွေတစ်ဖုံးဖုံးရိုက်လျှော်ရင်းကပင် ဦးတရုတ်၏ ဆုံးမစကားတို့က မသိန်းရင်နားထဲ ဝင်လာသည်။



"အရှုမ မတောင့်ရင် သီလမစောင့်ဘူးဆိုတဲ့ စကားဟာ လူမိုက်အားပေးစကားသမီးရဲ့၊ အလုပ်အဆင်မပြေလို့ ငတ်နေရင် ခိုးသင့်၊ ခိုးမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ၊ ကိုယ့်ဘဝကို တန်ဖိုးထားတဲ့သူဆိုတာ အရှုမမတောင့်လည်း သီလစောင့်ရမယ်"

"အရှုမမတောင့်ဘူးဆိုတာ ဆင်းရဲတာကို ပြောတာပဲ၊ ဆင်းရဲခြင်းရဲ့အကြောင်းဟာ နှစ်မျိုးရှိတယ်။ မလှူခဲ့လို့လည်း ဆင်းရဲတယ်။ သူတစ်ပါးဥစ္စာခိုးခဲ့လို့လည်း ဆင်းရဲတယ်၊ မလှူခဲ့လို့ ဆင်းရဲတဲ့သူစာဝီရိယနဲ့ ကြိုးကြိုးကုတ်ကုတ်ရှာဖွေရင် မချမ်းသာတောင် လူတန်းစေ့အောင်တော့ အဆင်ပြေသေးတယ်"

"သူတစ်ပါးဥစ္စာခိုးခဲ့လို့ ဆင်းရဲတဲ့သူကတော့ ဘယ်လောက်ရှာရှာ ခွဲနေမှာပဲတဲ့၊ ဘာဖြစ်လို့လည်းဆိုတော့ သူရှာလို့ရတဲ့ စည်းစိမ်ဥစ္စာတွေကို ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်တဲ့ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုးငါးပါးတစ်ပါးပါးက မပျက်ပျက်အောင် ဖျက်ဆီးတတ်လို့ပဲ"

"ဒါ့ကြောင့် သမီးရေ၊ သူတစ်ပါးမပေးတာဆိုရင် ကောက်ရတာတောင် မယူချင်နဲ့ ပိုင်ရှင်ကို မရရအောင် စုံစမ်းပြီး ပြန်ပေးရမယ်။ မရှိလို့မလှူ၊ မလှူလို့မရှိဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးမလည်အောင် မရှိ ရှိတာ လှူလိုက်ရတယ်။ ထို့အတူပဲ အရှုမမတောင့်လို့ သီလမစောင့်၊ သီလမစောင့်လို့ အရှုမမတောင့်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးမလည်အောင် သီလကိုတော့ မဖြစ်ဖြစ်အောင် စောင့်ပါသမီးရယ်"

ဖယောင်းလိုနူးနယ်သည့် အရွယ်လေးမို့ ဖခင်ပုံသွင်းသည့်အတိုင်းရနေသည်။ အတွေးရိပ်တွင်ပေါ်လာသော ဖခင်၏ရေနှင့်တူသော ဆုံးမစကားတို့က ဆွဲကြိုးအပေါ် တပ်မက်နေသော မီးနှင့်တူသော ဝိသမလောဘစိတ်မျိုးကို ငြိမ်းသတ်နိုင်ခဲ့သည်။ ဆွဲကြိုး

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သည်ကိုသိသည်နှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ စိတ်ဆင်းရဲနေမည့် ပိုင်ရှင်၏ပုံသဏ္ဌာန်ကိုပါ တွေးမိသဖြင့် မသိန်းရင်တစ်ယောက် သနားစိတ်ကလေးပင် ဖြစ်လိုက်မိသည်။

ထို့ကြောင့်လည်း အဝတ်လျှော်ပြီးသည်နှင့် အိမ်ကို ချက်ခြင်း မပြန်နိုင်သေးပါ။ ချောင်းစပ်နှင့် အတော်လှမ်းသော သစ်ပင်ကြီး တစ်ပင်အောက်တွင်ထိုင်ကာ ချောင်းစပ်သို့ပြေးလာမည့် ဆွဲကြိုး ပိုင်ရှင်ကို ငံ့လင့်နေမိသည်။ အတော်လေးကြာသွားသည်အထိ ပိုင်ရှင်နှင့်တူသူကို မတွေ့ရသေး။

ဆွဲကြိုးပိုင်ရှင်ကို ဆက်စောင့်ရင်ကောင်းမလား၊ ဒါမှမဟုတ် မန်ကျည်းသီးသွားခူးရောင်းပြီး နေ့လည်ပြန်လာမှ ရှာပြီးပေးရင် ကောင်းမလားဟူသော အတွေးနှစ်ခုက မသိန်းရင်စိတ်ထဲတွင် လွန်ဆွဲနေသည်။ မည်သူမဆို အတ္တနှင့်ပရလွန်ဆွဲဘူးကြသည်သာ ဖြစ်၏၊ ထိုလွန်ပွဲတွင် သူတော်ကောင်းစိတ်ရှိသူသည် ပရတိတ တိုသာ အနိုင်ပေးတတ်ကြသည်။

ယခုလည်း မသိန်းရင် အတွေးကိုကြည့်ပါ။

"အို . . . ငါတစ်ခါဈေးရောင်းပျက်ရုံနဲ့ ဘာမှ ကြီးကြီးမားမား မထိခိုက်ပါဘူး။ မသကာ ကြီးကြီးမြမေတို့အိမ်က ထမင်းတစ်ခါ ချက် ဆန်နှစ်ပူးချေးရုံဘဲပေါ့။ တကယ်လို့ ဆွဲကြိုးပိုင်ရှင်ဟာ ငါ့ကို ချက်ခြင်းမတွေ့ရလို့ မရတော့ဘူး ထင်သွားရင် တအားစိတ်ဆင်းရဲ သွားမှာ။ ပိုင်ရှင်စိတ်မဆင်းရဲရအောင် ထိုင်စောင့်ပြီး ချက်ခြင်း ပေးလိုက်တာ ကောင်းပါတယ်"

ထိုအတွေးနှင့်အတူ မသိန်းရင်တစ်ယောက် ချောင်းစပ်ကို စိုက်ကြည့်နေရင်းဖြင့် ဆွဲကြိုးပိုင်ရှင်ကို ဇွဲကောင်းကောင်းနှင့် စောင့် နေမိသည်။ တစ်နာရီကျော်ခန့်ကြာသောအချိန်တွင်ကား ရွာတွင်းမှ



အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးတစ်ဦး ချောင်းစပ်သို့ အူယား ဖားယား ပြေးလာသည်ကို တွေ့လိုက်ရသည်။

မသိန်းရင် ဆွဲကြိုးရခဲ့သောနေရာမှာပင် တကုန်းကုန်းနှင့် ပြာပြာသလဲ ရှာဖွေနေသည်ကိုလည်း မြင်နေရသည်။ အနီးအနားမှ ရေချိုးသူ အဝတ်လျှော်သူများပင် မနေနိုင်ကြတော့ဘဲ ထိုအမျိုး သမီးကို ဝိုင်းကူရှာပေးနေကြသည်။ ဆွဲကြိုးပိုင်ရှင် သေချာလောက် သဖြင့် မသိန်းရင်တစ်ယောက် အိတ်ထဲမှ ဆွဲကြိုးလေးကိုထုတ်ပြီး ကျစ်ကျစ်ပါအောင်ဆုပ်ကာ ထိုနေရာသို့ ခပ်မြန်မြန် ပြေးသွားမိ သည်။

အနားရောက်၍ သေချာကြည့်လိုက်သောအခါ သူတို့ရွာထဲမှ ဒေါ်အုန်းကြည်ဖြစ်နေသည်ကို တွေ့ရသည်။ ဒေါ်အုန်းကြည်သည် ချောင်းစပ်ကရေထဲကို လက်ဝါးလေးစမ်းကာစမ်းကာဖြင့် ဆွဲကြိုးကို ရှာလျက်ရှိသည်။

မသိန်းရင်က -

"ဒေါ်အုန်းကြည် ဘာရှာနေတာတုန်း"ဟု မေးလိုက်ရာ

"ဆွဲကြိုးမေ့ကျန်ခဲ့လို့ကလေးမရယ်၊ အခု မတွေ့တော့ဘူး ဆုံးပြီထင်ပါတယ်"

ဟု ဖြေလိုက်သည်နှင့် မသိန်းရင်က သူ့မလက်ကလေးကို ဖြန့်ပြလိုက်ရင်း

"ဒီဆွဲကြိုးလား ဒေါ်အုန်းကြည် ကျွန်မ ဒီနားကတွေ့လို့ ကောက်သိမ်းထားပြီး စောင့်ကြည့်နေတာ"

ဟု ပြောလိုက်သည်နှင့် ဒေါ်အုန်းကြည်သည် ဆွဲကြိုးကို ဆွဲယူကြည့်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်အေ ဒါအဒေါ် ဆွဲကြိုးလေးပါဘဲ။ သမီးလေးက စာရိတ္တကောင်းလိုက်တာကွယ်။ ကောက်ရတာတောင် မယူဘဲ ပြန်ပေးတယ်။ ကျေးဇူးတင်ပါတယ် သမီးရယ်" ဟုဆိုကာ ရွာထဲသို့ ပြန်ထွက်သွားလေသည်။

"ဒေါ်အုန်းကြည်သည် ရေအဆုံး၊ ကုန်းတစ်ဝက်ဟူသော စကားကို သတိမထားသောကြောင့်လား သို့တည်းမဟုတ် ပင်ကိုယ်ကပင် နှမြောစေးနဲလှသောကြောင့်လား၊ သို့တည်းမဟုတ် အဖိုးတန်ပစ္စည်းကို ပြန်ရသည့်အတွက် ဝမ်းသာလုံးဆို့သွားသောကြောင့်လား။ မည်သို့သော အကြောင်းကြောင့်ကားမသိ မသိန်းရင်ကိုကား မုန့်ဖိုးလေးမှ ပြန်၍ ချီးမြှင့်မသွားပေ။

ဆန်အိတ်ပေါင်းများစွာတန်သည့် ဆွဲကြိုးကို ပြန်ပေးနိုင်သော မသိန်းရင်သည် ချောင်းကအပြန် ဒေါ်မြမေတို့ဇိမ်တွင် ထမင်းတစ်နပ်စာ ဆန်နှစ်ပူးချေးယူရမည်ကို ဒေါ်အုန်းကြည်သိမည်ဆိုလျှင် . . .။





## ခြသေ့်နှင့်တူသောသူ

သို့

သား မောင်စိုးတင့်

အမေ သတိတရ စာရေးလိုက်ပါတယ်။ အဝေးမှာ အလုပ်လုပ်နေတဲ့သားအတွက် အမေ့ဘဝနဲ့ရင်းပြီးမှရခဲ့တဲ့ အဆုံးအမလေးတစ်ခုကို ပြောပြချင်လို့ စာရေးဖြစ်တာပါ။ အဆုံးအမက နှစ်မျိုးရှိတယ် သားရဲ့၊ အပြစ်တစ်ခုခုပေါ်လာမှ ဆုံးမတာကို သြဝါဒလို့ခေါ်ပြီး အပြစ်မပေါ်မီမှာ ကြိုတင်ဆုံးမတာကိုတော့ အနုသာသနီလို့ခေါ်သတဲ့။

အခုသားမှာ အပြစ်မရှိခင် ဆုံးမတာဆိုတော့ အနုသာသနီလို့ခေါ်ရမှာပေါ့ သားရယ်။ ဒီစာရေးဖြစ်ခြင်းရဲ့ အဓိကအကြောင်းကတော့ အမေတို့ရပ်ကွက်ထဲက လူကြီးတစ်ယောက်ဟာ သာရေးနာရေး ရပ်ပိုင်ငွေတွေကို မတရားစားတဲ့အတွက် တိုက်နဲ့ကားနဲ့ဖြစ်ပြီး အဆင်ပြေလာတယ်။

ဒုက္ခပေးနိုင်တဲ့သူတွေကိုလည်း ငွေပေးထားတော့ ဘယ်သူမှ လာမစစ်ဘူးပေါ့။ အခုဆိုရင် သူလူကြီးဖြစ်နေတာ လေးနှစ်တောင်ရှိသွားပြီ။ အိမ်နောက်ဖေးက လူမသိအောင်တက်ခိုးမှ ခိုးတာမဟုတ်ပါဘူးသားရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အာဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်စည်းထိန်းသိမ်းတဲ့နေရာမှာ သူတစ်ပါးမပေးတာကို မယူရုံ ထိန်းသိမ်းတာက အပေါ်ယံလောက် ထိန်းသိမ်းတာလို့ဘဲခေါ်တယ်။ သူတစ်ပါးခိုးနေတာကို ဆက်မခိုးဖြစ်အောင် ကာကွယ်ပေးရမှ အဒိန္နာဒါန သိက္ခာပုဒ်ကို အနှစ်သာရထိရောက်အောင် စောင့်ရှောက်ထိန်းသိမ်းတယ်လို့ ခေါ်တယ်။

ဒါ့ကြောင့် ဒီလူကြီးရဲ့အမှုကို အထက်က အရေးယူနိုင်အောင် အမေလည်း နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူငယ်တွေအတုခိုးမှားမှာ စိုးလို့ဘဲ၊ အခုဖြစ်ရပ်ကိုတောင် လက်ကြောမတင်းတဲ့ လူငယ်အချို့က ဘာပြောလာသလဲဆိုတော့

တို့သမ္မာအာဇီဝကျကျနဲ့ဆယ်နှစ်ရှာတောင် ဒီမတရားစားတဲ့ လူကြီးလေးနှစ်ရှာသလောက်ရမှာ မဟုတ်ဘူးတဲ့၊ ဒါမကောင်းမှုကို အားကျနေတဲ့လေသံပေါ့။ ဒီနေရာမှာ အတွေးအခေါ်လေးတစ်ခု ပြောပြချင်တယ်၊ ဘယ်မကောင်းမှုကိုပဲလုပ်လုပ် လုပ်တဲ့သူဟာ ဘေးလေးမျိုးကျရောက်တတ်တယ်။

အဲဒီဘေးတွေက -

| | | |
|---|---|---|
| ပရာနုဝါဒဘေး | - | သူတစ်ပါးကစွပ်စွဲကဲ့ရဲ့ခြင်း |
| အတ္တာနုဝါဒဘေး | - | ကိုယ့်ကိုကိုယ်စွပ်စွဲကဲ့ရဲ့ခြင်း |
| ဒဏ္ဍဘေး | - | ထောင်ဒဏ်၊ သေဒဏ်အပြစ်ချခံရခြင်း |
| ဒုဂ္ဂတိဘေး | - | သေပြီးနောက် အပါယ်ဘုံသို့ကျရခြင်း |

တို့ပဲ၊ ဒီလေးမျိုးထဲမှာ မကောင်းမှုလုပ်ပြီး သူတစ်ပါးမသိအောင် ဖုံးကွယ်နိုင်ရင် ပရာနုဝါဒဘေးကလွတ်မယ်၊ ခုရပ်ကွက်လူကြီးလို ငွေထိုးနိုင်မယ်ဆိုရင် ဒဏ္ဍဘေးကလွတ်မယ်၊ ဒီဘေးနှစ်ခုကတော့ ရှောင်နိုင်သေးတယ်ပေါ့။



ဒါပေမယ့် ကိုယ့်ကိုယ်ကို ငါ့မတရားလုပ်စားနေတဲ့ သူခိုးကြီးပါလားလို့ စွပ်စွဲကဲ့ရဲ့တဲ့ အတ္တာနုဝါဒဘေး၊ သေပြီးတဲ့နောက် အပါယ် လေးပါးကျရတဲ့ ဒုဂ္ဂတိဘေးကိုတော့ သူဘယ်လိုမှ ရှောင်လို့မရတော့ပါဘူး။ ဒီလူကြီးအရင်နှစ်ဆက်လောက်က လူကြီးတစ်ယောက်လည်း ရပ်ကွက်ငွေတင်မကဘူး ဓမ္မာရုံအတွက် ငွေတွေပါ စားဘူးတယ်။

အဲ သေခါနီးလည်းကျရော ငါဟာ သူခိုးအကြီးစား အယုတ်တမာကောင်ကြီးပဲလို့ မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့တဲ့ အတ္တာနုဝါဒဘေးကြီးကြောင့် ငရဲနိမိတ်တွေထင်လာတယ်။

ဒီတော့လည်း ကြောက်လိုက်တာ၊ အသက်မထွက်မခြင်း တစ်ညလုံး အသံနက်ကြီးနဲ့ အော်နေလိုက်တာ သူတို့နဲ့ ဆယ်အိမ်ကျော်လောက်က အမေတို့တောင် အတိုင်းသားကြားနေရလို့ အိပ်မရခဲ့ဘူး။ မိုးလင်းခါနီး သေတော့မှဘဲ အသံရပ်သွားတယ်”

အခုတော့ ငရဲဘုံရောက်နေလောက်ရောပေါ့။ ဒီဒုဂ္ဂတိဘေးကိုလည်း လွတ်အောင် မရှောင်နိုင်တော့ဘူးပေါ့။ ဒါကြောင့် သားအနေနဲ့ သူတစ်ပါးသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မကောင်းမှုမှန်သမျှ ဘာမှမလုပ်ပါနဲ့ အတ္တာနုဝါဒဘေးနဲ့ ဒုဂ္ဂတိဘေးကတော့ ဘယ်လောက်လာဘ်ထိုးထိုး မလွတ်နိုင်လို့ပါပဲ

ကဲ အမေ့အကြောင်းကို စပြောတော့မယ်။ သားတို့အဖေနဲ့ အိမ်ထောင်ကျပြီးတဲ့နောက် အမေတို့ရဲ့ အဓိကအလုပ်အကိုင်က ခုံဖိနပ်လုပ်ငန်းပေါ့၊ တာယာဖိနပ်တွေ၊ ကြက်ပေါင်ဖိနပ်တွေပေါ်လာတော့ ခုံဖိနပ်လုပ်ငန်းတွေ ပျက်ကုန်တယ်။ စစ်ကိုင်းဘက်မှာလည်း အလုပ်အကိုင်တွေ ရှားပါးလာတော့ ဘာအလုပ်ရရ အမှာအာဇီဝဖြစ်ရင်ပြီးတာဘဲဆိုတဲ့အကြံနဲ့ မန္တလေးမြို့ကို ထွက်လာခဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အသိအကျွမ်းလည်းမရှိတော့ မန္တလေးတောင်ခြေက သုမဓမ္မာဇရပ်ကြီးထဲမှာပဲ နေကြတယ်။ အမေတို့လို နယ်ဝေးက လက်လုပ်လက်စားသမားတွေကို သုမဓမ္မာဇရပ်တွေထဲမှာ အများကြီးတွေ့ရတယ်။ အလုပ်ကတော့ ကြုံသလိုပေါ့သားရယ်။ ရေနံချေးသုတ်ရတယ်။ မြောင်းဖောက်ရတယ်။ အိမ်သာတွင်းတူးရတယ်။ ရရာပေါ့။

အလုပ်နားတဲ့ရက်ဆိုရင် အပိုဝင်ငွေလေးရအောင် တောထဲက ဟင်းသီးဟင်းရွက်လေးတွေ လိုက်ရှာခူးရောင်းတယ်။ ဟင်းရွက်ခူးသွားတဲ့အခါ ဆောင်းစရာထီးမရှိတော့ ပုဆိုးနွမ်းနွမ်းတစ်ထည်ကို ခေါင်းမှာ သိမ်းချည်လိုက်တာပေါ့။ လက်ထဲက အပင်ကိုနှိမ်ခူးဖို့ တုတ်ကလေးတစ်ချောင်းနဲ့ တစ်တောလုံး လျှောက်သွားတော့တာဘဲ။

ကိုယ်ကတော့ ကိုယ့်ဇာနဲ့ကိုယ်ဆိုတော့ ဘေးကို သတိမထားမိဘူးပေါ့။ အနေကြာလာတော့ ရပ်ကွက်ထဲကလူတွေနဲ့ သိကျွမ်းခင်မင်လာကြတယ်။ ဒီတော့မှ သူတို့က အမေ့ကို ဖွင့်ပြောကြတယ်။ ဇရပ်ထဲမှာလည်းနေ ပုဆိုးလေးခြုံပြီး ဟင်းရွက်ခူးထွက်တာလည်း မကြာခဏတွေ့နေတဲ့အတွက် အမေတို့ကို တောင်းစားတဲ့အမျိုးတွေလို့ ထင်မိကြသတဲ့။

နေတဲ့ရက်တွေကြာလာတော့ အဆက်အသွယ်လေးရလာပြီး သားတို့အဖေက ပန်းရံသလက်ကိုင်အလုပ်လေးလုပ်လာရတယ်။ အမေကတော့ မဆလာသယ်၊ ကံကြွေးပဲပေါ့။ သားတို့အဖေက လက်သင်ဆိုတော့ ကံကြွေးလက်ခလောက်ပဲပေးတယ်။ ကိုယ်က ပညာမတတ်သေးတော့ ဈေးနှိမ်မှန်းသိလည်း ပေလုပ်ရတာဘဲ။

ဒီအချိန်တုန်းက ကံကြွေးနှစ်ကျပ်၊ သံလက်ကိုင်ငါးကျပ်ရတယ်။ မန္တလေးဘူတာကြီးဝင်းထဲ တိုက်ခန်းတွေဆောက်တော့



ကန်ထရိုက်က ပန်းရံအလုပ်သမားတွေ အသွားအလာလွယ်ကူအောင် ဘူတာကြီးဝင်းထဲမှာ ယာယီတဲထိုးပြီး နေခွင့်ပြုလို့ အမေတို့မိသားစု ဘူတာကြီးဝင်းထဲ ရောက်သွားပြန်တာပေါ့။

အလုပ်သမားတွေ အများကြီးဆိုတော့ တဲတွေလည်း အများကြီးပေါ့။ အဲဒီမှာ တစ်ရွာတည်းနေ ပန်းရံဆရာ ကိုသန်းတို့၊ မမိတို့တဲနဲ့ အမေတို့တဲဟာ ခပ်နီးနီးပေါ့။ ဒါကြောင့်လည်း တစ်ယောက်တဲတစ်ယောက် အသွားအလာရှိကြတယ်။ ကိုသန်းက ဝါရင့်ပန်းရံဆရာဆိုတော့ လုပ်ကွက်များလာရင် ခုနစ်ကျပ်၊ ရှစ်ကျပ်ထိ တိုးရတယ်။ ဒါကြောင့် မမိတို့ဟာ အမေတို့နဲ့စာရင် အများကြီး အဆင်ပြေတာပေါ့။

ပြီးတော့ မမိတို့မှာ သမီးတစ်ယောက်နဲ့ တူမတစ်ယောက်ပါလာတယ်။ သူတို့ကလည်း ကံကြွေးလုပ်နိုင်တဲ့အရွယ်ဆိုတော့ ပန်းရံအလုပ်သမား မိသားစုတွေထဲမှာ သူတို့မိသားစုဟာ ပန်းရံဆရာကြီး ဦးညွန့်တို့မိသားစုပြီးရင် ဝင်ငွေက အကောင်းဆုံးပေါ့။

တစ်နေ့တော့ ကန်ထရိုက်က မြို့ထဲက တိုက်တစ်လုံးကို လက်ခံလာပြီး ဘူတာကြီးဝင်းထဲက ပန်းရံအလုပ်သမားတစ်ဝက်ကို ခွဲပြီးလုပ်ခိုင်းတယ်။ မမိတို့ရော၊ အမေတို့ရော မြို့ထဲက တိုက်အလုပ်ထဲမှာ ပါသွားကြတယ်။ ဘူတာကြီးနဲ့ ကပ်လျက်နေရာဆိုတော့ သွားရလာရတာ အဆင်ပြေပါတယ်။

တစ်နေ့တော့ သားရေ မထင်မှတ်တဲ့ဖြစ်ရပ်တစ်ခု ကြုံရတယ်။ မမိက အမေ့ဆီလာပြီးပြောတယ်။ သူတို့အိမ်က ငွေတစ်ရာပျောက်သွားလို့တဲ့။ အမှန်က အမေ့ကို မသင်္ကာလို့လှေ့ကာရင်းလာပြောတာ။ အမေ့အမူအယာများပျက်မလားပေါ့။ ဒါကို အမေက

www.burmeseclassic.com

www.burmeseclassic.com



မရိုပ်မိဘူး။ သူတို့အတွက် ဝမ်းနည်းပမ်းနည်းနဲ့ ဘယ်နေ့က ပျောက်တာတုန်း၊ ဘယ်အချိန်ကပျောက်တာတုန်း၊ သေချာရှာပါဦးနဲ့ ပြောနေမိတယ်။

အဲဒီနေ့ကတော့ ဘာမှဆက်မပြောတော့ဘဲ မမိပြန်သွားတယ်။ နောက်နေ့ကျတော့ တစ်ခါထပ်လာပြန်ပြီး ပိုက်ဆံခိုးတဲ့သူ ရောဂါဖြစ်ပြီးသေအောင် အင်းကွက်ခံပြီး မီးထွန်းမှာဖြစ်ကြောင်း၊ မသိန်းရင် ကြည့်ချင်ရင် လာကြည့်နိုင်ကြောင်း ပြောပြန်တယ်။ အဲဒီနေ့ကျမှ မမိရဲ့မျက်နှာအမူအရာကြည့်ပြီး အမေ့ကို မသင်္ကာဖြစ်နေတယ်ဆိုတာ ရိပ်မိတယ်။

အမေ ဒေါသဖြစ်လိုက်တာလေ။ မမိကိုထုရိုက်ပစ်ချင်စိတ်ပေါက်သွားတယ်။ ဒါပေမယ့် ကိုယ့်ကို တိုက်ရိုက်မစွပ်စွဲသေးဘူးဆိုတော့ ဘာမှမပြောသေးဘဲ အောက်လမ်းနည်းနဲ့ ဖယောင်းတိုင်မီးထွန်းတာကို လိုက်ကြည့်လိုက်တယ်။ သူတို့မိသားစုကတော့ ဖယောင်းတိုင်မီးထွန်းပြီးပြီးခြင်း အမေတို့ကိုတစ်လှည့် ဖယောင်းတိုင်ကို တစ်လှည့် စိတ်ဝင်တစားကြည့်နေကြတယ်။

ဖယောင်းတိုင်သာ ကုန်သွားတယ်။ အမေကတော့ ဘာမှမဖြစ်ဘူး။ ဖယောင်းတိုင်ကုန်မှ အမေလည်း အိမ်ပြန်ခဲ့တယ်။ တိုက်ဆိုင်ချင်တော့ အဲဒီညကစပြီး အမေ အအေးပတ်ပြီးဖျားတယ်။ သုံးရက်လောက် အလုပ်မဆင်းနိုင်ဘူး။ သားအဖေဆိုတာလေ အကြောင်းစုံသိသွားတော့ တောက်တစ်ခေါက်ခေါက်နဲ့ပေါ့။

သိန်းရင်ရာ တိုက်တိုက်ဆိုင်ဆိုင် ညဉ်းကလည်း အခုမှလာပြီးဖျားရတယ်လို့ ညည်းရှာတယ်။ မမိတို့မိသားစုက အမေ့ကို ပိုထင်သွားတာပေါ့။ သားအဖေက မခံမရပ်နိုင်လွန်းတော့ သွားရှင်းမယ်လို့



ပြောသေးတယ်။ အမေက သွားမရှင်းပါနဲ့၊ ကိုယ့်ကိုစွပ်စွဲသေးတာမှ မဟုတ်ဘဲ။ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပါဘူးလို့ပြောပြီး တားထားရတယ်။

ပိုပြီးတိုက်ဆိုင်ပြန်တာက သားတို့အစ်မအကြီးဆုံး သီတာဦးဟာ တစ်နှစ်သမီးအရွယ်မှာပဲ သူငယ်နာအတက်ရောဂါနဲ့ ဆုံးပြန်တယ်။ မမိတို့ဘက်ကတော့ အမေ့ကို ပိုပြီး အပုပ်ချလို့ကောင်းနေတာပေါ့။ သူတို့ငွေတစ်ရာခိုးထားလို့ အမေ့ကို အသေလုပ်တာ။ ကံနိမ့်တဲ့သမီးကို ထိသွားတာတဲ့လေ။ ကွယ်ရာမှာ အတင်းပြောတာဆိုတော့ ဘာတတ်နိုင်မှာလဲသားရယ်။

အမေ့မှာ သမီးလည်းဆုံးရ၊ ခိုးတတ်တဲ့သူဆိုပြီး သိက္ခာလည်းကျပေါ့။ မကောင်းတဲ့ လောကဓံတွေ စုခံနေရချိန်ပေါ့။ လောကမှာ သမာသမတ်အကျဆုံးတရားသူကြီးဟာ အချိန်ဘဲသားရေ။ လူတစ်ယောက်ကောင်းတယ်၊ မကောင်းဘူးဆိုတာကို အချိန်ဆိုတဲ့ တရားသူကြီးက ဆုံးဖြတ်မှ အမှန်ကိုရောက်တယ်။

လူတစ်ယောက် တကယ်ရိုးသားဖြောင့်မတ်မှု ရှိ၊ မရှိဆိုတာကလည်း အချိန်ဆိုတဲ့ မှတ်ကျောက်ပေါ်တင်ကြည့်တွေ့ရတာဘဲ။ အခုလည်း ရှစ်ရက်ဆိုတဲ့အချိန်က အမေဟာ ခိုးတတ်၊ ဖွက်တတ်သူ မဟုတ်ကြောင်း ဆုံးဖြတ်ပြတယ်၊ မြို့ထဲကတိုက်မှာ အလုပ်ဆင်းရင်း အမေက တိုက်ကို အချောကိုင်ဖို့ သဲတွေကို ဇကာတိုက်ပေးနေရတယ်။

ဇကာတိုက်လို့ မကြာမီမှာပဲ ငါးကျပ်သားလောက်ရှိတဲ့ ရွှေဘီးကြီးတစ်ချောင်း ဇကာထဲမှာ စစ်ကျန်ရစ်တယ်။ အမေ ရွှေဘီးကြီးရသွားတာကို ပန်းရံဆရာကြီး ဦးညွန့်တစ်ယောက်ပဲ မြင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးညွန့်က မြင်မြင်ခြင်း သိန်းရင်အိမ်ပြန်တော့ ငါကြည့်ပြောထားလိုက်မယ်တဲ့။ ဆိုလိုတာက အိမ်ကိုမြန်မြန်ယူသွားတော့လို့ ပြောတာပါ။ သူကတော့ အမေ့ကိုရစေချင်လို့ပေါ့လေ။

အမေဟာ မိဘ၊ ဆရာသမားရဲ့ အဆုံးအမကို ကောင်းကောင်းရထားသူဆိုတော့ ရှေးကုသိုလ်ကံနည်းလို့ ဥစ္စာစည်းစိမ်သာ ဆင်းရဲချင်ဆင်းရဲမယ်။ စာရိတ္တကတော့ ချမ်းသာပြီးသားပါ။ ဒါ့ကြောင့်လည်း အမေ့ပါးစပ်က အို . . . သူများဥစ္စာ ဘာလုပ်ဖို့လည်း ပြန်ပေးရမှာပေါ့လို့ ချက်ခြင်းပြောလိုက်မိတယ်။

ပြောပြီးတာနဲ့ ဆောက်လက်စတိုက်နဲ့ ကပ်လျက်က တိုက်ကြီးပေါ်ကို အမေတက်သွားတယ်။ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးကို ချက်ခြင်းတွေ့ပါတယ်။ ပိုင်ရှင်အစစ်အမှန်ကိုပဲ ပြန်ရစေချင်တဲ့ စေတနာကြောင့် သူဌေးကတော်ကြီးကို ရွှေထည်ပစ္စည်းတစ်ခုခု ပျောက်ခြင်း ရှိ၊ မရှိ မေးကြည့်လိုက်တယ်။

ဒီအခါကျမှ သူဌေးကတော်ကြီးက သူ့အခန်းထဲဝင်ပြီး ခဏစစ်ဆေးတယ်။ ထွက်လာပြီးတော့မှ တုန်လှုပ်တဲ့မျက်နှာနဲ့ ရွှေဘီး ပျောက်နေကြောင်းပြောပါတယ်။ အမေက ဒီပစ္စည်းဟုတ်ပါသလားလို့ပြလိုက်တော့ သူဌေးကတော်ကြီးက ဝမ်းသာအားရ ဟုတ်ကြောင်းပြောပြီး ပြန်ယူတယ်။

အမေ့ပုခုံးနှစ်ဖက်ကိုကိုင်ပြီး တဖွဖွချီးမွမ်းတယ်။ သူဌေးကြီးရဲ့ စကားတစ်ခွန်းကိုတော့ အမေမှတ်မိနေတယ်။ အဲဒါ "ရှားရှားပါးပါး မြန်မာစိတ်ဓာတ်အစစ်"ပေါ့တဲ့။ ကိုယ့်ပစ္စည်း ကိုယ်ပြန်ရလို့ ပိုင်ရှင်ဖြစ်တဲ့သူ ဝမ်းသာအားရ ဖြစ်သွားတာကိုမြင်ရရင် အမေ သိပ်စိတ်ချမ်းသာတယ်။ အဲဒီစိတ်ချမ်းသာမှုဟာ သူများပစ္စည်း



ပြန်ပေးရတဲ့အတွက် အမေရတဲ့ အဖိုးအခလို့ပဲ သတ်မှတ်ထားတယ်။

ဒါ့ကြောင့် သူဌေးကတော်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေပေးရအောင် အခန်းထဲငွေယူတဲ့အချိန်မှာပဲ အပြင်မှာကျန်ခဲ့တဲ့ သူဌေးကြီးကို ကျွန်မအနေနဲ့ ဘာမျှော်လင့်ချက်မှမရှိဘဲ ပြန်ပေးတာဖြစ်တဲ့အတွက် ဘာကိုမှ ပြန်မယူပါရစေနဲ့လို့ပြောပြီး တိုက်ပေါ်က ချက်ခြင်းပြန်ဆင်းလာခဲ့တယ်။

ကတညုတ ကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံဆိုတဲ့ ဘုရားဟောအတိုင်း သူတစ်ပါးကျေးဇူးသိတတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ လောကမှာရခဲတဲ့ အရာတစ်ခုပဲသားရဲ့၊ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးဟာ ရခဲတဲ့ပုဂ္ဂိုလ်ထဲမှာပါတယ်။ အမေ့ကျေးဇူးကို သူတို့က ပြန်ဆပ်ချင်ကြတယ်။

ဒါ့ကြောင့်လည်း ပန်းရံဆရာကြီးနဲ့တကွ အလုပ်သမားအားလုံးကို အသိပေးပြီး အမေ့ကို ဆန်တစ်အိတ်နဲ့ ဆီတစ်ပုံး ချက်ခြင်းဆုချတယ်။ အမေက လက်မခံလို့ စာအိတ်နဲ့ထည့်ထားတဲ့ ငွေကိုတော့ သူတို့ပြန်ယူသွားတယ်။ ဆန်နဲ့ဆီကိုလည်း လစဉ် ထောက်ပံ့နေလိုက်တာ အမေမန္တလေးမှာနေတဲ့ ကာလတစ်လျှောက်လုံးပါပဲ။

ဒီအချိန်က ရွှေတစ်ကျပ်သား ငါးရာလောက်ဆိုတော့ ငါးကျပ်သားလောက်ရှိတဲ့ ရွှေဘီးဟာ (၂၅၀၀/-)လောက် တန်နေတာပေါ့။ နှစ်ထောင့်ငါးရာလောက်တန်တဲ့ပစ္စည်းကိုတောင် ယူထားလို့ရရက်သားနဲ့ မယူဘဲ ပြန်ပေးတယ်ဆိုတော့ သူတို့ငွေတစ်ရာလောက်ကိုတော့ အမေဟာ ဘယ်လိုမှ မယူနိုင်ဘူးဆိုတာကို မမိ[illegible]ယောက် တွေးမိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဥစ္စာပျောက်ငရဲရောက်ဆိုတဲ့ စကားအတိုင်း မစူးစမ်းမဆင်ခြင်ပဲ အမေ့အပေါ် ကမ်းကုန်အောင် ရက်စက်ခဲ့တာကြောင့်ရယ်၊ ခိုးသူအစစ်အမှန်ကို မတွေ့သေးတာကြောင့်ရယ်၊ ဒီအကြောင်းနှစ်ခုကြောင့် အမေ့ကို ချက်ခြင်းတော့ လာမတောင်းပန်သေးဘူး။ တစ်နေ့တော့ မမိတစ်ယောက် အမေ့ကို မတောင်းပန်လို့မဖြစ်တဲ့ အခြေအနေကို ဆိုက်ရောက်လာတယ်။

လူ့သတင်း လူချင်းဆောင်ဆိုတဲ့ စကားအတိုင်း ဆင်းရဲနွမ်းပါးတဲ့ ကံကြွေးမလေးတစ်ယောက်ဟာ ကောက်ရတဲ့ ရွှေဘီးကို ပိုင်ရှင်ထံပြန်ပေးတယ်ဆိုတဲ့ သတင်းဟာ မန္တလေးမြို့တစ်မြို့လုံးနှံ့သွားတယ်။ မန္တလေးမြို့ထဲမှာ မမိရဲ့ အစ်မတစ်ယောက်ရှိတယ်။ မမိ အစ်မက အမေ့ကို မြင်ဖူးချင်တယ်ဆိုပြီး မမိအိမ်ကို ရောက်လာတယ်။

အမေ့ဆီလိုက်ပို့ဖို့ပြောရင်းက မမိငွေတစ်ရာအကြောင်းရောက်သွားတော့ မမိအစ်မကပြောတယ်။ သူ့ဆီကို မမိအိမ်မှာနေတဲ့ တူမလေးက ငွေတစ်ရာလာအပ်ထားတယ်။ ရွာပြန်ခါနီးမှယူမယ်ပေါ့။ အဲဒီကျမှ မမိငွေကို သူ့တူမကိုယ်တိုင်ခိုးပြီး မမိအစ်မဆီအပ်ထားတာ ပေါ်သွားတော့တာပေါ့။

အဲဒီမှာတင် မမိဟာ သူ့အစ်မကို အမေ့ဆီခေါ်လာရင်း သူအထင်မှားပြီး မဟုတ်တာလုပ်ခဲ့မိပုံကို ရှိုးမတတ် တောင်းပန်တော့တယ်။ အမေလည်း အသက်နှစ်ဆယ်ကျော် ငယ်ရွယ်သူဆိုတော့ သူတို့ကို ခွင့်မလွှတ်နိုင်ဘူး။ ရှင်တို့ သူတော်ကောင်းကိုစော်ကားတာ ရှင်တို့စေတနာ ရှင်တို့ကို အကျိုးပေးပြီး ငတ်သေကြဦးမှာလို့ ပြောလိုက်မိတယ်။



တိုက်ဆိုင်လို့ပဲလားတော့မသိဘူး၊ သူတို့ စစ်ကိုင်းမှာ ပြန်နေကြရင်း ဆင်းဆင်းရဲရဲနဲ့ ဆုံးသွားတယ်လို့ပဲ ကြားရတယ်။ ဒီလိုကြားရပြန်တော့လည်း ငါ့စကားကြောင့်များဖြစ်သွားလေသလားလို့ တွေးမိပြီး အမေ့မှာ စိတ်မကောင်းဖြစ်ရပြန်တယ်။

သားကို နိဂုံးချုပ်မှာချင်တာကတော့ ခြင်္သေ့ဟာ ဘယ်လောက် ငတ်ပြတ်နေပေမယ့်လို့ မြက်ကိုတော့မစားဘူး သားရဲ့အသက်သာအသေခံတယ်၊ ထို့အတူပဲ ကိုယ်ကျင့်စာရိတ္တကို တန်ဘိုးထားတဲ့သူဟာ ငတ်သာအသေခံချင်ခံမယ်၊ ခိုးခြင်း၊ ဝှက်ခြင်းကိုတော့ လုပ်မှာမဟုတ်ဘူး။

အသက်အသေခံပြီး စာရိတ္တကို အပျက်မခံတဲ့သူကို အမေကတော့ ခြင်္သေ့နဲ့တူသောသူလို့ ဆိုချင်တယ်၊ သားလည်း ခြင်္သေ့နဲ့တူသောသူဖြစ်ပါစေ။

**အမေ ဒေါ်သိန်းရင် မန္တလေးမြို့**

(မှတ်ချက်) စာရိတ္တသူ့ရဲကောင်း ဒေါ်သိန်းရင်သည် ယခု ၂၀၀၂ ခုနှစ်တွင် (၇၁)နှစ်ရှိပြီဖြစ်သည်။ သားဘုန်းကြီး၏ကျောင်းတိုက်ဖြစ်သော မန္တလေးကျောင်းတိုက်၊ အမှတ် (၆)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်ဟွင် တရားဘာဝနာအားထုတ်ပြီး ကျန်းမာချမ်းသာစွာ နေထိုင်လျက်ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com





## မောင့်မှာရဟန်းဖြစ်သောကြောင့်

နာရီကိုလှမ်းကြည့်တော့ ည(၁၂)နာရီထိုးနေလေပြီ။ ဦးသုမန အဖို့ ယနေ့ညအိပ်လို့ရတော့ဟန်မတူ။ မဖြူဟူသော နာမည်လေး ကို အထပ်ထပ်ရွတ်နေမိသည်။ ဒီလောက်လှတဲ့ မိန်းကလေးမျိုး လောကမှာ ရှိသေးပါလားဟူသော အတွေးနှင့်အတူ မျက်ခုံးမျက်လုံး လှလှ၊ နှာတံပေါ်ပေါ်၊ ပွင့်ကာစ နှင်းဆီပွင့်လေးကဲ့သို့ စုစုဖူးဖူး နီရဲနေသည့် နှုတ်ခမ်းအလှပိုင်ရှင် မဖြူ၏မျက်နှာလေးက ထင်ထင် ရှားရှားကြီး ပေါ်လာသည်။

ကာယအလှမယ်ကဲ့သို့ အချိုးအဆစ် ပြေပြစ်လှသော သူမ၏ ကိုယ်ခန္ဓာအလှကိုလည်း ဦးသုမနတစ်ယောက် မေ့ပျောက်၍မရ။ တကယ်တော့ ဦးသုမနသည် ရည်ရွယ်ချက်ကြီးသော ရဟန်းတစ်ပါး သာဖြစ်၏။ စာချတန်းအောင်သည်နှင့် မဂ်ဖိုလ်ရသည်အထိ တရား အားထုတ်မည်။

မိမိအတွက် စိတ်ချ ရသောအခါတွင်မှ တရားပြမည်၊ တရား ဟောမည်။ စာရေးမည်ဟူ၍ ပိုင်းဖြတ်ထားသည်။ ယခု ရဟန်း သုံးဝါရနေပြီ။ စာချတန်းလည်း အောင်ခါနီးနေပြီ။ ထိုအချိန်တွင်မှ မဖြူဆိုသော ဆယ်တန်းကျောင်းသူ မိန်းကလေးတစ်ယောက်ကို တွေ့ပြီး ရည်ရွယ်ချက်တွေ ဖျက်ပစ်ရမလို ဖြစ်နေသည်။



မည်သည့်ယောကျ်ား၊ မိန်းမဆို တစ်သက်သာတွင် တစ်ခါ တော့ ချစ်စိတ်ပေါ်ပေါက်ကြသည်သာဖြစ်၏။ ဘဝါဘဝက ဖူးစာ ဖက်ဟု ဆိုရပေလိမ့်မည်။ ဗုဒ္ဓလက်ထက်က ခုနစ်နှစ်သမီးအရွယ် ကတည်းက သောတာပန်တည်ခဲ့သော စူဠဝိသာခါအမည်ရှိ သူဌေး သမီးသည် အရွယ်ရောက်သောအခါ သားသတ်သမား မုဆိုးကြီး တစ်ယောက်နောက်သို့ မိမိဘာသာလိုက်သွားပြီး ဇနီးမယားအဖြစ် ပြုစုလုပ်ကျွေးနေခဲ့သည်။

အင်္ဂလန်မှ မင်းသားတစ်ယောက်သည်လည်း ထီးနန်းကို စွန့်ပြီး အမေရိကန်သူ မုဆိုးမတစ်ယောက်ကို ဇနီးမယားအဖြစ် ပေါင်းသင်းနေထိုင်သွားခဲ့သည်။ ဤကဲ့သို့ ဖိုနှင့်မတို့၏ အချစ်စိတ် ပေါ်ရခြင်း၏ အကြောင်းနှစ်ခုကို ဗုဒ္ဓက ဓမ္မပဒပါဠိတော်တွင် ဟောထားသည်မှာ -

ပုဗ္ဗေဝသန္နိဝါသေန၊
ပစ္စုပန္နဟိတေန ဝါ။
ဧဝံ တံဇာ ယံတေပေမံ၊
ဥပ္ပလံဝယထောဒကေ။

အရင်ဘဝက အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ဘူးခြင်း ပစ္စုပ္ပန်ဘဝ၌ တစ်ယောက်အကျိုးတစ်ယောက် ဆောင်ရွက်ခြင်း ဤအကြောင်းနှစ်ပါးကြောင့် အချစ်ဆိုသော သဘောတရားသည် ပေါ်ပေါက်လာရသည်။ ကြာပန်းသည် ရေနှင့် ရွံ့ညွန်နှစ်ခုကို အကြောင်းပြုပြီး ပေါ်ပေါက်သကဲ့သို့တည်းဟူ၍ဖြစ်သည်။ ယခု လည်း ရှေးအတိတ်ဘဝက ဦးသုမနနှင့် မဖြူတို့သည် အတူတကွ နေထိုင်ဘူးသောအကြောင်းရှိ၍လော မဆိုတတ်၊ ဦးသုမနကား အစွဲလမ်းကြီး စွဲလမ်းနေပေပြီ။ ညက အိပ်မပျော်သော်လည်း မနက်

www.burmeseclassic.com

www.burmeseclassic.com



တား စောစောနိုးသည်သာဖြစ်၏။ အကြောင်းကား မဖြူတို့အိမ်ကို ဆွမ်းခံမြန်မြန်ကြွချင်နေသောကြောင့်တည်း။

မဖြူနှင့်မတွေ့မီက ဆွမ်းခံမကြွမီ ပါဠိတော် နိဿယတစ်ခေါက်ပေါက်အောင်လှည့်သည်။ ပြီးမှ ရေချိုးပြီး ဆွမ်းခံထွက်သည်။ ယခုတော့ စာချဆရာတော်ပြောမှာ ကြောက်၍သာ စာလိုက်ရသည်။ စိတ်က စာထဲမှာမရှိ၊ မဖြူနှင့်တွေ့ပါစေ၊ တွေ့လျှင် ဘယ်လိုစကားတွေပြောလိုက်မည် စသည်တို့ကို စိတ်ကူးရင်း စာဝါချိန်ပြီးသွားသည်။

စာဝါပြီးသည်နှင့်ရေချိုးကာ သင်္ကန်းရုံပြီး ဆွမ်းခံစောစောထွက်လိုက်သည်။ ဆွမ်းမရချင်နေ မဖြူနှင့်တွေ့ရရင်ပြီးရောဟူသောစိတ်က ဘယ်ကဘယ်လို ပေါ်လာသည်ကို ဦးသုမနကိုယ်တိုင်မသိ။ မဖြူတို့အိမ်ရှေ့ရောက်ပါပြီ။ ရဟန်းတို့ဝိနည်းစည်းကမ်းက မြို့ရွာထဲကြွလျှင် ရှေ့ကို လေးတောင်ခန့်သာ ကြည့်ရသည်။

ဦးသုမနလည်း လေးတောင်ခန့်သာ ကြည့်ပါသည်။ မဖြူတို့အိမ်မရောက်မီက လက်လေးတောင်သာ ရှေ့ကိုကြည့်ခဲ့သော်လည်း မဖြူတို့အိမ်ရှေ့ရောက်သည်နှင့် ရိုးရိုးလက်လေးတောင်မဟုတ်ဘဲ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရန်ကင်းတောင်၊ ပုပ္ပါးတောင်တို့ဖြစ်ကုန်တော့သည်။

မဖြူဘယ်နားရှိလေသနည်းဟူသောအတွေးဖြင့် အိမ်ဝိုင်းအတွင်း အထက်အောက် အရပ်လေးမျက်နှာကို မျက်စိကစားပစ်လိုက်သည်။ အပေါ်ထပ် လသာဆောင်ပေါ်မှ မဖြူကလည်း အောက်ဘက်သို့ လှမ်းအကြည့် ဦးသုမနအကြည့်ကလည်း အပေါ်သို့ရောက်အသွား လမ်းခုလတ်မှာအကြည့်ခြင်းဆုံသွားကြသည်။



နှစ်ဦးလုံး၏ နှုတ်ဖျားမှ လှပသောအပြုံးပန်းလေးတစ်ပွင့်စီ ပွင့်သွားကြသည်။ မဖြူရင်ထဲ ရှိန်းကနဲဖြစ်သွားသလို ဦးသုမနရင်ထဲတွင်လည်း သိမ့်ကနဲဖြစ်သွားသည်။ အလွန်အမင်းလိုချင်နေသောအပြုံးပန်းတစ်ပွင့်ကို အလွယ်တကူရရှိလိုက်သောကြောင့် နှစ်သက်ချမ်းမြေ့မှုပီတိဇောများက ဦးသုမနတစ်ကိုယ်လုံး ပြည့်ကျပ်လို့သွားသည်။

အပေါ်ထပ်မှ အပျိုဖြန်းမလေး မဖြူမှာလည်း သူ့ရင်ဘတ်ကို လက်ဝါးနှစ်ဖက်ဖြင့် ခပ်ဖွဖွလေးအုပ်ထားရင်း ငါဘယ်လိုဖြစ်ပါလိမ့်။ ရင်တွေကလည်း ခုန်လိုက်တာ မနေ့ကမှစတွေ့တဲ့ ကိုယ်တော်တစ်ပါးကို ငါဘာဖြစ်လို့ တအားခင်သွားပါလိမ့်။ ငါဟာ ယောကျ်ားလေးတွေကို မခင်တတ်ပါဘူးဟူသော အတွေးနှင့်အတူ အောက်ထပ်သို့ ဖြေးဖြေးခြင်းဆင်းလာမိသည်။

လှေခါးအောက်ဆုံးထစ်ရောက်သောအခါ အိမ်ရှေ့ဧည့်ခန်းထဲသို့ ခပ်စောင်းစောင်းလှမ်းကြည့်လိုက်သည်။ ဘဲဥပုံကျသောမျက်နှာနှင့် ဝါဝင်းသောအသားအရေတို့ကို နီညိုရောင်သင်္ကန်းလေးဖြင့် ပံ့ဖော်ထားသည်မှာ မြင်ရသူအားလုံးအတွက် အကြည်ညိုတက်စရာပင်ဖြစ်၏။ ထူထဲသောမျက်ခုံး၊ ပေါ်လွင်သော နှာတံ၊ ပိပိယိယိနှုတ်ခမ်းအစုံပိုင်ရှင် ဦးသုမန၏ နုနယ်ပျိုမြစ်သောအလှကို မဖြူတစ်ယောက် တမေ့တမောကြည့်နေမိသည်။

အို - ကိုယ်တော်တစ်ပါးအပေါ်မှာ ငါဒီလိုစိတ်တွေ မပေါ်သင့်ဘူးဟု ကိုယ့်ကိုယ်ကိုဆုံးမကာ သူမအိပ်ခန်းထဲသို့ ကမန်းကတန်းဝင်သွားမိသည်။ ရှက်စိတ်ကြောင့် ဆွမ်းပင် ထွက်မလောင်းရဲတော့၊ မေမေလောင်းလိမ့်မယ်ဟူသော အတွေးနှင့်အတူ အပြင်ဘက်က အသံများကို နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော - အပြင်ဘက်က မေမေ့အသံနှင့် ကိုယ်တော်၏ အသံကို ကြားနေရပြီ။

"ဩော် . . မဖြူက ဆွမ်းလောင်းပါဆိုတာ ဘယ်ထွက်သွားပြန်တယ်မသိဘူး။ အရှင်ဘုရားရောက်နေတာ အတော်ကြာပြီလားဘုရား"

"မကြာသေးပါဘူး၊ ဒါယိကာမကြီး"

"အရှင်ဘုရား၊ မနေ့ကမှ ဆွမ်းခံအိမ် လာဖိတ်ထားတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါယိကာမကြီး"

"အရှင်ဘုရား၊ ဇာတိကကော"

"မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ကပါ"

"အရှင်ဘုရားက မန္တလေးသားပဲ၊ အခု ရန်ကုန်မှာ စာလိုက်ရတာ အဆင်ပြေရဲ့လားဘုရား၊ လိုတာရှိရင်ပြောပါဘုရား၊ တပည့်တော်တို့ တတ်နိုင်သလောက် လှူပါမယ်"

"အဆင်ပြေပါတယ် ဒါယိကာမကြီး၊ လိုတာရှိရင်လည်း ပြောပါ့မယ်"

ဒေါ်ခင်ဝင်းက ဆွမ်းလောင်းသပိတ်ကပ်ပြီး ဦးချရင်းဖြင့်

"အရှင်ဘုရား ရဟန်းခံပြီးပြီလား"

"ပြီးပြီ ဒါယိကာမကြီး၊ အခု ရဟန်းဝါသုံးဝါရနေပြီ"

"အင်း . . . ထင်တော့ထင်သား၊ သေချာအောင် မေးကြည့်လိုက်တာ၊ ဒါဆိုရင်လဲ ဦးပဥ္စင်းလို့ပဲ ခေါ်ရတော့မှာပေါ့။ ဦးပဥ္စင်း မျက်နှာက နုနုငယ်ငယ်လေးဆိုတော့ မသိရင် ကိုရင်လေးလို့ ထင်စရာပဲ"



အပြင်ဘက်က စကားသံဆုံးသည်နှင့် အိပ်ခန်းထဲမှ မဖြူ တစ်ယောက် သူလိုရာ ဆွဲတွေးနေမိပြန်သည်။

"သုံးဝါဆိုတော့ (၂၃)နှစ်ပေါ့။ ဒါဆိုရင် ငါ့ထက် ငါးနှစ်လောက်ကြီးတယ်။ ယောကျ်ားနဲ့မိန်းမ ယောကျ်ားက အသက်ကြီးတာကောင်းပါတယ်။ ဒါမှ ငါကသူ့ပေါ် နွဲ့ဆိုးဆိုးလို့ရမှာ၊ ဟင် မဟုတ်သေးပါဘူး။ ငါဘာတွေလျှောက်တွေးနေပါလိမ့်။ ငရဲတော့ကြီးတော့မယ်ထင်ပါတယ်"

ဟု တိုယ့်ကိုယ်ကို မနဲကြီး ဆုံးမလိုက်ရလေသည်။

## အခန်း (၂)

မနက်ခင်းက မဖြူထံမှရခဲ့သည့် အပြုံးပန်းပွင့်လေးသည် ဦးသုမနအတွက် ဘယ်သောအခါမှ နွမ်းယိသွားမည်မဟုတ်၊ အမြဲတမ်း လန်းဆန်းနေမည်သာဖြစ်သည်။ ယခုလည်း ညသန်းခေါင်ရောက်သည်အထိ ထိုအပြုံးပန်းပွင့်လေးကို အထပ်ထပ်အခါခါ နမ်းရှုပ်နေမိသည်။

မိုးမြန်မြန်လင်းပါစေဟုသာ ဆုတောင်းမိသည်။ ဆွမ်းခံကြွမှသာလျှင် မဖြူနှင့်တွေ့နိုင်သည်မဟုတ်ပါလား။ အချစ်စိတ်ဒီဂရီတွေ ဘယ်လောက်ပင်မြင့်တက်ပါစေ၊ ရဟန်းတစ်ပါးအနေနှင့် ဆွမ်းခံချိန်မှတစ်ပါး ရပ်ကွက်ထဲမသွားသင့်ဟူသော ကန့်သတ်ချက်ကိုကား ဦးသုမနလိုက်နာပေသည်။

အရင်က ဆွမ်းခံကြွခါနီးလျှင် မေတ္တာသုတ်ပရိတ် သုံးခေါက်ရွတ်သည်။ ယခုမရွတ်နိုင်တော့။ မဖြူ၊ မဖြူဟူသောအမည်လေးကိုသာ အထပ်ထပ်အခါခါ ရွတ်နေမိသည်။ မျက်လွှာချသွားခြင်းဖြစ်သဖြင့် လမ်းတစ်လျှောက်လုံး မြေကြီးကိုသာ မြင်သွားရပေမည်၊

www.burmeseclassic.com

www.burmeseclassic.com



ဤကား သာမန်လူများအတွက်ဖြစ်၏။ အချစ်နတ်ဖမ်းစားခြင်းခံနေရသော ဦးသုမန၏ မျက်စေ့ထဲတွင်ကား လမ်းမြေပြင်တစ်လျှောက် မဖြူ၏ လှပသောမျက်နှာလေးကိုသာ မြင်နေသည်။

မဖြူတို့အိမ်ရှေ့အရောက်တွင်ကား ဦးသုမနအတွက် အချိုးရာသကာတွေ့လေပြီ။ အိမ်ရှေ့တွင် မဖြူတစ်ယောက် ပဲပြုတ်ဝယ်နေသည်ကို တွေ့လိုက်ရသည်။ ကျောင်းစိမ်းဝတ်စုံလေးက သူမ၏ ရှိုပြီးသားအလှကို အရောင်တင်ပေးသကဲ့သို့ရှိသည်။ ဦးသုမနအိမ်ထဲသို့ တန်းမဝင်နိုင်သေးဘဲ တစ်ရှိုက်မက်မက် ရပ်ကြည့်နေမိသည်။

မဖြူက ဦးသုမနကို မြင်သော်လည်း ချက်ခြင်းပြန်ကြည့်ရဲသည်အထိ သတ္တိမရှိ၊ ထို့ကြောင့် မမြင်ဟန်ပြုကာ ပဲပြုတ်ကိုသာ ငြီးအောင်ဝယ်နေလိုက်သည်။ ထုံးစံအတိုင်း ဦးသုမနကို မြင်လိုက်သည်နှင့် ရင်တွေကခုန်လာပြီး ဣန္ဒြေရှင်မိန်းကလေးမို့ ပြန်ကြည့်ချင်စိတ်ကို မျိုသိပ်နေခြင်းသာ။

ကုလားထိုင်မှာထိုင်ပြီးသည်နှင့် မဖြူကို စတွေ့ကတည်းက သူမမျက်နှာမှာ အမြဲတပ်ထားသော မျက်မှန်လေးကြောင့် မျက်စိအားနည်းလို့ထင်တယ်ဟူသောအတွေးဖြင့် သနားစိတ်လေးတစ်ခုပါပိုနေမိသည်။ သေချာသိအောင်လည်း မေးကြည့်ချင်သည်။

ချောမောလှပပြီး ဣန္ဒြေရှိသော မိန်းကလေးတစ်ယောက်ကို ခင်မင်ဖို့မဆိုထားနှင့် စကားပြောဖို့ပင် သိပ်မလွယ်ပေ။ ထို့ကြောင့်လည်း မဖြူနှင့် စကားပြောဖို့ရန် အခွင့်အလမ်းကို ဦးသုမနစဉ်းစားနေသည်။ ယောက်ျားမာယာက မိန်းမထက်သာသည်မို့ အကြံကောင်း ဉာဏ်ကောင်းက ချက်ခြင်းပေါ်လာသည်။ ထို့ကြောင့်လည်း ပဲပြုတ်ဝယ်ပြီး ဝင်လာမည့်မဖြူကို သေချာစောင့်ကြည့်နေမိသည်။ ဟော . . . မဖြူဝင်လာပြီ၊ ဦးသုမနအချိန်ဆွဲမနေတော့။



"မဖြူ. . . ဦးပဥ္စင်း ရေတစ်ခွက်လောက်သောက်ချင်တယ်"

"တပည့်တော် ခပ်ပေးပါ့မယ်ဘုရား"

မဖြူက ပဲပြုတ်ပန်းကန်လေးကို နောက်ဖေးကို အမြန်သွားပို့ကာ သောက်ရေကို ဖန်ခွက်ဖြူဖြူလေးထဲထည့်ပြီး အောက်ခံပန်းကန်ပြားပေါ် တင်လာကာ ဦးသုမနကို ကပ်လိုက်သည်။ ရှက်ရွံ့တတ်သော မိန်းကလေးပီပီ ဦးသုမနကို မကြည့်ရဲ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

သနပ်ခါးရေကျဲပါးပါးလေးအောက်မှ ဖြူဝင်းစိုနေသော နဖူး၊ နှာတံနှင့် ပါးမို့မို့လေးများ၊ အကြောစိမ်းလေးများ မြင်နေရသည့် လည်တိုင်လေးများကို အနီးကပ်မြင်လိုက်ရသောအခါ ဦးသုမနသည် ပြောရမည့်စကားတို့ပင် မေ့ပျောက်သွားကာ တဒင်္ဂမှင်သက်သွားမိသည်။ ရေကိုလည်း မသောက်မိသေး။

အတန်ကြာတော့ ဦးသုမနရေသောက်ပြီးလောက်ပြီအထင်နှင့် မဖြူက ဖန်ခွက်ကိုယူရန် မော့ကြည့်လိုက်ရာ သူမကိုစိုက်ကြည့်နေသော ဦးသုမနနှင့် မျက်လုံးချင်းဆုံသွားကြ၏။ မဖြူမျက်နှာတွင် ပန်းရောင်ပြေးသွားကာ 'အို'ဟူသော မပွင့်တပွင့်အသံလေးနှင့်အတူ အောက်ကို ကမန်းကတန်း ပြန်ငုံ့သွားသည်။

ထိုအခါကျမှ ဦးသုမနမှာလည်း ဥပုသ်သည်ပိုး သူခိုးလူမိဖြစ်သွားကာ အားနာပါးနာနှင့် မျက်လွှာကို ကမန်းကတန်း အောက်ချလိုက်ရသည်။ ဦးသုမနမှာလည်း ရှက်သွားသဖြင့် ဖန်ခွက်ကိုကိုင်တာ ဘာမှမပြောနိုင်ဖြစ်သွားသည်။ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရသလို ရဟန်းတို့ဣန္ဒြေသည်လည်း စိန်ပေးလို့မရပေ။ ဣန္ဒြေရှင်နှစ်ဦးတို့ ချစ်ခင်ရင်းနှီးမှုရဖို့ကား ခက်လှဘိတောင်း။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့အလှကို နှစ်သက်သောသူကို သဘောမကျသော မိန်းကလေးဟူ၍မရှိပေ။ ထို့ကြောင့်လည်း မဖြူက ပြုံးပြုံးလေးဖြင့် မော့ကြည့်ကာ

“ဦးပဉ္ဇင်းရေဘုဉ်းပေးလေ”

ဟု သတိပေးလိုက်သောအခါ ဦးသုမနမှာ အယောင်ယောင်အမှားမှားဖြင့်

“မဘုန်းပေးချင်ပါဘူး”

ဟုဖြေလိုက်၏။ ထိုအခါ မဖြူက အံ့ဩသောမျက်နှာလေးဖြင့်

“ဟင် . . . တပည့်တော်ကိုတော့ ရေခပ်ခိုင်းပြီး”

ဟု လျှောက်လိုက်သောအခါတွင်မှ ဦးသုမနမှာ သူစကားများသွားမှန်းသတိရသွားသဖြင့်

“အဲ . . . အဲ . . . ဟုတ်ပါဘူး၊ ဘုဉ်းပေးမှာပေါ့”

ဟုပြင်ပြောပြီး ရေကို မော့သောက်လိုက်လေသည်။ ပြီးလျှင် နှစ်ယောက်သား တိုးညှင်းစွာရယ်မိကြသည်။ လွတ်လပ်စွာရယ်မောခြင်းသည် လူစိမ်းနှစ်ယောက်ခင်မင်လွယ်သော အကောင်းဆုံးနည်းလမ်းတစ်ခုပင်ဖြစ်၏။ ဦးသုမနက စမေးရသည်။

“မဖြူ ဘယ်အတန်းဖြေမှာလည်း”

“ဆယ်တန်းပါဘုရား”

“မျက်လုံးအားနည်းတယ်ထင်တယ်၊ ကြာပြီလား”

“နှစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်ဘုရား”

“ဦးပဉ္ဇင်းဆီမှာ မျက်လုံးအားပြန်ကောင်းပြီး မျက်မှန်လွှတ်တဲ့နည်းကောင်းတစ်ခုရှိတယ်။ သူ့နည်းက တစ်သက်လုံး ကျင့်သွားရမှာ ကြာလေကောင်းလေပဲ၊ မဖြူကျင့်ကြည့်မလား”



“မျက်လုံးသာ အားကောင်းလာမယ်ဆိုရင် ဘယ်လို လေ့ကျင့်ရ လေ့ကျင့်ရပါ ပြောပြပါဘုရား”

“ဦးပဉ္ဇင်းရဲ့ ကိုယ်တွေ့နည်းပါ၊ ဦးပဉ္ဇင်းကိုယ်တိုင် အသက်(၁၉)နှစ်လောက်က မဖြူလိုပဲ မျက်လုံးအားနည်းလာတယ်၊ စာကြည့်တာနဲ့ ဇက်ကြောတွေတအားတက်ပြီး မျက်ရည်တွေကျလာတယ်။ မျက်စိဆရာဝန်နဲ့ပြကြည့်တော့ ဒီဂရီမျက်မှန်တပ်ရမယ်လို့ ပြောတော့တာပဲ”

“ဦးပဉ္ဇင်းက စာပေသမားဆိုတော့ မျက်မှန်လွှတ်ကျင့်နည်းဆိုတဲ့ စာအုပ်တစ်အုပ်ကို ရှာဝယ်လိုက်တယ်။ နောက်မန္တလေးမြို့က ကျမ်းပြုစာချအကျော် ဆရာတော် ဦးကောဝိဒါဘိဝံသ သက်တော်(၇၀)ကျော်မှ မျက်မှန်လွှတ်သွားတဲ့ ကျင့်စဉ်အကြောင်းကိုလည်း ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်လိုက်ရတယ်”

တစ်ခါ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သွားကိုက်ပျောက်ကျင့်စဉ်တစ်ခုကိုလည်း ရလိုက်ပြန်တယ်။ ဒီသုံးနည်းကိုပေါင်းစပ်ပြီး နည်းသစ်တစ်ခုကို သဘာဝကျအောင် ပေါင်းစပ်ပြီး ကျင့်လိုက်တာ အခုဆိုရင် ဦးပဉ္ဇင်းစာ ဘယ်လောက်ကြည့်ကြည့် ဇက်ကြောမတက်တော့ဘူး၊ မျက်ရည်ပူလည်းမကျတော့ဘူး၊ မျက်မှန်လည်း မတပ်ရတော့ဘူးပေါ့”

“တပည့်တော် ဒီ ..တော်စိတ်ဝင်စားသွားပြီဘုရား၊ ပြောပါ တပည့်တော်လည်း စွဲစွဲမြဲမြဲလေ့ကျင့်ပါ့မယ်”

“ပထမဆုံးအိပ်ယာက နိုးပြီးပြီးချင်း မျက်နှာကို အရင်မသစ်ရဘူး၊ ခြေထောက်နှစ်ဖက်လုံး ဒူးအထက်ကနေပြီး ရေသုံးခွက်စီလောက် လောင်းပေးရမယ်၊ ဒါက တစ်ကိုယ်လုံးမှာ ပြန့်နှံ့နေတဲ့ အပူခိုးတွေကို ခြေထောက်ရောက်သွားအောင် ဆွဲချလိုက်တာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ယာကထလာတာနဲ့ အပူတွေက တစ်ကိုယ်လုံးမှာ နှံ့နေတာပါ။ ဒီအချိန်မှာ အရင်ကထုံးစံအတိုင်း မျက်နှာကို အရင်သစ်လိုက်မယ်ဆိုရင် ရေနဲ့ထိပြီး အေးသွားတဲ့ မျက်နှာတစ်ပြင်လုံးကို တစ်ကိုယ်လုံးက အပူတွေအကုန်ပြေးလာကြပါတယ်။ ဒါ့ကြောင့် မျက်စိကို တစ်ကိုယ်လုံးကရှိတဲ့ အပူခိုး၊ အပူငွေ့တွေက လာရိုက်တော့တာပေါ့"

"သေချာသိချင်ရင် မျက်နှာသစ်ပြီးတာနဲ့ မှန်ထောင်ကြည့်လိုက်ပါ။ မျက်စိနှစ်လုံးစလုံး ရဲနေတာ တွေ့ရလိမ့်မယ်။ အဲဒီလို အပူခိုးတွေရိုက်ပါများလာတဲ့အခါ ဒီမျက်စိကမှုန်ပြီး အားနည်းသွားတာပဲပေါ့"

"ဒါ့ကြောင့် အပူခိုးတွေ မျက်စိမသွားဘဲ အောက်ရောက်သွားအောင် ခြေထောက်ကိုအရင် ရေလောင်းရတာပေါ့။ ဒူးကခနဲ့ ရေလောင်းပြီးတဲ့အခါမှာလည်း ချက်ခြင်းမျက်နှာမသစ်ရသေးဘူး။ ချိုင်းကြားနှစ်ဘက်မှာ ကပ်ကျန်နေတဲ့ အပူခိုးတွေထွက်သွားအောင် မတ်တပ်ရပ်ပြီး လက်နှစ်ဘက်ကို ခေါင်းပေါ်မြှောက်တင်လိုက်၊ အောက်ချလိုက်နဲ့ အနည်းဆုံး အကြိမ်နှစ်ဆယ်လောက် လုပ်ပေးရမယ်"

"အဲဒါပြီးတဲ့အခါ တက်နေတဲ့ ဇက်ကြောတွေ လျှော့သွားအောင် ခေါင်းကိုနောက်ကျောဘက်ရောက်နိုင်သလောက် လှန်ချရမယ်။ ရှေ့ကိုလည်း ရသလောက်ငုံ့ရမယ်။ ဒါကလည်း အကြိမ် ၂၀ လောက်ပေါ့။ ပြီးရင် ခေါင်းကို ဘယ်ညာအခါနှစ်ဆယ်လောက် လှည့်ပေးရမယ်။ ဒီလေ့ကျင့်ခန်းသုံးခုပြီးတာနဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အပူခိုးတွေ ခြေထောက်ကတစ်ဆင့်ထွက်နေတာ ကုန်သွားပါပြီ"



"သေချာသိချင်ရင် ခြေထောက်ကို စမ်းကြည့်လိုက်ပေါ့။ ရေတစ်စက်မှ မရှိတော့ဘဲ ခြောက်နေတာတွေ့ရလိမ့်မယ်။ အဲဒီကျတော့မှ မျက်နှာကို ဆပ်ပြာနဲ့ သေချာသစ်ရမယ်။ သွားမတိုက်ရသေးဘူး။ ပါးစပ်ကို ပိတ်ထားရမယ်။ မျက်နှာသစ်ပြီးတာနဲ့ မျက်နှာသုတ်ပုဝါနဲ့ သုတ်ပေတော့"

"ဒီအချိန်မှာ မျက်နှာမှာရှိတဲ့ မွေးညှင်းပေါက်တွေ အကုန်ပွင့်သွားတာပေါ့။ အဲဒီကျတော့မှ သွားတိုက်ရမယ်၊ သွားတိုက်ရင်းနဲ့သွားကြို သွားကြားမှာရှိတဲ့ အခိုးအငွေ့တွေဟာ မျက်နှာက မွေးညှင်းပေါက်များမှတစ်ဆင့် ထွက်ကုန်တာပေါ့။ ဒီနည်းက အပူကြောင့်ဖြစ်တဲ့ သွားကိုက်ရောဂါကို ကြိုတင်ကာကွယ်တဲ့နည်းပါ။ မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတာပေါ့။

"ဘာမှ ခဲယဉ်းတာ မပါပါဘူး။ ဘုရားတပည့်တော် လေ့ကျင့်ပါ့မယ်"

"နောက် . . . အစားအစာနဲ့ပတ်သက်ရင်တော့ အရည်ရွှမ်းတဲ့ လတ်လတ်ဆတ်ဆတ် အသီးအရွက်တွေကို ဦးစားပေးပြီး စားရမယ်။ နောက်ပြီး အစားအစာကိုစားတဲ့အခါမှာလည်း အာဟာရဖြစ်တဲ့ ကြေလွယ်တဲ့အစာကို ဦးစားပေးပြီးစားရမယ်"

ထိုအချိန်မှာပင် ဒေါ်ခင်ဝင်းလည်း အနားသို့ရောက်လာပြီး ဦးသုမနကို ဦးချလိုက်ကာ

"ဟော . . . မဖြူကြ ဦးပဥ္စင်းကို ဆွမ်းမလောင်းပဲ ဘာတွေမေးနေတယ်မသိဘူး"

ဟုပြောလိုက်ရာ မဖြူက

"ဦးပဥ္စင်းက မျက်မှန်လွတ်မျက်စိအားကောင်းတဲ့နည်းတွေပြောပြနေတာ မေမေရဲ့ သိပ်စိတ်ဝင်စားစရာကောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပြီး ဦးသုမနကို ကျေးဇူးတင်သောမျက်လုံးလေးများနှင့် ကြည့်နေသည်။ ဒေါ်ခင်ဝင်းက

"ဆုံးမပါဘုရား၊ ဦးပဥ္ဇင်းတပည့်မက ညဆို မီးနဲ့စာ အရမ်းကြည့်၊ အရမ်းရေးတာ ဒါ့ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်တပ်နေရတာ"

ဟု ပြောလိုက်သဖြင့် ဦးသုမနက

"ဖြစ်နိုင်ရင် နေ့ဘက်ကို ဦးစားပေးပြီး စာကြည့်သင့်တယ်၊ ညဘက်တော့ နည်းနည်းပဲကြည့်ပေါ့။ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ စစ်ကိုင်း၊ ရွှေဟင်္သာတောရဆရာတော်ဘုရားကြီးဆိုရင် အသက်တစ်ရာကျော်တဲ့အထိ စာကြည့်နိုင်သေးတယ်။ ၁၀၂ နှစ်ကျမှ ပျံတော်မူတာ၊ အဲဒါ ညဘက်မီးနဲ့ စာမကြည့်လို့လို့ ဆရာတော်ကြီးက အမိန့်ရှိတယ်။"

သူ့အတွက် အချိန်တော်တော်ကုန်သွားသည်ကို သတိထားမိသွားသော မဖြူက

"ဦးပဥ္ဇင်းဆွမ်းခံနောက်ကျနေဦးမယ်ဘုရား" ဟု လျှောက်လိုက်မှ ဦးသုမနရှေ့ဆက်ကြွဖို့ သတိရတော့သည်။

x x x x x

### အခန်း (၃)

ယခုဆိုလျှင် ဦးသုမန ရန်ကုန်ရောက်တာ (၁)နှစ်ကျော်လာခဲ့ပြီ။

ရက်တွေ၊ လတွေ ကြာလာသည်နှင့်အမျှ ဣန္ဒြေရှင်နှစ်ဦးတို့၏ ရင်တွင်းမှ အုံပုန်းအချစ်တို့သည်လည်း ကြီးမားမှန်းမသိ ကြီးမားလာကြသည်။ စောင့်ထိန်းရမည့်သိက္ခာတရားကြောင့် သူတို့၏အချစ်ကို မျက်စေ့ဖြင့်သာ ပြသခဲ့ကြသည်။



ယနေ့လည်းကြည့်ပါ။ ဦးသုမနသည် မနေ့က သွေးလှူပြီး ရခဲ့သော ဆယ်ကြိမ်မြောက် သွေးလှူရှင်တံဆိပ်လေးကို ငွေရောင်ဖူးလေးဖြင့် သေချာထည့်နေသည်။ ငွေဖူးလေးပြင်ဆင်ပြီးသည်နှင့် သက်န်းရုံပြီး ဆွမ်းခံစောစောထွက်ခဲ့သည်။ မဖြူနှင့် တန်းတွေ့ပါစေဟုလည်း အကြိမ်ကြိမ်ဆုတောင်းမိသည်။ ထိုအချိန်တွင် မဖြူကလည်း ခပ်စောစောကတည်းက ဖီးလိမ်းပြင်ဆင်၍ ဦးသုမနကို တိုက်ပေါက်ဝက မျှော်လျက်ရှိသည်။

ဦးပဥ္ဇင်းငယ်ငယ်လေးများတွေ့တိုင်း ထွက်ထွက်ကြည့်ရတာလည်း အမောဖြစ်နေသည်။ စိတ်ချင်းအဆက်အသွယ်ဖြစ်သည်ကား အံ့သြစရာကောင်းပေစွ။ ထိုအချိန်မှာပင် ဦးသုမနက ခပ်စောစောပင် လမ်းထဲသို့ဝင်လာရာ မဖြူက တိုက်ပေါက်ဝမှ အပြုံးဝေဆာစွာဖြင့် လှမ်းမျှော်ကြည့်နေသည်။ သူတို့နှစ်ဦး၏အပြုံးနှင့် အကြည့်တို့က လမ်းမှာပင် အကြိမ်ကြိမ်ခလုတ်တိုက်မိကြသည်။

တိုက်ပေါက်ဝရောက်သည်နှင့် မဖြူက လက်အုပ်လေးချီပြီး ဦးသုမနကို လျှောက်သည်။

"တပည့်တော် အစောကြီးကတည်းက ဦးပဥ္ဇင်းကို မျှော်နေတာ"

"ဦးပဥ္ဇင်းကလည်း မဖြူနဲ့တန်းတွေ့ပါစေလို့ အစောကြီးကတည်းက ဆုတောင်းလာတာ"

မဖြူက အံ့သြသော မျက်နှာလေးဖြင့်

"ဦးပဥ္ဇင်းက ဘာဖြစ်လို့ အဲဒီလို ဆုတောင်းလာတာလဲ"

"မဖြူကရော ဘာဖြစ်လို့ အစောကြီးမျှော်နေတာလည်း"

"ဟင့်အင်း၊ ဦးပဥ္ဇင်းအရင်ဖြေရမယ်"

"အင်း . . ဒါဆိုရင်လည်း ဖြေရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သပိတ်ကို စားပွဲပေါ်တင်ပြီးသည်နှင့် အိတ်ထဲမှ ငွေဗူးလေးကို ထုတ်ယူလိုက်သည်။ ပြီးတော့ မဖြူမျက်နှာလေးကို ကြည့်ကာ

"မဖြူကို ထူးထူးခြားခြားမွေးနေ့လက်ဆောင်တစ်ခုပေးချင်လို့ မဖြူမွေးနေ့က ဘယ်နေ့လဲ"

ဟု မေးလိုက်ရာ မဖြူက ဝမ်းသာမှုအရှိန်ဖြင့် မျက်နှာလေး ဝင်းထိန်သွားကာ

"မနက်ဖြန် မေလ (၁) ရက်နေ့မှာ တပည့်တော်မအသက် (၁၉) နှစ်ပြည့်မှာလေ"

ဟု ဖြေလိုက်သည်။ ဦးသုမနက

"အတော်ပဲပေါ့၊ အဲဒါ မဖြူအတွက်ဦးပဥ္စင်းအမြတ်နိုးဆုံး မွေးနေ့လက်ဆောင်"

ဟုဆိုကာ မဖြူကို ကမ်းပေးလိုက်သည်။ မဖြူက ဝမ်းသာအားရ ငွေဗူးလေးကို ဖွင့်လိုက်ရာ ဆယ်ကြိမ်မြောက်သွေးလှူရှင် အသဲပုံတံဆိပ်ရင်ထိုးလေးကို တွေ့လိုက်ရသည်။

မဖြူက တံဆိပ်လေးကို အမြတ်တနိုးကိုင်ကြည့်ရင်း

"ဦးပဥ္စင်းရယ်၊ ကိုယ့်သွေးနဲ့ရင်းရတဲ့ ဒီပစ္စည်းမျိုးကို သူတစ်ပါးကိုမပေးသင့်ဘူး၊ ကိုယ်ကိုယ်တိုင်ပဲ သိမ်းထားသင့်တယ်"

"မဖြူက သူတစ်ပါးမှ မဟုတ်ဘဲ"

ထိုစကားလုံးသည် ဦးသုမန၏ နှုတ်မှ ဘယ်လိုထွက်သွားသည် မသိ။ နှလုံးသားမှ လာသောစကားဆိုသည်ကို ဦးသုမန လက်တွေ့ကြားဘူးခြင်းပင်ဖြစ်ပါ၏။ "မဖြူက သူတစ်ပါးမှ မဟုတ်ဘဲ" ဟူသော ဦးသုမန၏ စကားအဓိပ္ပါယ်ကို မဖြူချက်ခြင်း နားမလည်။



"မဖြူက သူတစ်ပါးမဟုတ်ရင် . . ."

ဟူသော စကားသံနှင့်အတူ သုံးရက်လ၊ ခုံးမျက်စလေးကို အပေါ်မြင့်တင်လျက် တွေးတောနေသည်။ သူဆိုလိုသည့်အဓိပ္ပါယ်ကို မဖြူချက်ခြင်းသိသွားမှာကိုလည်း ဦးသုမနစိုးရိမ်သည်။ ထို့ကြောင့် မဖြူဆက်မတွေးဖြစ်အောင် စကားကိုလမ်းကြောင်းပြောင်း ပေးလိုက်သည်။

"မဖြူ ဦးပဥ္စင်းကို စောင့်နေတဲ့အကြောင်းကို ပြောပါဦး"

"ဪ . . . အဲဒါကမှပိုပြီး ဝမ်းသာစရာကောင်းမှာ ဦးပဥ္စင်း တပည့်တော်ကို သေချာကြည့်စမ်းပါ၊ ဘာထူးခြားနေသလဲလို့"

မဖြူက ပြုံးချိုနေသော နှုတ်ခမ်း၊ အရည်လဲ့နေသော မျက်လုံးကြီးများဖြင့် ဦးသုမနစိုက်ကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။ ဦးသုမနက ဝတ်ကျေတန်းကျေသဘောမျိုးဖြင့် မဖြူ၏ လှပလန်းဆန်းသော မျက်နှာလေးမှစ၍ တစ်ကိုယ်လုံးကို ကြည့်လိုက်သည်။ အတန်ကြာသည်အထိ ဦးသုမနထံမှ အဖြေထွက်မလာသောအခါ မဖြူက

"ဦးပဥ္စင်းက သတိမထားမိဘူးထင်တယ်၊ တပည့်တော် မျက်နှာမှာ မျက်မှန်မပါတော့ဘူးလေ"

"ဪ . . . ဒါလား၊ ဒါကိုတော့ သတိထားမိတာပေါ့၊ ခဏ ချွတ်ထားတာမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အမြဲတန်းကို ချွတ်ထားလို့ရပြီ၊ ဦးပဥ္စင်းပြောတဲ့အတိုင်း လေ့ကျင့်လိုက်တာ မျက်စိပြန်အားကောင်းသွားပြီလေ၊ ဦးပဥ္စင်းကို သိပ်ကျေးဇူးတင်တာပဲ"

ဦးသုမန၏ မျက်နှာမှာလည်း ဝမ်းသာမှုအရှိန်ကြောင့် ဝင်းထိန်လို့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဍ္ဍင်းဝမ်းသာလိုက်တာမဖြူရယ်၊ ပြောထားတဲ့အတိုင်း အမြတ်နှန်းသာ ဆက်လေ့ကျင့်သိလား၊ ကြာလေ၊ မျက်စေ့က ပိုကြည်လာလေ ဖြစ်သွားလိမ့်မယ်သိလား"

"တပည့်တော် ဆက်ကျင့်မှာပါ၊ ပြီးတော့ လျှောက်စရာနောက်တစ်ခုကျန်သေးတယ်"

"ဘာများပါလိမ့်"

ဦးပဍ္ဍင်းကို တွေ့တဲ့နေကစပြီး အိမ်ကရသမျှ မုန့်ဖိုးတွေကို တပည့်တော်စုထားတယ်၊ (၁)နှစ်ပြည့်တဲ့အခါမှာ ဦးပဍ္ဍင်း ဘာပဲလိုလို လိုတဲ့ပစ္စည်းကို လှူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့၊ အဲဒါအခု (၁)နှစ်ပြည့်လို့ ငွေတွေကို မေမေ့ကိုပြပြီး တိုင်ပင်ကြည့်တော့ ပရိက္ခရာရှစ်ပါးအပြည့်အစုံဝယ်ပြီး ဦးပဍ္ဍင်းကို သိက္ခာထပ်ပေါ့လို့ ပြောတယ်"

အရွယ်နှင့်မမျှအောင် ကြီးမားသောမဖြူ၏ စေတနာနှင့်သဒ္ဓါတရားကို ဦးသုမနသြချ၍ ယူရတော့သည်။ မဖြူ၏ စကားအတွက် ဦးသုမနမှာ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ ဝမ်းသာသည်က မဖြူတစ်ယောက် သူ့အပေါ် တွင်ထားသော စေတနာ မေတ္တာကို သိခွင့်ရခြင်းကြောင့်ပင်ဖြစ်ပေသည်။

ဝမ်းနည်းသည်က သူ လူ့ဘဝပြောင်းခဲ့လျှင် ပစ္စည်းလေးပါး အလှူရှင် ရဟန်းဒကာ၊ ဒကာမများဖြစ်လာကြမည့် မဖြူ၏မိဘများကို မျက်နှာပူစရာကောင်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း

"ဦးပဍ္ဍင်းမှာ အဲသလောက် မလိုအပ်ပါဘူး၊ မဖြူအတွက် လိုတာကိုသာ သုံးပါ" ဟု ပြောမိသည်။ မဖြူက မရ။

"အို . . . တပည့်တော်က စုကတည်းက ဦးပဍ္ဍင်းဖို့ပဲ မှန်းစုတာ၊ တပည့်တော်အတွက်လည်းမပါဘူး၊ တခြားသူအတွက်လည်း



မပါဘူး"

ဟု ခါးခါးသီးသီး ငြင်းဆန်ပါတော့သည်။ ဦးသုမန ဘာတတ်နိုင်ပါမည်နည်း၊ မဖြူစိတ်ချမ်းသာဖို့သာ အဓိကမဟုတ်ပါလား၊ နောက်ဆုံးတော့ ခေါင်းငြိမ့်ခွင့်ပြုလိုက်ရသည်သာ ဖြစ်ပါ၏။

× × × × ×

**အခန်း (၄)**

ဦးသုမနအတွက် ဘယ်နေရာကြည့်လိုက် ကြည့်လိုက် လောကကြီးသည် သာယာနေသည်။ ဘယ်သူ့ကိုပဲ တွေ့ရ တွေ့ရ ချစ်စရာကောင်းနေသည်။ သူချစ်ခင်တွယ်တာမိခဲ့သော မဖြူက သူ့အချစ်တွေသွန်အန်ချဖို့ရန် လမ်းဖွင့်ပေးခဲ့ပြီမဟုတ်ပါလား၊ မနက်ခင်းက ဖြစ်ရပ်လေးက ယခုညရောက်သည့်အချိန်ထိ ပျောက်၍ မသွား၊ မျက်စေ့ထဲတွင် ကွက်ကွက်ကွင်းကွင်း မြင်နေရတုန်းပင် ဖြစ်သည်။

သူ့ကို ဆွမ်းလောင်းပြီးတော့ မဖြူက လှပသပ်ရပ်သော မှတ်တမ်းစာအုပ်လေးတစ်အုပ်ကို သူ့အားကမ်းပေးရင်း

"ဦးပဍ္ဍင်းရဲ့ အထွေထွေမှတ်စုထဲက တပည့်တော်အတွက် အသုံးတည့်တာတွေရေးပေးမယ်လို့ ပြောတာမှတ်မိသေးတယ် မဟုတ်လား၊ အခုစာအုပ်ဝယ်လာပြီ ရေးပေးတော့"

ဟုပြောလာသည်။ သူက မဖြူမျက်နှာလေးကို သေချာကြည့်လိုက်ရင်း

"မှတ်စုထဲကတင်မကဘူး၊ တခြားအကြောင်းအရာတွေလည်း ရေးချင်တယ်၊ မဖြူက ဖတ်မှာလား" ဟုမေးလိုက်တော့ သူပြောတဲ့ အဓိပ္ပါယ်ကို ရိပ်မိလို့ပဲလားတော့ မသိ၊ မဖြူက

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်းရေးတာဆိုရင် အကုန်ဖတ်မှာပေါ့"

တဲ့။ ဒါဆိုရင် သူငါ့ရင်ထဲဖြစ်နေတာကို နားလည်မှာပါ။ ယောက်ျားကလေးဖြစ်တဲ့ ငါက ဖွင့်ပြောဖို့ပဲ လိုတော့တယ်။ ထိုအချိန်မှာပင် တစ်ခန်းတည်းနေ ဦးခေမိန္ဒနှင့်ဦးသီလာစာရတို့ သူ့ကုတင်ပေါ် ရောက်လာကြသည်။ ဦးခေမိန္ဒက လှပသပ်ရပ်သော မှတ်တမ်းစာအုပ်လေးကို ကောက်ကိုင်ရင်း

"ဦးသုမန၊ ဒါ မဖြူက လှူလိုက်တာမဟုတ်လား၊ တပည့်တော် ဆွမ်းခံကြွရင်း မြင်လိုက်ပါတယ်"

ဟု မေးလာသည်။ ဦးခေမိန္ဒလည်း မဖြူတို့အိမ်ဆွမ်းခံကြွသူပင်၊ ဦးသုမနထက်ပင် ခြောက်လခန့်ဦးသေးသည်။ ဦးသုမနက ရှင်းပြလိုက်သည်။

"တပည့်တော်ကို လှူတာမဟုတ်ဘူး၊ ဗဟုသုတမှတ်စုလေးတွေ ကူးပေးဖို့ အကူအညီတောင်းတာ"

ထိုအခါ ဦးသီလာစာရက

"ဒါဆိုရင် ပထမကြီးတန်းအလင်္ကာကျမ်းထဲက ဂါထာလေးတစ်ဂါထာကို မြန်မာပြန်ပါထည့်ရေးပေးလိုက်ပေါ့"

ဦးသုမနက အဟုတ်မှတ်၍

"ဘယ်ဂါထာလည်း ဦးသီလာစာရ"

"ဂါမ္ဗဒါသသင့်တဲ့ ဂါထာလေးလေ၊ တပည့်တော် အလွတ်ရပါတယ်၊ အဲ . . . ဘာတဲ့ . . .

ကညေကာမယ မာန်မံ

နကာမယသိ ကိံန္တိဒံ - တဲ့ မြန်မာပြန်အနက်က

ကညေ၊ ဟယ် အပျို၊ ကာမယမာန်၊ နင့်ကိုချစ်နေသော၊ မံ၊ ငါ့ကို၊ တွံ၊ သင်သည်၊ နကာမယသိ၊ မကြိုက်၊ ကိံဒံ၊ ဤသို့ ငါက



နင့်ကိုကြိုက်နေပါလျက်၊ နင့်ကငါ့ကိုမကြိုက်ခြင်းသည်၊ ကိံနု၊ အဘယ်ကြောင့်ပါနည်း တဲ့"

"ဟာ . . . ဦးသီလာစာရကလည်း တပည့်တော်က အဟုတ်မှတ်လို့ နားထောင်နေတာ၊ အရှင်ဘုရားက နောက်နေတာပဲ"

ဦးသီလာစာရနှင့်ဦးခေမိန္ဒက ဦးသုမနကိုကြည့်ပြီး တဟားဟားရယ်သည်။ ထိုဂါထာသည် အလင်္ကာကျမ်းထဲတွင် တကယ်ပါပါသည်။ အရယ်ရပ်သည်နှင့် ဦးခေမိန္ဒက တစ်စခန်းထပြန်သည်။

"မဖြူတို့အိမ်ကို တပည့်တော်က အရင်ကြွတာ ဦးသီလာစာရရဲ့၊ ဦးသုမနက နောက်မှကြွတာ၊ ဒါတောင် မဖြူတို့ မိသားစုက တပည့်တော်ကျတော့ သိက္ခာမထပ်ဘူး၊ နောက်ကျမှ ရောက်လာတဲ့ ဦးသုမနကျမှ သိက္ခာထပ်တယ်၊ အဲဒါ ဘာ့ကြောင့်လို့ထင်သလဲ ဦးသီလာစာရ"

"အမိန့်ရှိစမ်းပါဦး"

"ဦးသုမနက မာယာပိုကောင်းလို့ပေါ့ဘုရား၊ စကားရှိတယ်မဟုတ်လား၊ မိန်းမ မာယာသဲကိုးဖြာဆိုတာလေ၊ ယောက်ျားမာယာကျတော့ မန် ကျည်းကိုးပင်ထပ်ထည့်ရမယ်ဆိုတာ"

ဦးခေမိန္ဒက သူ့စကားကို ဆက်သည်။

"တပည့်တော်ဖတ်ဖူးတယ်၊ တစ်ခါတော့ ဘုန်းကြီးတစ်ပါးဟာ ဆွမ်းခံပျင်းတော့ နေမကောင်းလို့၊ ခေါင်းမူးလို့ အဲဒီလို အကြောင်းအမျိုးမျိုးပြပြီး မကြာခဏဆွမ်းသွားစားနေသတဲ့၊ ခဏခဏဆိုတော့ ဒကာမလည်း သဒ္ဓါပျက်လာသတဲ့၊ တစ်ရက်တော့ ဘုန်းကြီးက ဗိုက်နာလို့ ဆွမ်းခံမထွက်နိုင်ဘူးဆိုပြီး ဆွမ်းစားရအောင် သွားပြန်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဒကာမက ဒီဘုန်းကြီးပျင်းကို ဆွမ်းမကပ်ရအောင် ငါ့မာယာနဲ့ ပထုတ်မယ်လို့ ကြိမ်းဝါးပြီး ခုလိုပြောသတဲ့၊ အရှင်ဘုရား တပည့်တော်အိမ်မှာ ဆန်ပြတ်နေလို့ ဆွမ်းကပ်စရာမရှိဘူး၊ ဒါပေမယ့် တခြားအိမ်မှာရှိလိုရှိငြား ထွက်ချေးကြည့်ဦးမယ်ဘုရားဆိုပြီး ဇန်းကလေးဆွဲထွက်သွားသတဲ့"

"ဘုန်းကြီးက အလည်ဆိုတော့ ဒါ ငါ့ကို ညာတာဖြစ်နိုင်တယ်ဆိုပြီး ဒကာမထွက်အသွားမှာ မီးဖိုချောင်ထဲဝင်ပြီး ထောက်လှမ်းရေးလုပ်တာပေါ့။ အိုးထဲဖွင့်ကြည့်လိုက်တော့ ကြွေဆန်တွေ အပြည့်တွေ့ရတယ်၊ ပြီးတော့ ဆီ၊ ငါးရံ့ခြောက်ပြား၊ ကြံချောင်းကြီးတစ်ချောင်းကိုတောင် နံရံမှာ ထောင်ထားတာတွေ့သွားသတဲ့"

"ဒကာမကတော့ သူ့လုပ်ရပ်အပိုင်ပဲဆိုပြီး တခြားအိမ်ကခဏနေတော့ ပြန်လာတယ်၊ အိမ်ရောက်တော့ တပည့်တော်ဆန်ချေးလို့လည်း မရဘူးဘုရား၊ ဒါ့ကြောင့် ဒီနေ့တော့ ဆွမ်းမကပ်နိုင်တော့ပါဘူးဘုရားဆိုတော့ အဲဒီဘုန်းကြီးက ထင်သားပဲ ဒါ့ကြောင့်လမ်းမှာ မဟုတ်တာကြီးနဲ့ ကြုံရတာပဲလို့ပြောတော့ ဒကာမကဘာမဟုတ်တာကြီးနဲ့ ကြုံရတာလဲဘုရားလို့ မေးလိုက်တယ်"

"ဘုန်းကြီးက ကျုပ်ဒီအိမ်ကို အလာလမ်းမှာ မြွေဟောက်ကြီးတစ်ကောင်နဲ့ တွေ့တယ်ဗျာ ရှည်လိုက်တာဗျာ မပြောပါနဲ့တော့ဆိုတော့ ဒကာမက ဘယ်လောက်များရှည်လို့တုန်းဘုရားဆိုတော့ ဒကာမမီးဖိုချောင်ထဲက ကြံချောင်းကြီးလောက်ရှည်တယ်လို့ ဖြေလိုက်တော့ ဒကာမလည်း "ဟင်" ဆိုပြီး အံ့ဩသွားတာပေါ့"

"တစ်ခါဆက်ပြီး ပြောတယ်၊ ကျုပ်ကိုမြင်တော့ဗျာ၊ မြွေဟောက်က ဒေါသတကြီးနဲ့ပါးပျဉ်းကြီးကို ထောင်ပြလိုက်တာ အဲဒီပါးပျဉ်းကြီးက ဒကာမကြီးမီးဖိုချောင်ထဲက ငါးရံ့ခြောက်ပြားကြီး



လောက်ရှိတယ်ဆိုတော့ ဒကာမကြီးလည်း ဟောတော့ဆိုပြီး အံ့ဩသွားသတဲ့"

"တစ်ခါ မြွေဟောက်ကြီး ကျုပ်ကိုပေါက်မယ်ဆိုပြီး အစွယ်ကိုဖြီးဖြီးပြတယ်၊ အဲဒီအစွယ်က ဒကာမကြီးဆန်အိုးထဲက ကြွေဆန်စေ့လောက်တော့ရှိတယ်လို့ ဆိုလိုက်တော့ ဒကာမကြီးလည်း ကဲကိုယ်တော်ဘုရား အေးအေးပဲနေပါတော့ တပည့်တော်မ ဆွမ်းချက်ကပ်ပါတော့မယ်လို့ လျှောက်ရရှာသတဲ့"

ဦးသီလာစာရနှင့်ဦးသုမနမှာ ဦးခေမိန္ဒစကားအဆုံးတွင် တဟားဟားဖြင့် သဘောကျနေကြသည်။ ဦးသီလာစာရကလည်း တစ်မျိုးလာပြန်သည်။

"ယောက်ျားမာယာက မိန်းမမာယာထက် သာတာတော့ အမှန်ပဲ၊ ညောင်ကန်ဆရာတော်လုံးလုံးမကြည့်တဲ့ ကျမ်းစာတစ်အုပ်ရှိတယ်၊ အဲဒီကျမ်းကို သံပျင်ဋီကာလို့ခေါ်တယ်၊ ဘာဖြစ်လို့မကြည့်တာလည်းဆိုတော့ ဏှာပူးကျပြီးရေးတဲ့ကျမ်းမို့လို့ မကြည့်တာလို့ဆိုတယ်"

ဦးသုမနနှင့်ဦးခေမိန္ဒတို့က စိတ်ဝင်တစားပြုံးတူမေးလိုက်မိကြသည်။

"ဘယ်လိုဏှာပူးကျတာလဲ"

"ပုဂံခေတ်ကပေါ့၊ ပိဋကတ်သုံးပုံနိကာယ်ငါးရပ်ကို ကျကျနနတတ်မြောက်ကျွမ်းကျင်လို့ ကျစွာလို့အမည်ရတဲ့ မင်းကြီးတစ်ပါးပေါ်ဖူးတယ်၊ သဒ္ဒါငယ် ၁၅စောင်ထဲက သဒ္ဒါဗိန္ဒုကျမ်းဆိုတာ ကျစွာမင်းကြီးရေးသားခဲ့တာပေါ့၊ အဆင့်မြင့်တယ်၊ ပါဠိဂါထာတွေနဲ့ ရေးထားတာ"

"ဒီမင်းကြီးမှာ သူ့လိုပဲ ပိဋကတ်ကိုကျွမ်းကျင်တဲ့ သမီးတော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးရှိတယ်၊ သံပျင်မင်းသမီးလို့ခေါ်တယ်၊ သမီးတော်ကလည်း ဘယ်လောက်စာတတ်သလဲဆိုရင် ရဟန်းတော်တွေကိုတောင် စာချ ပေးရတယ်၊ အမျိုးသမီးနဲ့ ရဟန်းတွေဆိုတော့ မြင်နေရင်မသင့်တော် လို့ တင်းတိမ်ကန့်လန့်ကာပြီး စာပေပို့ချပေးတယ်"

"ဒီအချိန်တုန်းက ပေရွက်တွေပဲရှိသေးတာပေါ့၊ ရဟန်းတော် တွေက ပါဠိလိုရေးထားတဲ့ ပေရွက်တွေကို ကြည့်နေရတယ်၊ သမီး တော်က တင်းတိမ်ဟိုဘက်ကနေအနက်၊ မြန်မာပြန်ပြီး အဓိပ္ပါယ် ရှင်းရတာပေါ့၊ အဲဒီစာသင်သားရဟန်းတော်တွေထဲက အသက် ငယ်ငယ်ရဟန်းတော်တစ်ပါးဟာ မင်းသမီးအသံကို ကြားရတာနဲ့ စိတ်ဝင်စားပြီး ချစ်ခင်သွားသတဲ့"

ထိုစကားအရောက်တွင် ဦးသီလာစာရနှင့်ဦးခေမိန္ဒတို့က ဦးသုမနကို အကဲခတ်ကြည့်လိုက်ကြသည်။ သူတို့နှစ်ဦးသည် ဦးသု မနကို ကာမဂုဏ်နွံထဲနစ်မှာစိုးသောကြောင့် သူတို့တတ်နိုင်သမျှ သွယ်ဝိုက်ပြီး သတိပေးနေကြခြင်းဖြစ်သည်။ အချစ်မှိုင်းမိနေသော ဦးသုမနကား ဘာမျှသတိမထားမိသေး၊ သူနှင့်မဖြူတို့ စတင်ခင်မင် အောင် ကြိုးစားခဲ့ပုံကို ပြန်သတိရလာသဖြင့် မျက်စေ့မှိတ်ကာ ခပ်ပြုံးပြုံးလေးဖြစ်သွားသည်ကို တွေ့ကြရသည်။ ဦးသီလာစာရတ သူ့စကားကို ဆက်သည်။

"ဒီတော့ အဲဒီကိုယ်တော်က ဘုရင့်သမီးတော်ကို မြင်ဖူးချင် တော့ နောက်တစ်နေ့ စာတက်အလာမှာ ပေရွက်ထဲစာကြောင်း တစ်ကြောင်း သူ့ဖာသာရေးထည့်လာတယ်၊ သူရေးထည့်လာတဲ့ ပါဠိက ဟိဓာလေ ဟောဟောယျှုတဲ့၊ အဲဒီနေ့ စာတက်ပြီးလို့ တခြား ကိုယ်တော်တွေ ပြန်သွားတော့ သူက တစ်ပါးတည်းကျန်မှ တင်းတိမ် ထဲက မင်းသမီးကို အသံပြုလိုက်သတဲ့"



"မင်းသမီး အနက်ပြန်ရအောင် စာတစ်ကြောင်းကျန်နေပါ တယ်ဆိုတော့ မင်းသမီးက ဒီပေစာကို တပည့်တော်ပို့ချနေတာ ကြာပါပြီ၊ မကျန်ပါဘူးဘုရားလို့ လျှောက်တော့ အကြံသမားကိုယ် တော်က မယုံရင် အသင်မင်းသမီးကိုယ်တိုင်ကြည့်ပါလို့ပြောတော့ မင်းသမီးလည်း ရုတ်တရက်တင်းတိမ်ကို မ,ပြီး ကြည့်မိသတဲ့"

"စာကြောင်းကိုတွေ့တာနဲ့ ထပ်ဖြည့်ထားမှန်း မင်းသမီးက သိပါသတဲ့၊ ဒါပေမယ့် ကိုယ်တော်ကျေနပ်အောင် အနက်ကတော့ ပေးလိုက်ပါတယ်။ ဟိ၊ တံငါသည်တို့သည်။ ဓာလေ၊ ကွန်ယက်ကို။ ဟောဟောယျှု၊ ပစ်လွှင့်ကြကုန်၏တဲ့။ မင်းသမီးကတော့ အနက်ပေးပြီး သူ့နေရာသူ ပြန်သွားတယ်။ ဘာမှမဖြစ်ဘူး။ မင်းသမီးကို မြင်သွား တဲ့ ကိုယ်တော်မှာတော့ အဲဒီနေ့ကစပြီး ရာဂမီးလောင်နေလိုက်တာ စာလည်းမလိုက်နိုင် ဆွမ်းလည်းမစားနိုင်တော့ဘူးတဲ့"

ထိုစကားအရောက်တွင် ဦးခေမိန္ဒက စကားတစ်ချက်ထောက် ပေးသည်။

"ဦးသီလာစာရ၊ မိန်းမဆိုတာ ရဟန်းတော်တွေ သတိထား သင့်တဲ့ အန္တရာယ်တစ်ခုပါဘဲလား"

"ဟုတ်တာပေါ့ ဦးခေမိန္ဒ၊ ဒါကြောင့် ရှေးပညာရှင်များက ဘိက္ခု သေမင်း၊ မာနှစ်စင်းလို့ ဆိုထားကြတယ်။ မိန်းမနဲ့ငွေဟာ ရဟန်းဘဝက လူ့ဘဝရောက်အောင် သေအောင် သတ်ဖြတ်တတ် လို့ မာနှစ်စင်းလို့ နာမည်ပေးခဲ့တာပေါ့"

ထိုအချိန်ကျမှ ဦးသုမနသည် မိတ်ဆွေရဟန်းများက သူ့ကို သတိပေးတရား မသိမသာ ဟောနေခြင်းဖြစ်ကြောင်း ရိပ်မိလာ သည်။ မိတ်ဆွေရဟန်းများ၏ စေတနာကိုလည်း လေးစားမိ၏၊ ဦးသီလာစာရက သူ့စကားကိုဆက်သည်။

www.burmeseclassic.com



"ဒါနဲ့နောက်ဆုံးကျစွာဘုရင်ကြီးသိသွားတော့ အသက်တစ်ချောင်းတော့ အလဟဿမဆုံးရှုံးပါစေနဲ့၊ သမီးတော်ကို လိုချင်ရင် ဋီကာကျမ်းတစ်ကျမ်းကို အဆင့်မီအောင်ရေးပြီး ဆက်သွင်းပါလို့ အမိန့်ချတော့ အဲဒီရဟန်းလည်း ကျမ်းမျိုးစုံကို မွှေနှောက်ခြောက်ခြားပြီး ရေးလိုက်တာ အခုပြောနေတဲ့ သံပျင်ဋီကာဆိုတာ ဖြစ်သွားတာပေါ့"

"ကတိအတိုင်း ကျစွာမင်းကြီးကလည်း ရဟန်းတော်ကို လူဝတ်လဲစေပြီး သမီးတော်နဲ့ ပေးစားခဲ့ပါတယ်"

"ဪ . . ဒါကြောင့် ဆရာတော်ဦးဗုဓ်က ဏှာပူးကျပြီး ရေးတဲ့ကျမ်း မဖတ်ချင်ပါဘူးလို့ ဆိုတာကိုး"

"ဟုတ်တာပေါ့။ ဒီဖြစ်ရပ်မှာ အပေါ်ယံကြည့်ရင်တော့ ရဟန်းတော်ဟာ သူလိုချင်တဲ့ ဘုရင့်သမီးတော်ကို ရသွားလို့ ဝမ်းသာစရာပေါ့။ နက်နက်နဲနဲကြည့်ရင်တော့ ဝမ်းနည်းစရာကြီးပါ"

"ဘယ်လိုဝမ်းနည်းစရာလည်း ဦးသီလာစာရ"

ဦးသုမနပင် စိတ်ဝင်တစား မေးလိုက်မိသည်။ ဦးသီလာစာရက

"ဦးသုမန စဉ်းစားကြည့်လေ ဂေါတမမြတ်စွာဘုရားတောင် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်တဲ့အချိန်အတွင်းမှာ ရဟန်းဘဝကို ကိုးဘဝပဲ ရခဲ့တယ်။ အရှင်ဘုရားတို့ တပည့်တော်တို့လို သူလိုကိုယ်လို လူတွေမှာတော့ ရဟန်းဘဝတစ်ဘဝတောင်ရဖို့ မလွယ်ပါဘူး"

"ဒါကြောင့်လည်း အင်္ဂုတ္တိုလ်ပါဠိတော်မှာ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော ရဟန်းဘဝကို ရခဲတယ်လို့ ဘုရားက ဟောတာပေါ့၊ ဒီလောက်ရခဲတဲ့ ရဟန်းဘဝကို စွန့်ပြီး မင်းသမီးကို ယူလိုက်တယ်



ဆိုတာ သာသနာမျက်စေ့နဲ့ ကြည့်ရင် သူ့အတွက် ဆုံးရှုံးသွားတာဖြစ်လို့ ဝမ်းနည်းစရာကြီးပါ"

"ဥပမာ ရိုင်းရိုင်းပေးရရင် သလေးထမင်းနဲ့ ခွေးအန်ဖတ်ကို လဲစားရသလိုဘဲပေါ့။ လူတွေဟာ အရလွယ်တဲ့အရာကို အထင်သေးတတ်တာဟာ မမှတာပါပဲ။ အရှင်ဘုရားတို့ တပည့်တော်တို့ မြန်မာပြည်က ရဟန်းတော်တွေဟာ ရဟန်းဘဝကို လွယ်လွယ်ကူကူ ရခဲ့ကြတော့ တန်ဖိုးမထားကြဘူး၊ အထင်သေးကြတယ်"

"နိုင်ငံခြားသား၊ ဘာသာခြား၊ လူမျိုးခြားကနေ ဗုဒ္ဓဘာသာရဟန်းတော်ဖြစ်လာရတဲ့ အီတာလျံလူမျိုး ဦးလောကနာထဆိုရင် သူ့ဦးလေးက အီတလီကနေ မြန်မာပြည်ကို ပြန်ခွင့်မပေးဘူး။ သာသနာပြုခွင့်မပေးဘူးလို့ အကျပ်ကိုင်တော့ အစာငတ်ခံပြီး ဆန္ဒပြတယ်"

"လေးငါးခြောက်ရက် သေခါနီးမြော့မြော့ကျန်တဲ့အထိ ဆန္ဒပြမှ သူ့ဦးလေးက အလျှော့ပေးပြီး မြန်မာပြည်ကို ပြန်ခွင့်ပြုလိုက်တယ်။ ဒါပေမယ့် ပညာရှိနှိပ်စက်နည်းနဲ့ လမ်းစရိတ်တစ်ပြားမှ မထောက်လိုက်ဘူး။ ရဟန်းတော်ဆိုတော့ ဘယ်ကမှလည်း ငွေမရနိုင်လို့ ဦးလောကနာထဟာ အီတလီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဩစတေးလျ၊ ပါလက်စတိုင်း၊ အိန္ဒိယစတဲ့ နိုင်ငံပေါင်း ဆယ်နိုင်ငံကို ခြေကျင်ကျော်ဖြတ်ပြီး မြန်မာနိုင်ငံကို အရောက်ပြန်ခဲ့တယ်"

"မြန်မာပြည်က ပြင်ဦးလွင်မြို့မှာဘဲ ပျံလွန်တော်မူတဲ့အထိ သီတင်းသုံးသွားခဲ့တယ်။ ရဟန်းဘဝကို ဘာဖြစ်လို့ ဒီလောက်ထိအောင် တန်ဖိုးထားရသလဲဆိုရင် နောက်ဘဝမှာ "

လူဖြစ်ဖို့

ယောကျ်ားဖြစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာဖြစ်ဖို့
ဗုဒ္ဓဘာသာဖြစ်ဖို့
ရဟန်းဖြစ်ဖို့

ဆိုတဲ့ အချက်ငါးချက်နဲ့ ပြည့်စုံဖို့မလွယ်လို့ဆိုတာ သေချာသိထားလို့ဘဲ။ အရှင်ဘုရားတို့ တပည့်တော်တို့လည်း ရဟန်းဘဝကို လွယ်လွယ်ရခဲ့တာဆိုပြီး အထင်မသေးသင့်ဘူး။ နောက်ဘဝမှာ ဒီအချက်ငါးချက်နဲ့ ပြည့်စုံဖို့ဆိုတာလည်း တော်တော်ခဲယဉ်းတာ မဟုတ်လား"

ဦးသီလာစာရက စကားအဆုံးတွင် ဦးသုမနကို အကဲခတ်ကြည့်လိုက်သည်။ ဦးသုမနမျက်နှာတွင် လေးလေးနက်နက် တွေးတောနေသော အမူအယာကို တွေ့ရသဖြင့် မိမိနေရာသို့ အသာအယာပင် ဦးခေမိန္ဒနှင့်အတူ ထပြန်သွားကြသည်။ ဦးသုမန အဖို့ ဒီတစ်ညကောင်းကောင်းအိပ်ရဖို့မလွယ်။ သလေးထမင်းနှင့် ခွေးအန်ဖတ်တို့ စစ်ခင်းရဦးမည်မဟုတ်ပါလား။

× × × × ×

## အခန်း (၅)

"ဆွမ်းခံထွက်ခါနီးတွင် ညက တစ်ညလုံးရေးထားသော မဖြူ၏ မှတ်တမ်းစာအုပ်လေးကို ပြန်ဖတ်နေမိသည်။

သို့

မဖြူ

တရားငင်အချစ်တောင်းခံလွှာ စာတစ်မျက်နှာ ရေးလိုက်ပါတယ်၊ တို့မျက်စေ့နဲ့ မဖြူရဲ့အချစ်ကို တောင်းခံနေတာကတော့ ရက်ပေါင်း (၇၃၀) ကျော်ခဲ့ပါပြီ၊ ဒီတောင်းခံမှုကိုတော့ အများတလက်ခံတာမဟုတ်လို့ အခုလိုစာရေးတောင်းခံရတာပါ၊



တို့ရဲ့ဆယ်ကြိမ်မြောက် သွေးလှူရှင်တံဆိပ်လေးပေးတော့ မဖြူတ ပြောတယ်လေ တိုယ့်သွေးနဲ့ရင်းရတဲ့ ဒီပစ္စည်းမျိုးကို သူတစ်ပါးကို မပေးသင့်ဘူး၊ ကိုယ်ကိုယ်တိုင်ပဲ သိမ်းထားသင့်တယ်တဲ့၊ ဒီတော့ တို့က ပြန်ပြောလိုက်တယ် မဟုတ်လား၊ မဖြူက သူတစ်ပါး မှ မဟုတ်တာလို့

အဲဒီစကားထဲမှာ တို့ပြောချင်တဲ့စကားတွေ အကုန်ပါသွားပါပြီ၊ မဖြူကို သူတစ်ပါးလို့ သဘောထားလို့မရတော့ဘူး၊ တို့ခန္ဓာကိုယ်ဖြစ်အောင် တည်ဆောက်ပေးထားတဲ့ အသွေးအသားနဲ့ ထပ်တူထပ်မျှ မဖြူကို ချစ်နေပြီလို့ ပြောလိုတ်တာပါ၊

မဖြူဆီက ချစ်ပါတယ်ဆိုတဲ့အဖြေလေးဟာ တို့ဘဝကို ဆတ်လက်ရှင်သန်စေလို့ အခွင့်ပေးလိုက်သလိုပါပဲ။ တို့လူ့ဘဝမှာ ဆတ်လက်ရှင်သန်နေပါရစေ၊ မဖြူဆီက အဖြေကို မျှော်လင့်နေတဲ့

တို့

သူရေးထားသော စာကိုဖတ်ပြီး ဦးသုမနက ပြုံးလိုက်သည်။ ယနေ့ ဘယ်အိမ်ကိုမှ မကြွတော့ မဖြူတို့အိမ်တစ်အိမ်ကိုဘဲကြွပြီး ကျောင်းကိုပြန်တော့မည်။ ဘယ်အိမ်မှလည်း ဣန္ဒြေရစွာကြွလို့ ရလိမ့်မည်မဟုတ်။ အခုပင် တဒိန်းဒိန်းခုန်နေသောရင်၊ တုန်လှုပ်ချောက်ခြားနေသော စိတ်တို့ဖြင့် ဂဏှာမငြိမ်စွာ သွားနေရသည် မဟုတ်ပါလား။ မဖြူဆီ စာပေးပြီးလျှင် ယခုထက်ပိုဆိုးပေလိမ့်မည်။

မူမမှန်သောစိတ်ကြောင့် လူကလည်း ဣန္ဒြေမရ မဖြူတို့အိမ်ထဲ ရောက်သည်နှင့် စားပွဲဘေးကုလားထိုင်တွင် အသင့်ထိုင်နေသော မဖြူကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ ဦးသုမနထိုင်ခုံပေါ် မှာပင် မထိုင်မိ မတ်တပ်ရပ်လျက်ကပင် စာအုပ်လေးတို လှမ်းပေးလိုက်သည်၊ စကားလည်း မပြောမိ။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်း၏။ မဖြူလက်ထဲ စာအုပ်ပေးနေသော အချိန်မှာပင် မဖြူအဖေ ဦးသက်ထွန်းအခန်းထဲကထွက်အလာနှင့် ပက်ပင်းတိုးနေသည်။ ဦးသုမန်၏မျက်နှာသာ ပုံမှန်အတိုင်းဆိုလျှင် ဦးသက်ထွန်း ရိပ်မိစရာမရှိ။ ယခုပုံပျက်နေသော ဦးသုမနကို မြင်လိုက်သည်နှင့် မသင်္ကာသောစိတ်တို့က ဦးသက်ထွန်းကို သတိပေးလိုက်သလို ဖြစ်သွားသည်။

ဦးသက်ထွန်း အချိန်မဆွဲတော့ မဖြူလက်ထဲမှ စာအုပ်ကို ဆတ်ကနဲဆွဲယူပြီး ဖွင့်ဖတ်လိုက်သည်။ သွားပြီဟူသောအတွေးနှင့် အတူ ဦးသုမနတစ်ကိုယ်လုံး တုန်လှုပ်ခြောက်ခြားသွားသည်။ စာဖတ်ပြီးသည်နှင့် ဦးသက်ထွန်းမျက်နှာကြီး မဲပုပ်သွားကာ မျက်စေ့က မီးဝင်းဝင်းတောက်သကဲ့သို့သောအရောင်ဖြင့် ဦးသုမနကို စိုက်ကြည့်လိုက်သည်။

ဦးသုမနကား အာစေးထည့်ခံရသူကဲ့သို့ ဘာမှမပြောနိုင်၊ ဦးသက်ထွန်းက စာအုပ်ကို ကြမ်းပြင်ပေါ်ပစ်ပေါက်ချလိုက်ပြီး

"ကြည့်စမ်း၊ ကိုယ်တော်က ပစ္စည်းလေးပါးအလှူရှင် ဒကာ၊ ဒကာမတွေအပေါ် ကျေးဇူးဆပ်တာပေါ့လေ။ သင်္ကန်းကို အားနာလို့ နို့မို့ဆိုရင် ဒီနေရာမှာတင် ကိုယ်တော်ကို အသေသတ်ပစ်တယ်။ နောက် ကိုယ်တော်ဒီအိမ်ကို ဘယ်တော့မှမလာနဲ့"

"နင်လဲ ဒီနေ့ကစပြီး ဘယ်ကိုယ်တော်မှ ဆွမ်းမလောင်းရတော့ဘူး။ ငါတို့အမျိုးထဲမှာ ကျောင်းကြီးဖျက်မ တစ်ယောက်မှ မရှိစေရဘူး လာခဲ့"

ဟုဆိုကာ မဖြူကို တရွတ်တိုက် အခန်းထဲဆွဲခေါ်သွားသည်။ ဦးသုမန ချာကနဲအိမ်ထဲမှ အမြန်ထွက်လာခဲ့မိသည်။ ရှက်လိုက်တာ ကိုယ့်မျက်နှာကို ဓားနဲ့လှီးပစ်ချင်သည်။ ဘယ်သူ့ကိုမှာလည်း မတွေ့



ချင်တော့။ သေခြင်းတရားကိုသာ မက်မက်မောမော တမ်းတမိသည်။ အသက်နှင့်လူလုပ်တာမဟုတ်။ အရှက်နှင့်လူလုပ်တာ ဟူသော စကား၏အဓိပ္ပါယ်ကိုလည်း ပြည့်ဝစွာ နားလည်သွားသည်။

သူနေသော သုံးထပ်တိုက်အပေါ်ဆုံးအခန်းကို ဘယ်လိုက ဘယ်လို ရောက်လာသည်မသိ။ သပိတ်ကို ကုတင်ပေါ်တင်ပြီးသည်နှင့် ပြူတင်းတံခါးပေါက်ဘောင်ပေါ်တက်ပြီး ဆောင့်ကြောင့်ထိုင်လိုက်သည်။ လေများက တရှိန်းရှိန်းဖြင့် သူ့မျက်နှာနှင့် ရင်ဘတ်ကို တိုးဖြတ်လို့နေသည်။ မျက်လုံးကိုမှိတ်ပြီး ခုန်ချဖို့ အသင့်ပြင်လိုက်သည်။

အကြောက်တရားတစ်ခုပေါ်လာသည်ကို အံ့ဩစွာတွေ့ရသည်။ သေခြင်းတရားတော့မဟုတ်။ မဖြူနှင့်သေကွဲကွဲရခြင်း၊ အို. . . နောက်ဘဝမှပဲ ပေါင်းကြပါစို့ မဖြူရယ်။ အသံတိတ်ပြောမိရင်း အောက်သို့ ဆတ်ကနဲခုန်ချလိုက်တော့သည်။ သူ့ခန္ဓာကိုယ်သည် မြေ၏ဆွဲအားအတိုင်း ဒယောသောပါး ကျဆင်းသွားသည်။

သုံးထပ်တိုက်အောက်ခြေမှ ကွန်ကရစ်အခင်းတို့က သူ့မျက်နှာနှင့် နီးသထက်နီးလာပြီးနောက် ရင်ထဲတွင် အေးကနဲဖြစ်သွားသည်။ သူ့နဖူးနှင့် ကွန်ကရစ်အခင်းတို့၏ ပြင်းထန်သော ရိုက်ခတ်သံနှင့်အတူ နာနာကြည်းကြည်း အော်လိုက်သော "အား" ဟူသော အသံက သူ့နှုတ်မှအလိုလိုထွက်သွားသည်။ ထို့နောက်သူသည် မဲမှောင်သော အမှောင်ထုတွင်းသို့ ဝင်ရောက်သွားသည်။

"ဦးသုမန" "ဦးသုမန" ဟူသောခေါ်သံတို့က အဝေးမှ တစ်ဆင့် တဖြေးဖြေးနီးလာသည်။ သူမျက်စေ့ကို အားယူဖွင့်လိုက်သောအခါ ဦးသီလာစာရနှင့်ဦးခေမိန္ဒကို သူ့ဘေးမှာ တွေ့ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပူနေသော သူ့နဖူးကို လက်နှင့်စမ်းပြီး ကြည့်လိုက်တော့ ပူနွေးနွေး အရည်အချို့ကို ကိုင်မိသည်။ လက်ကိုအောက်ယူကြည့်လိုက်တော့ နီးစွေးစွေးသွေးစများ။

သူ့ဘေးကို ဝေ့ဝိုက်ကြည့်လိုက်တော့ သုံးထပ်တိုက်အောက် က ကွန်ကရစ်အခင်းပေါ်မှာတော့မဟုတ်။ သူ့ကုတင်ဘေးမှ ကြမ်း ပြင်ပေါ်မှာသာဖြစ်၏။ ဩော် အိပ်မက်ပါလားဟု သိလိုက်ရသော အခါတွင်မှ သူ့ရင်ထဲမှ အပူလုံးကြီးကျသွားသည်။ သူသည် ခုန်ချ သည်ကတော့ ဟုတ်ပါ၏။ သို့သော် သုံးထပ်တိုက်ပေါ်မှမဟုတ်၊ သူ့ကုတင်ပေါ်မှသာဖြစ်သည်။

သူ့နဖူးကို ရိုက်မိသည်မှာလည်း ကွန်ကရစ်အခင်းနှင့်မဟုတ်၊ ကုတင်ဘေးနားတွင် ချထားသောသံသေတ္တာအစွန်းနှင့်သာ ဖြစ် သည်။ ဦးသီလာစာရက အံ့ဩသော မျက်နှာနှင့်မေးလာသည်။

“ဦးသုမန အိပ်မက်က တော်တော်ဆိုးတယ်ထင်တယ်။ ဘယ် လိုဟာတွေ မက်လို့လည်း”

“တော်တော်တော့ ဆိုးတယ်ဘုရား”

ဦးသုမနဒါပဲဖြေနိုင်သည်။ ဒီထက်ပိုလည်း မပြောချင်။ အိပ် မက်သည်ပင်လျှင် ရှက်စရာကောင်းလှပြီ။ တကယ်များဖြစ်သွားမည် ဆိုလျှင် ဦးသုမနရှေ့ဆက်၍ပင် မတွေးရဲတော့။ အိပ်မက်ထဲက စိတ်ဆင်းရဲမှုသည် အပြင်ဘက်ထိ ဂယက်ရိုက်လျက်ရှိသည်။ သူ တစ်ခုခုကို ဆုံးဖြတ်ရတော့မည်။ ရှေ့တိုးမည်လား၊ နောက်ဆုတ် မည်လား။

ဖြစ်ချင်ရာဖြစ် ရှေ့တိုးလုပ်မည်ဆိုလျှင် သူ့ဆရာနှင့်မိဘများ မျက်နှာပျက်ကြမည်။ သာသနာသိက္ခာကျမည်။ သူ့အင်မတန် မြတ်နိုးသော မဖြူကိုလည်း ပတ်ဝန်းကျင်က ကျောင်းကြီးဖျက်မ



ဆိုပြီး ကဲ့ရဲ့ရှုတ်ချကြမည်။ နောက်ဆုတ်လျှင်တော့ သူနဲ့မဖြူတို့ နှစ်ယောက်သာ စိတ်ဆင်းရဲရမည်။

အပျိုနှင့်လူပျို ချစ်ခင်ပေါင်းသင်းကြခြင်းသည် လောကအလို အားဖြင့် ဘာမျှအပြစ်မရှိသော်လည်း သာသနာအလိုအားဖြင့် စာရိတ္တဖောက်ဖျက်မှုကြီးတစ်ခုသာဖြစ်၏။ သူစူးစိုက်ပြီးတွေးတော နေရာ နဖူးမှဒဏ်ရာကိုပင် သတိမရ၊ ခဏကြာတော့ ဦးခေမိန္ဒက ဆားကိုအမှုန့်ကြိတ်ပြီး ဒဏ်ရာမှာလာသိပ်ပေးရင်း

“ဦးသုမန အရှင်ဘုရားစိတ်တွေသိပ်လှုပ်ရှားနေတယ်ထင် တယ်၊ ဒီနေ့ ဆွမ်းခံမထွက်နဲ့တော့ နားလိုက်ပါ”ဟု ပြောလာသည်။ ဦးသုမနခေါင်းငြိမ့်ပြရင်း အိပ်ရာပေါ် အသာလှဲလိုက်သည်။ ဘာ ကိုမှ တိတိကျကျ မဆုံးဖြတ်နိုင်ပဲ သို့လောသို့လော တွေးတောရင်း ဖြင့် အချိန်တွေကုန်လာသည်။ ဦးသီလာစာရနှင့် ဦးခေမိန္ဒတို့ပင် ဆွမ်းခံထွက်သွားကြပြီ။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက်(၉) နာရီခွဲ၊ ထိုအချိန်မှာပင် အောက်ထပ်မှ ကိုယ်တော်တစ်ပါးတက် လာပြီး-

“ဦးသုမနရှိသလား၊ တောင်သာက စာလာတယ်”ဟု ပြော သဖြင့် “ရှိပါတယ်”ဟုပြောပြီး စာကိုလှမ်းယူလိုက်သည်။

စာအိတ်နောက်ကျောကိုကြည့်လိုက်သည်နှင့် အဖေ့လက်ရေး မှန်းသိလိုက်သည်။ စာကို ကမန်းကတန်းဖောက်ဖတ်လိုက်သည်။

သို့

သားမောင်ပဥ္စင်း

ဒကာကြီးစာရေးလျှောက်ထားလိုက်ပါတယ်။ အကြောင်းထူး ရှိလို့ ရေးလိုက်တာပါ။ တောင်ဘက်ရွာက ကျောင်းထိုင်ဘုန်းကြီး ဦးသောမ အမျိုးသမီးတစ်ယောက်နဲ့ ထွက်ပြေးသွားကြပြီ။ တင်ရှာ

www.burmeseclassic.com

www.burmeseclassic.com



လုံး စိတ်ဆင်းရဲကျန်ခဲ့ကြတာပေါ့။ အဆိုးဆုံးကတော့ ဦးသောမ မယ်တော် ဒေါ်အိကြီးပါပဲ၊ သားဘုန်းကြီးရှိစဉ်တုန်းကတော့ ရဟန်းမယ်တော်ကြီးဆိုပြီး အတော်မျက်နှာကြီးခဲ့တာကလား။

အခုသားဘုန်းကြီးက အမျိုးသမီးနဲ့ ထွက်သွားတယ်လည်း ဆိုရော တော်တော်ကို စိတ်ထိခိုက်သွားဟန်တူတယ်။ အိပ်ယာထဲ လဲတော့တာပဲ၊ ဘာရောဂါမှလည်း ရှာလို့မတွေ့ဘူး၊ လေးရက်ပဲ ခံတယ်။ အခုဆုံးသွားရှာပြီ။ ဒေါ်အိအဖြစ်ကိုကြည့်ပြီး မောင်ပဥ္စင်း မယ်တော်က သူလည်း ဒီအဖြစ်ဆိုးကြုံရမလားဆိုပြီး တော်တော် စိုးရိမ်ပူပန်နေတယ်။

မောင်ပဥ္စင်းသာ မိန်းမတစ်ယောက်နဲ့ ဖောက်လွဲဖောက်ပြန် ဖြစ်သွားခဲ့ရင် သူလည်း ဒေါ်အိလိုသေမှာပဲလို့ ဒကာကြီးကိုပြော တယ်။ အဲဒါ မောင်ပဥ္စင်းကိုလည်း မိန်းမတွေနဲ့ အနေအထိုင်ဆင် ခြင်ဖို့ သတိပေးခိုင်းလို့ ဒီစာကို ရေးလိုက်ရတာပဲ။ မောင်ပဥ္စင်း လည်း ဗုဒ္ဓစာပေတွေ အများကြီးသင်နေရတာပဲ၊ ဒကာကြီး အထူး သတိပေးစရာ လိုမယ်မထင်ပါ။

ပညာရှိ သတိဖြစ်ခဲဖြစ်မှာစိုးလို့ တစ်ခုတော့ သတိပေး လျှောက်ထားပါရစေ၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခါနီးတော့ မရှင်းမလင်း တာကို ငါဘုရား ပရိနိဗ္ဗာန်မဝင်စံခင် မေးကြလို့ မိန့်တော်မူတဲ့အခါ အရှင်အာနန္ဒာက

"မြတ်စွာဘုရား၊ အမျိုးသမီးနဲ့ပတ်သက်ပြီး ရဟန်းတော်များ ဘယ်လိုနေထိုင်ကျင့်သုံးရမယ်ဆိုတာ သိချင်ပါတယ်ဘုရား"

လို့ လျှောက်တော့ မြတ်စွာဘုရားက

"အာနန္ဒာ အမျိုးသမီးများနဲ့ မတွေ့အောင်နေပါ"

လို့ မိန့်တော်မူပါတယ်။ ငါ့စိတ်ငါနိုင်ပါတယ်လေဆိုပြီး အနီး



ကပ်ရှောင်ရင်မလွတ်ဘူး၊ အဝေးကရှောင်မှလွတ်မယ်ဆိုတာကို သိစေချင်လို့ ဒီစကားကို မိန့်တော်မူတာပေါ့ မောင်ပဥ္စင်း၊ မောင် ပဥ္စင်းလည်း ရှောင်မယ်ဆိုရင် အဝေးကရှောင်ပါ။

နောက်တစ်ခါ အာနန္ဒာက

"မတွေ့မဖြစ်လို့ တွေ့ရရင် ဘယ်လိုကျင့်သုံးရမလဲ ဘုရားလို့" ဆက်မေးတော့ ဗုဒ္ဓက

"အာနန္ဒာ အမျိုးသမီးများကို မတွေ့မဖြစ်လို့ တွေ့ရရင် စကားမပြောပါနဲ့"တဲ့။

တစ်ခါ အာနန္ဒာက စကားမပြောမဖြစ်လို့ ပြောရရင်ကော ဘုရားလို့ မေးလျှောက်တော့ ဗုဒ္ဓက "စကားကိုမပြောမဖြစ်လို့ ပြောရရင် အမေအရွယ်ကို အမေလို၊ နှစ်မအရွယ်ကို နှစ်မလို၊ အစ်မအရွယ်ဆို အစ်မလို သဘောထားပြောပါတဲ့"

စိတ်အချရဆုံးကတော့ အမျိုးသမီးကို မတွေ့အောင်နေရင် တော့ အကောင်းဆုံးပေါ့ မောင်ပဥ္စင်းရယ်၊ အခု ရွာကကျောင်းထိုင် ဆရာတော်ကြီးဟာ သက်တော်တအားကြီးလာတော့ ကျန်းမာရေး မကောင်းတော့ဘူး၊ အိပ်ယာထဲလဲနေတဲ့အချိန်ကများတယ်၊ ဟော ပြောဆုံးမမှုလည်း မလုပ်နိုင်တော့ဘူး၊ ဒကာကြီးတို့ မိသားစုအပါ အဝင် တစ်ရွာလုံးက မောင်ပဥ္စင်းကို မြန်မြန်ပြန်လာစေချင်ကြပြီ။

တခြားရွာက ကိုယ်တော်လေးတွေ ရွာကျောင်းဆရာတော်နဲ့ ရွာသူရွာသားတွေရဲ့ အထောက်အပံ့တွေကြောင့် မြို့တက်စာသင်ပြီး စာမေးပွဲတွေအောင်ကြတယ်၊ မြို့လည်းအနေကြာရော ဇီးသီးသည် မဈေးဖြစ်ကုန်တာပဲ၊ မဈေးအမည်ရှိတဲ့ တောသူမ ဇီးသီးသည် တစ်ယောက်ဟာ ဘုရင်က တော်ကောက်သွားလို့ မြို့မှာ မိဖုရားကြီး ဖြစ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားလည်းဖြစ်သွားရော မာနတွေထောင်ပြီး ဘဝမေ့သွားတယ်၊ တစ်နေ့ ဘုရင်ကလာဆက်သတဲ့ ဇီးသီးမျိုးကောင်းတွေစားမယ်လုပ်တော့ မိဖုရားဖြစ်နေတဲ့ မတျိုင်းကမေးသတဲ့၊ မောင်တော် အဲဒါဘာသီးတွေလည်းတဲ့ အဲဒီမှာတင် ဘုရင်က ဘဝမေ့တဲ့ မတျိုင်းကို မိဖုရားအရာကချပြီး တောရွာပြန်ပို့လိုက်သတဲ့။

အခုလည်း မြို့ပေါ်ရောက်နေတဲ့ တောသားရဟန်းတော်အတော်များများဟာ ဘဝမေ့ပြီး ကိုယ့်တောရွာ ကိုယ်ပြန်ပြီး သာသနာမပြုချင်ကြတော့ဘူး။ ရွာသူရွာသားတွေခမျာ ငယ်ဖြူကိုယ်တော်တွေပြန်မလာတော့ ဘာမှမတတ်၊ မသိတဲ့ တောထွက်ကြီးတွေပဲ ဆရာတော်လုပ်တိုးကွယ်ရတော့တာပေါ့။

တောထွက်ဆိုတာ များသောအားဖြင့် သာသနာကြီးပွားလိုစိတ်မရှိကြဘူး၊ လာဘ်လာဘတစ်ခုပဲ အရေးထားတယ်။ ဒီတော့ ကျောင်းသားမရှိဘူး၊ စာမှသင်မပေးပဲတိုး၊ ကျောင်းသားမရှိတော့ ကိုရင်မရှိဘူး၊ ကိုရင်မရှိတော့ ဘယ်မှာလာပြီး ရဟန်းရှိတော့မှာလဲ၊ ရဟန်းတွေ အလျှင်မီအောင်မရှိရင် ဒီသာသနာ အနေးနဲ့အမြန် ကွယ်ရတော့မှာပေါ့”

ဒကာကြီးလည်း မြို့မှာနေခဲ့ဖူးပါတယ်၊ မြို့ပေါ်လူတန်းစားဆိုတာ များသောအားဖြင့် သာသနာကို အသုံးချပစ္စည်းတစ်ခုလောက်သာ တန်ဖိုးထားကြတာပါ၊ အလှူလုပ်ချိန်၊ အသုဘချိန်လောက်တင် သာသနာကို သတိရကြတာပါ။ ကိုယ့်သားသမီးကိုရဟန်း၊ သာမဏေဘဝရောက်အောင် အားပေးသူဆိုတာ ရှားရှားသလောက်ရှားပါတယ်။

တစ်ချို့ဆိုရင် ပါရမီရှိလို့ ကိုရင်ဘဝမြဲနေတဲ့သားကိုတောင် ပညာရေးစတောစတာဖြစ်မယ်ဆိုတဲ့ စွဲချက်နဲ့ သင်္ကန်းတို အထင်း



ဆွဲချွတ်တဲ့ မိဘများကိုတောင် တွေ့ဖူးတယ်၊ ဒကာကြီးတို့ တောသားတွေတတော့ သားမွေးပြီဆိုတာနဲ့ ဘုန်းကြီးဖြစ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားတော့တာပဲ။

အခု ၂၀၀၃ ခုနှစ်မှာ မြန်မာတစ်ပြည်လုံး သံဃာတော်ပေါင်း လေးသိန်းခန့်ရှိတယ်။ ဒကာကြီးပြောရဲတယ်၊ အဲဒီလေးသိန်းထဲက သုံးသိန်းကိုးသောင်းကိုးထောင်လောက်ဟာ တောသားတွေချည်းပါ။ မြန်မာပြည်သာသနာကို အသက်ဆက်ပေးနေတာ တောသားတွေပါ။

မောင်ပဥ္စင်းတို့ အခုလိုမြို့တက်ပြီး စာတတ်ပေတတ် ဖြစ်အောင် ရွာက ကျောင်းထိုင်ဆရာတော်ဘုရားကြီး အနစ်နာခံခဲ့ရတာပါ။ သူလည်း မြို့မှာအဆက်အသွယ်ရှိတာပဲ၊ မနေခဲ့ရှာပါဘူး၊ အခု မောင်ပဥ္စင်းတို့အလှည့်ရောက်ပြီ၊ တာဝန်သိသူအတွက် တာဝန်ရှိပါတယ်၊ ရဟန်းဆိုတာ ဘာသာရေးမှာ ခေါင်းဆောင်ပါ၊

ကိုယ့်တစ်ဘဝတာ သာယာရေးကိုကြည့်ပြီး ရပ်ရွာသာသနာရေးကိစ္စတွေမှာ ခေါင်းမရှောင်သင့်ပါဘူး၊ အခုဆိုရင် မောင်ပဥ္စင်း စာချတန်းစာတွေ ပြည့်ပြည့်စုံစုံလိုက်ပြီးနေပြီပဲ၊ ကိုယ့်ရွာပြန်နေပြီး သာသနာပြုရင်း စာမေးပွဲဖြေလည်းရပါပြီ၊

သားမောင်ပဥ္စင်း ဘုရားသားတော်မိပီ ဘုရားရှင်ကဲ့သို့ လောကတို မိမိအတွက်အသုံးမချပဲ မိမိကိုသာ လောကအတွက် အသုံးချသော ပါရမီရှင်သူတော်ကောင်းကြီးဖြစ်ပါစေ၊

ဒကာကြီး ဦးမိုးဝ

အုန်းပင်တောရွာ

တောင်သာမြို့နယ်၊ မန္တလေးတိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏ စာသည် ဦးသုမနရင်ကို နင့်ကနဲဖြစ်သွားစေသည်။ ခြော် . . . ငါဟာ ဆရာတော်နဲ့ ရပ်ရွာရဲ့ကျေးဇူးကို မသိရှိတင်မကဘူး၊ ကျေးဇူးကန်းဖို့ပါ အားထုတ်နေမိတာပါလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါဒီနေ့ပဲ တောင်သာကို ပြန်တော့မယ်၊ ဒကာကြီးပြောသလို ငါမဖြူကို ဝေးဝေးကရှောင်မှပဲဖြစ်မယ်ဟု ဆုံးဖြတ်ပြီး ပစ္စည်းပစ္စယများကို ခရီးဆောင်အိတ်ကြီးထဲ အမြန်ထည့်နေမိသည်။

ပြီးသည်နှင့် ကျောင်းထိုင်ဆရာတော်ကြီးအား ရွာကို အပြီးပြန်တော့မည့်အကြောင်း သွားရောက်လျှောက်ထားလိုက်သည်။ မဖြူကို ဘယ်လိုအသိပေးရမည်နည်းဟူသော ပြဿနာက ခေါင်းထဲဝင်လာသည်။ ထိုအတွေးနှင့်အတူ မဖြူနှင့် တစ်သက်လုံး ခွဲရတော့မှာပါလားဟူသော အသိက ရင်ထဲမှာ အလုံးကြီးတစ်လုံးဆို့သလိုဖြစ်လာသည်။ မနေတတ် မထိုင်တတ်ဖြစ်လာသဖြင့် လမ်းထလျှောက်သော်လည်း အလုံးဆို့နေခြင်းက ပြေမသွား၊ ငါဘယ်လိုဖြစ်တာပါလိမ့်ဟု တွေးသော်လည်း တွေးမရ။

ကုတင်ပေါ်ပြန်ထိုင်ပြီး မဖြူပေးထားသော မှတ်တမ်းစာအုပ်လေးကို ဖွင့်လိုက်သည်။ ဘယ်တုန်းက ရထားမှန်းမသိသော ကဗျာလေးတစ်ပုဒ်ကို ကောက်ကာငင်ကာ ရေးလိုက်သည်။ ကဗျာရေးဆဲမှာပင် သူ့မျက်လုံးမှ မျက်ရည်ပေါက်ကြီးနှစ်ပေါက်က စာအုပ်ပေါ်ကျသွားသည်။ ကဗျာရေးပြီးသွားတော့ အလယ်စာကြောင်းတစ်ကြောင်းပေါ်မှာ ကျလာသောမျက်ရည်နှစ်စက်ကြောင့် အကွက်နှစ်ကွက်ဖြစ်သွားသည်။

သူစာအုပ်ကို ခေါင်းအုံးဘေးချကာ ကုတင်ပေါ်လှဲချရင်း သက်နန်းကိုခေါင်းမြီးခြုံ၍ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင်ငိုနေမိသည်။ သူတသိမ်သိမ့်ကြာအောင် မည်မျှငိုနေမိသည်မသိ။



ခေါ်သံတစ်သံကြားမှ သက်နန်းကိုဖွင့်ကြည့်လိုက်ရာ ညှိုးငယ်သောမျက်နှာများနှင့်ရပ်နေကြသော ဦးသီလာစာရနှင့် ဦးခေမိန္ဒတို့ကို တွေ့ရသည်။

သူ့ခေါင်းအုံး၊ သက်နန်းနှင့် မျက်နှာတို့တွင် မျက်ရည်တို့ဖြင့် စိုရွှဲနေသည်။ သူ့ရင်ထဲတွင် ဆို့နေသောအလုံးကြီးသည်လည်း ပြေသွားသည်ကို အံ့ဩစရာကြုံရသည်။ မျက်ရည်သည် နှလုံးသားဝေဒနာကို ကုစားခြင်းတစ်မျိုးပါလားဟု သဘောပေါက်သွားသည်။ ဦးသီလာစာရက သူ့ကို နားလည်စွာကြည့်ရင်း

"ဦးသုမန ဆွမ်းစားရအောင် ၁၁ နာရီတောင်ခွဲနေပြီ"

"တပည့်တော် ဆွမ်းစားလို့လည်းရမှာမဟုတ်တော့ဘူး၊ ဒီနေ့မိုးရာနဲ့ပဲ ရွာကိုပြန်တော့မယ်၊ ဦးသီလာစာရစကားကိုလည်း တပည့်တော်နားထောင်တော့မှာပါ၊ ဒီမှတ်တမ်းစာအုပ်လေးကိုတော့ ဦးခေမိန္ဒက မဖြူကိုပေးလိုက်ပါ။ မဖြူမိဘတွေကိုတော့ အကျိုးအကြောင်းသိသွားအောင် ဒကာကြီးရေးလိုက်တဲ့စာကိုပဲ ပေးဖတ်လိုက်ပါ၊ အရှင်ဘုရားတို့လည်း ဖတ်ကြည့်လိုက်ပေါ့။ ကဲ . . . တပည့်တော်သွားပြီ။"

ခရီးဆောင်အိတ်ကြီးကိုဆွဲ၍ လှေခါးမှတစ်ထစ်ချင်းဆင်းလာခဲ့သည်။ ကျောင်းအပြင်ရောက်သည်နှင့် ကားလမ်းမပေါ်ရောက်ပါပြီ။ ကကတစ်စီးကိုလက်ပြတားပြီး တက်စီးလိုက်သည်။

ကားပေါ်ရောက်သည်နှင့် ဒရိုင်ဘာက

"ဘယ်ကိုပို့ရမလဲဘုရား"

"စော်ဘွားကြီးကုန်းအဝေးပြေးဂိတ်ကိုသွားမယ်၊ ဒါပေမယ့် အေးရိပ်မွန်အိမ်ရာ ၅ လမ်းဘက်ကနေ မောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် လမ်းမတည့်ဘူးဘုရား၊ ပြည်လမ်းအတိုင်း မောင်းမှပဲ လမ်းတည့်မယ်"

"ဦးပဥ္စင်းသိပါတယ်၊ ငွေပိုပေးမှာပေါ့၊ အေးရိပ်မွှန်အိမ်ရာဘက်ကပဲ ကွေ့မောင်းပါ"

ဒရိုင်ဘာက အူတိအူကြောင်လှမ်းကြည့်ကာ သူပြောသည့် အေးရိပ်မွှန်အိမ်ရာလမ်းအတိုင်း မောင်းပေးသည်။ ဦးသုမန သူ့စိတ်သူအံ့သြထိတ်လန့်သွားသည်။ ငါဘာဖြစ်လို့ မဖြူတို့အိမ်ရှေ့က ဖြတ်မောင်းခိုင်းပါလိမ့်၊ ဦးနှောက်၏ မတရားညှင်းပန်းနှိပ်စက်မှုအောက်မှ နှလုံးသား၏ရှိသည့်အင်အားဖြင့် နောက်ဆုံးတော်လှန်မှုလေးတစ်ခုဖြစ်ကြောင်း သူသဘောပေါက်သွားသည်။

ရွာကို ချက်ခြင်းပြန်ရမယ်၊ ဤကား ဦးနှောက်၏အမိန့်ပေးမှု၊ မဖြူကို နောက်ဆုံးမြင်သွားချင်သေးတယ်၊ ဤကားနှလုံးသား၏ဆန္ဒ မဖြူတို့အိမ်ကို နည်းနည်းကျော်ပြီး ခပ်လှမ်းလှမ်းတွင်ကားကိုရပ်ခိုင်းလိုက်သည်။ သီလရှင်ဆယ်ပါးခန့် ဆွမ်းဆန်ရပ်နေသည်ကို တွေ့ရသည်။ သူကားပေါ်မှ စူးစူးစိုက်စိုက်လှမ်းကြည့်နေမိသည်။ လာပါပြီ ဆွမ်းလောင်းချိန်တိုင်း ဝတ်လေ့ရှိသည့် ယောဂီထမိ၊ အဖြူရောင်လက်ရှည်အင်္ကျီလေးနှင့် မဖြူကို တွေ့လိုက်ရသည်။

သီလရှင်များကို ဆွမ်းဆန်နှင့် ဝတ္ထုငွေတစ်ပါးခြင်းလှူနေသည်ကို ကြည်နူးဖွယ်မြင်နေရသည်။ ယောဂီရောင်တဘက်ကလေးကိုလည်း ပုခုံးပေါ်တင်ထားသည်ကို တွေ့ရသည်။ နာမည်နှင့် လိုက်အောင် ဖြူဝင်းနုစိုနေသော မျက်နှာလေးကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် သူမွတ်သိပ်စွာကြည့်နေမိသည်။ သူတို့နှစ်ဦးသည် စိတ်ကူးနှင့်ချစ်ခဲ့ကြပြီး ကိုယ်နှင့်ထိစပ်ငြိကပ်ခြင်းမရှိခဲ့ကြပေ။



ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး စိတ်ဆက်သွယ်မှုတွင် အခြားသော ချစ်သူများထက် မြန်ဆန်လွယ်ကူလေသလောမသိ၊ ယခုလည်း အတော်ခပ်လှမ်းလှမ်းမှကြည့်နေသော ဦးသုမန၏စိတ်ကို မဖြူက အလိုလိုသိသွားသည်။ သီလရှင်တွေလောင်းပြီးသွားသည်နှင့် ဦးပဥ္စင်းကို သတိရလိုက်တာဟူသော အတွေးနှင့်အတူ ဦးသုမနစီးလာသောကားကို အိမ်ထဲမဝင်သေးဘဲ လှမ်းကြည့်မိသည်။

ချစ်သူနှစ်ဦးနောက်ဆုံးအနေဖြင့် အကြည့်ချင်းဆုံကြခြင်းပင်၊ သို့သော် ဦးသုမနက မဖြူမှန်းသိသော်လည်း မဖြူက ဦးသုမနမှန်းမသိ ရဟန်းတစ်ပါးဟု သာမန်လောက်သာသိသည်။ ဦးသုမနမျက်တောင်မခတ်မိဘဲ စိုက်ကြည့်နေရင်းက မဖြူ၏ပုံသဏ္ဌာန်ကမပီသတော့ဘဲ ဝေဝါးလာသည်။ အို ဘယ်လိုဖြစ်တာပါလိမ့်ဟုတွေးပြီး မျက်တောင်ခတ်လိုက်သောအခါတွင်မှ မျက်ရည်ဥကြီးနှစ်လုံး သူ့ပါးပေါ် ပြုတ်ကျသွားသည်။

ဩော် . . . ငါ့နှလုံးသားက ဒုတိယအကြိမ် ငိုနေပြန်ပါပကောဟု သိလိုက်ချိန်မှာပင် မဖြူတစ်ယောက် ဆန်ထည့်သောဇလုံလေးကိုပင် အိမ်ထဲပြန်မထားနိုင်ဘဲ သူတို့ကားဆီလျှောက်လာသည်ကို တွေ့ရသည်။ သူကမန်းကတန်းမျက်ရည်သုတ်ပြီး ကားဆရာကို မြန်မြန်မောင်းထွက်ရန် ပြောလိုက်သည်။

ကားထဲက ဦးပဥ္စင်းပဲဖြစ်ရမယ်။ ငါတို့အိမ်ထဲမဝင်ဘဲ ဘာဖြစ်လို့ အဝေးကြီးမှာသွားရပ်နေတာလည်းမသိဘူးဟူသော အတွေးနှင့်အတူ မဖြူကားလေးဆီသို့ ခပ်သွက်သွက်လျှောက်သွားမိသည်။ သို့သော် သူကားနားရောက်ခါနီးမှာပင် ကားက ဝူးကနဲမောင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်သွားသည်နှင့် မဖြူရင်ထဲ ဟာကနဲကျန်ခဲ့သည်။ ဘာဖြစ်လို့ ကားကို မောင်းထွက်သွားတာပါလိမ့်၊ ဦးပဥ္စင်း မဟုတ်လို့ဘဲလား၊ ဦးပဥ္စင်းမျက်နှာကို ဘယ်လောက်ဝေးဝေးက ကြည့်ကြည့် ငါမှတ်မိတယ်၊ ငါက မျက်စေ့နဲ့တင်မကဘူး၊ နှလုံးသားနဲ့ပါ ကြည့်လိုက်တာ မှားစရာမရှိဘူး၊ အို . . . အတွေးရခက်လိုက်တာ။

မဖြူဆက်မတွေးတတ်တော့သဖြင့် ဆွမ်းဆန်ဇလုံကိုပိုက်ကာ လေးကန်သော ခြေလှမ်းများဖြင့် တိုက်ထဲသို့ပြန်ခဲ့ရတော့သည်။

× × × × × ×

### အခန်း (၆)

ကိုယ်တော်တစ်ပါးကို ဆွမ်းသပိတ်ကပ်ရင်းဖြင့် မဖြူတိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။ ကိုးနာရီထိုးပြီ ဒီအချိန်ဆိုရင် ဦးပဥ္စင်းကြွလာနေကျပဲ၊ စိတ်စောနေသဖြင့် အိမ်ရှေ့ကိုထွက်၍ လမ်းမဆီသို့လှမ်းကြည့်မိသည်။ ကိုယ်တော်တစ်ပါးတော့ ကြွလာတယ်၊ ဒါပေမယ့် ဦးပဥ္စင်းမဟုတ်ဘူး၊ မျက်နှာကရင့်တယ်၊ ဦးပဥ္စင်း မျက်နှာက ကလေးလေးလိုနုနေတာပဲ စသည်ဖြင့်တွေးရင်း ဆက်ကြည့်နေမိပြန်သည်။

ထိုအချိန်တွင် တခြားလမ်းမှ ကိုရင်တစ်ပါးကြွလာပြန်သဖြင့် ပြေးပြီးဦးချသည်။ ပြီးတော့ ဆွမ်းနှင့်ဆွမ်းဟင်းလောင်း၊ နောက် သပိတ်ကပ်၊ ဦးချပြီး တစ်ဖန်အိမ်ရှေ့သို့ထွက်ကာ ဦးသုမနကို မျှော်မိပြန်သည်။

"ဘုရား၊ တရား၊ သံဃာနဲ့ အသက်သိက္ခာဂုဏ်ဝါကြီးတဲ့သူတွေကို ရှိခိုးဖို့၊ အရိုအသေပေးဖို့ ဝန်မလေးရဘူးနော် သိလားမဖြူ ဘာဖြစ်လို့လည်းဆိုတော့ ရှိခိုးတဲ့သူ၊ အရိုအသေပြုတဲ့သူဟာ ဖြစ်ရာ



ဘဝ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးလေးမျိုးကို ရရှိခံစားရတယ်"

"အရှိခိုးခံရသူ၊ အရိုအသေအပြုခံရသူမှာတော့ ဘာကောင်းကျိုးမှ မရပါဘူး၊ ရှိခိုးခံထိုက်တဲ့၊ အရိုအသေပြုခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာမရှိရင် တစ်ချို့ အပါယ်ငရဲတောင် သွားရသေးတယ်"

တန်ဖိုးဖြတ်လို့မရသည့် အတွေးအခေါ်ပါသော ဦးသုမန၏ ဩဝါဒစကားလေးများကိုလည်း နားထဲတွင် တစ်ရစ်ဝဲဝဲ ကြားနေသည်။ မဖြူရပ်စောင့်နေသည်မှာ နာရီဝက်ခန့်ပင်ရှိနေပြီ။ ခြေထောက်များပင် ညောင်းကိုက်လို့လာသည်။ ထိုအချိန်မှာပင် လမ်းထိပ်ဘက်ဆီသို့ သူရင်းနှီးပြီးသားမျက်နှာတစ်ခုကို လှမ်းမြင်လိုက်သည်။ ဒါ ဦးခေမိန္ဒဖြစ်ရမယ်၊ ဦးခေမိန္ဒတောင်ကြွလာရင် ဦးပဥ္စင်း မကြွတော့ဖူးနေမှာဟု၍ စိတ်ကို လျှော့ချလိုက်သည်။

အိမ်ထဲကိုတော့ ပြန်မဝင်ဖြစ်သေး၊ ဦးပဥ္စင်းဘာဖြစ်လို့ မကြွတာလည်းဆိုတာ သေချာမေးရဦးမယ်၊ အတန်ကြာတော့ ဦးခေမိန္ဒ မဖြူတို့အိမ်ရှေ့ရောက်လာသည်။ မဖြူကမန်းကတန်းမေးမိသည်။

"ဦးခေမိန္ဒ ဦးပဥ္စင်းဘာဖြစ်လို့ မကြွတာလဲ"

ဦးခေမိန္ဒက မဖြူကို ငေးမှိုင်သောမျက်နှာဖြင့် ကြည့်ရင်း

"မဖြူ ဦးသုမန သူ့ရွာကိုပြန်သွားပြီ"

"ဟင်"

ဟူသော အလန့်တကြား အာမေဋိတ်အသံလေးက မဖြူ နှုတ်မှ ခုန်ပေါက်ထွက်သွားသည်။

"ဘာ . . . ဘာဖြစ်လို့ ပြန်သွားတာလဲဘုရား"

"သူ့ရွာက ကျောင်းထိုင်ဘုန်းကြီး ကျန်းမာရေးမကောင်းလို့ အရေးတကြီးပြန်ရတာပဲ၊ သူ့အဖေဆီက ထည့်လိုက်တဲ့စာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မဖြူမိဘတွေဆီ ပေးခိုင်းလိုက်တယ်။ ပြီးမှ မဖြူလည်း ဖတ်ကြည့်ပေါ့။ ရော့ . . . ဒါက မဖြူရဲ့မှတ်တမ်းစာအုပ် ဦးသုမနက မဖြူကို သေချာပေးပါလို့ မှာခဲ့တယ်"

မဖြူစာအုပ်လေးကို လက်ကမ်းယူလိုက်ရင်း မျက်ရည်မကျလာအောင် မနည်းထိန်းထားရသည်။ အိမ်ထဲ အမြန်ပြန်ဝင်ရင်း

"မေမေ ဒီမှာ ဦးခေမိန္ဒက ပေးစရာရှိလို့တဲ့"

ဟု ဒေါ်ခင်ဝင်းကိုအော်ပြောကာ သူ့အခန်းထဲ ပြေးဝင်လိုက်မိသည်။ တံခါးကို ဂျက်ထိုးပိတ်ပြီးလျှင် စာအုပ်လေးကို ခပ်မြန်မြန်လှန်လိုက်သည်။ တခြားစာသားဘာကိုမှ မတွေ့ရ။ တစ်ကြောင်းနှင့်တစ်ကြောင်း ခပ်ခွာခွာရေးထားသော ကဗျာလေးတစ်ပုဒ်ကိုသာ တွေ့ရသည်။ ဝေ့တက်လာသော မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ်ထုတ်လိုက်ပြီး ကဗျာကို သေချာဖတ်ကြည့်လိုက်သည်။

ပျိုမြစ်နုနယ်
လှမျိုးသွယ်ကို
ချစ်လျက်သာ
ခွဲရပါသည်
ကမ္ဘဝါထမ်း
ရွှေစာကျမ်းနှင့်
မောင့်မှာရဟန်းဖြစ်သောကြောင့်။

မဖြူသိလိုက်ပါပြီ။ စိတ်နဲ့သာချစ်ခဲ့ကြ၊ စိတ်နဲ့သာ စကားပြောခဲ့ကြသော သန့်ရှင်းဖြူစင်သည့် ဣန္ဒြေရှင်ချစ်သူတွေရယ်ပါ။ အများကြီးပြောစရာ၊ ရေးစရာမလို စာပိုဒ်လေးခုနစ်ပိုဒ်ဖတ်ရသည်နှင့် သူတို့နှစ်ဦး ဒီဘဝမှာဖြင့် ဘယ်တော့မှ မတွေ့ကြရတော့ဆိုသည်ကို အလိုလိုသိနေသည်။ စာအုပ်ကို မပိတ်လိုက်ဦးခင်မှာပင်



မျက်ရည်နှစ်စက် ကဗျာစာကြောင်းများပေါ် ကျသွားပြီး အကွက်လေးနှစ်ကွက်ဖြစ်သွားသည်။

ချစ်သူနှစ်ဦး၏ မျက်ရည်စက်လေးစက်ဖြင့် စွန်းထင်းထားသော ကဗျာတစ်ပုဒ်သာပါသည့် စာအုပ်လေးကို ပိတ်လိုက်ပြီးသည်နှင့် မဖြူတစ်ယောက် ခေါင်းအုံးပေါ် မျက်နှာအပ်ကာ အသံမထွက်အောင်ထိန်းပြီး တသိမ့်သိမ့်ငိုနေသည်။ တစ်သက်တာဝေးရပြီဟူသော အသိက နှလုံးသားကို ကြေမွအောင် အဖျစ်ညှစ်ခံရသလို နာကျင်လှသည်။

အတော်လေးကြာတော့ ဒေါ်ခင်ဝင်းက မဖြူအခန်းတံခါးကို လာခေါက်ပြီး

"သမီးမဖြူ ထမင်းစားရအောင်လေ သမီးအခန်းထဲ အောင်းနေတာကြာလှပြီ"

"မေမေ သမီးနေမကောင်းလို့ ထမင်းမစားချင်ဘူး"

ဟူ၍သာ အသံကိုထိန်း၍ ပြန်ဖြေလိုက်သည်။ ထိုအခါ ဒေါ်ခင်ဝင်းက

"အဲဒါဆို မေမေကြည့်ဦးမယ်လေ၊ သမီးတော်တော်ဖြစ်နေသလား"

"တအားဖြစ်တာမဟုတ်ပါဘူးမေမေ၊ ခေါင်းအုံတာလောက်ပါ"

ထိုအခါကျမှ ဒေါ်ခင်ဝင်းပြန်လှည့်ထွက်သွားသောအသံကို ကြားရသည်။ မဖြူဘယ်သူ့ကိုမှ မတွေ့ချင် တစ်ယောက်ထဲပဲနေချင်နေသည်။ ညစာစားချိန်ထိ သမီးဖြစ်သူထွက်မလာသောအခါတွင်ကား ဒေါ်ခင်ဝင်း စိတ်တအားပူသွားသည်။ သမီးအခန်းကို သွားပုတ်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မဖြူ ညနေစာစားကြမယ်လေ"

အခန်းထဲမှ ဘာသံမှထွက်မလာ၊ ဒေါ်ခင်ဝင်းက အသံကို မြှင့်လိုက်ကာ

"သမီးမဖြူ အမေခေါ်နေတယ်လေ ကြားရဲ့လား"

အခန်းထဲမှာကား တိတ်ဆိတ်နေမြဲ ဒေါ်ခင်ဝင်း စိုးရိမ်စိတ်ကြောင့် တုန်လှုပ်ချောက်ချားလာသည်။ တံခါးကို တအားထုပြီး ခေါ်ပြန်သည်။ အထဲမှ ဘာသံမှ ထွက်မလာသောအခါတွင်ကား ဦးသက်ထွန်းထိုင်နေသော ဧည့်ခန်းဆီသို့ အပြေးသွားသည်။ နှုတ်မှလည်း

"ကိုသက်ထွန်းလုပ်ပါဦးသမီးလေးကို ခေါ်လို့မရဘူး။ သူ့အိပ်ခန်းတံခါးကြီးလည်း ပိတ်ထားတယ်"

"ဟေ . . . အိပ်များပျော်နေပါဦးမယ်ကွာ"

"ဘယ်ကအိပ်ပျော်ရမှာတုန်း၊ ကျွန်မတံခါးကိုတအားပုတ်နှိုးတာ"

"ကဲ . . . ဒါဆိုမြန်မြန်လာ တံခါးကို သံတံရွှင်းနဲ့ ကလန့်ပြီးဖွင့်ရမှာပဲ"

ဒေါ်ခင်ဝင်းအော်သံကြောင့် တစ်အိမ်လုံး ရုန်းရင်းဆန်ခတ်ဖြစ်ပြီး မဖြူအိပ်ခန်းဆီ စုပြုံရောက်သွားသည်။ ဦးသက်ထွန်းက ယောက်ျားအားဖြင့် အခန်းတံခါးကို တအားပုတ်ကာ မဖြူနာမည်ခေါ်ပြီး နှိုးကြည့်ပြန်သည်။ အချိုးနှိုးသာ၊ ဘယ်လိုမှ မရတော့သည့်အဆုံး လူဝင်တံခါးကို သံတူရွင်းနှင့် ခက်ခက်ခဲခဲ ကလန့်ပြီးဖွင့်ရတော့သည်။

အခန်းတံခါးပွင့်သွားသည်နှင့် အရင်ဆုံးတိုးဝင်သွားသူကဒေါ်ခင်ဝင်း၊ ကုတင်ပေါ်တွင်ကား ပက်လက်ကလေး အသက်



ပျောက်နေသော မဖြူ၏ရုပ်အလောင်းကို တွေ့ရသည်။ ဆွမ်းလောင်းစဉ်က ယောဂီဝတ်စုံလေးဝတ်လျက်အတိုင်းပင်။

"အဖြစ်ဆိုးလှချည်လား သမီးရဲ့"ဟူသော ဒေါ်ခင်ဝင်းငိုသံကညဉ့်၏တိတ်ဆိတ်မှုကို ဖောက်ထွင်းထွက်ပေါ်လာသည်။ ဦးသက်ထွန်း မျက်ရည်များက တစ်ပေါက်ချင်းလိမ့်ကျလာသည်။ သမီးကိုရင်ခွင်ထဲ ပွေ့ယူရင်းက အိပ်ယာဘေးမှ ပုလင်းတစ်လုံးကိုတွေ့၍ကောက်ယူ ကြည့်လိုက်သည်။

"အဆိပ်ပုလင်းပါလား"

ဟူသော ငြီးတွားသံနှင့်အတူ ဦးသက်ထွန်းလက်ထဲမှ ပုလင်းက ကြမ်းခင်းပေါ်ပြုတ်ကျသွားသည်။ ဦးသက်ထွန်းက မျက်ရည်များကြားမှ ဒေါ်ခင်ဝင်းကို လှမ်းကြည့်ရင်း

"သမီးမှာ ဘာစိတ်ညစ်စရာတွေများရှိနေသလဲကွာ"

"ကျွန်မသိသလောက်တော့ ဘာစိတ်ညစ်စရာမှ မရှိပါဘူး"

ထိုခဏမှာပင် မဖြူ၏ညာဘက်လက်က တစ်စုံတစ်ရာကိုမလွှတ်တမ်းဆုပ်ထားသည်ကို တွေ့ရသဖြင့် ဒေါ်ခင်ဝင်းကလက်ကိုဖြေကြည့်သည်။

သူတစ်ပါးလုယူသွားမှာစိုးသည့်အလား တင်းကြပ်စွာဆုပ်ထားသော လက်ချောင်းများကို ဒေါ်ခင်ဝင်းဖြေ၍မရ။

ဦးသက်ထွန်းနှင့် နှစ်ယောက်ပေါင်းဖြေကြည့်မှ ဆယ်ကြိမ်မြောက် သွေးလှူရှင်တံဆိပ်ရင်ထိုးလေးဖြစ်နေသည်ကို တွေ့ရသည်။ သို့သော် ဦးသုမနပေးထားမှန်း နှစ်ယောက်စလုံးမသိကြ။ မဖြူသူငယ်ချင်းတစ်ယောက်ယောက်က ပေးထားသည်ဟု ထင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်းက ရင်ထိုးလေးကိုကိုင်ကြည့်ရင်း

"သမီးနှစ်သက်တဲ့ပစ္စည်းကို သမီးနဲ့အတူ ထည့်ပေးလိုက်မှာ ပါကွယ်"ဟုဆိုပြီး မဖြူရင်ဘတ် မှာ တွယ်ပေးလိုက်သည်။ ဒေါ်ခင် ဝင်း၏ မချိတင်ကဲ ငိုကြွေးသံများက တစ်ညလုံး မစဲတော့ပါချေ။

× × × × ×

## အခန်း (၇)

ဦးသုမနရောက်လာတော့ အုန်းပင်တောတစ်ရွာလုံး ဝမ်းသာ ကြသည်။ ကျောင်းထိုင်ဆရာတော်ကြီးကလည်း စိတ်ချရအောင် ကျောင်းကို ဦးသုမနအား တစ်ခါတည်းလွှဲအပ်လိုက်သည်။ ကျောင်း သာယာရေးကိစ္စ၊ ကျောင်းသားများ ပညာရေးကိစ္စ၊ သာရေးနာရေး ကိစ္စများဖြင့် တရစပ်အလုပ်များနေရာ ရန်ကုန်မှရလာသော နှလုံး သားဒဏ်ရာက သက်သာစပြုသလိုရှိလာသည်။

ထိုအချိန်မှာပင် သက်သာစပြုနေသောဒဏ်ရာကို မားနှင့် ဆွသလိုဖြစ်စေသည့် အကြောင်းတစ်ခု ပေါ်ပေါက်၍လာသည်။ ပေါ့နေစလိုလို ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေးဟူသော စကားပုံ အတိုင်းဖြစ်စေမည့် စာတစ်စောင်က ဦးသုမနဆီကို ရောက်လို့ လာသည်။ ဦးခေမိန္ဒဆီမှ ရေးလိုက်ခြင်းဖြစ်သည်။ စာပေးသူပြန် သွားသည်နှင့် ဦးသုနမက စာအိတ်ကို ချက်ခြင်းဖောက်ပြီးဖတ် လိုက်သည်။

သို့

ဦးသုမန

သတိတရစာသဝဏ်လွှာပါးလိုက်ပါတယ်။ အကြောင်းထူး ရှိလို့ရေးလိုက်တာပါ။ ဒီအကြောင်းကို ဦးသုမနဆီရေးသင့်၊ မရေး သင့် တပည့်တော်နဲ့ ဦးသီလာစာရတို့ အထပ်ထပ်အခါခါ ဆွေးနွေး တိုင်ပင်ကြတယ်၊ နောက်ဆုံး အသိပေးသင့်တယ်လို့ယူဆလို့ **ဒီစာကို** တပည့်တော်ရေးလိုက်တာ။

ဦးသက်ထွန်းတို့ ဒေါ်ခင်ဝင်းတို့ကလည်း ဒီအကြောင်းကို အရှင်ဘုရားဆီ အကြောင်းကြားပေးဖို့ လျှောက်ထားလာတယ်။ အရှင်ဘုရားရဲ့ ရဟန်းအမလို့လည်းခေါ်နိုင်၊ ဆွမ်းအမလို့လည်း ခေါ်နိုင်တဲ့ မဖြူတစ်ယောက် ဆေးသောက်ပြီး သူ့ကိုယ်သူ အဆုံး စီရင်သွားရှာတယ်။

"ဟင်"

"ဖြစ်မှဖြစ်ရလေ မဖြူရယ်"

ဟု ငြီးတွားရင်း စာရွက်ကလေးသည် ဦးသုမနလက်ထဲမှ လွတ်ကျသွားသည်။

"ငါမှားတယ်၊ ငါမှားတယ်၊ ဘာအကျိုးအကြောင်းမှမပြော ပြဘဲ သူ့ရဲဘောကြောင်ပြီး လက်လွှတ်ပြေးခဲ့တဲ့ ငါ့ရဲ့အမှားပဲ"

"တခြား ဘာအကြောင်းမှမရှိပါဘူး မဖြူရယ်၊ မောင်ဟာ ရဟန်းဖြစ်နေတာတစ်ခုကြောင့်ပါ"

"မောင်ဟာ ရဟန်းဖြစ်နေတာတစ်ခုကြောင့်ပါ မဖြူ"

"မောင်ဟာ ရဟန်းဖြစ်နေတာတစ်ခုကြောင့်ပါ မဖြူရယ်"

ဦးသုမနသည် ထိုစကားဝါကျကိုသာ အထပ်ထပ်အခါခါ ပြောနေသည်။ စာတက်ချိန်ကျ၍ ကိုရင်ကျောင်းသားများ သူ့ ကုလားထိုင်ဘေးမှ ဝိုင်း၍ထိုင်နေကြသော်လည်း သူကား သတိထား မိဟန်မရှိ။ အထက်ပါ စကားဝါကျကိုသာ ခပ်ကျယ်ကျယ်ကြီး ဆက်ကာဆက်ကာ ပြောနေသည်။

သေချာစိုက်ကြည့်လျှင် သူ၏ မျက်စိသူငယ်အိမ်သည် ဝဲလှည့် သလိုလည်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဦးသုမနက စာခု...

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုစိုက်ကြည့်ပြီး ပြောချင်ရာပြောနေသောအခါ ကိုရင်ကျောင်းသားများ ထပြေးကြပြီး လူကြီးသူမများကို သွားခေါ်ကြသည်။

ရပ်ရွာလူကြီးများသည် တခြားအိမ်က လူနာကိုလာကြည့်သော ဆရာဝန်ကိုပင် အကျိုးအကြောင်းပြောပြပြီး မေတ္တာရပ်ခံကာ ခေါ်လာကြသည်။ လူကြီးများခေါ်ဆောင်မှုဖြင့် ဦးသုမနသည် သူ့အခန်းက ကုတင်ပေါ်ရောက်ပြီး ပက်လက်ကလေးဖြစ်နေသည်။ သို့သော် ဦးသုမနကား အထက်ပါစကားဝါကျကို အဆက်မပြတ်ပြောနေဆဲသာဖြစ်၏။

ဆရာဝန်က မျက်ခွံတွေကိုပါ လှန်ကြည့်လိုက်ပြီး

"စိတ်တော်တော်ထိခိုက်သွားတယ်၊ လအတော်ကြာအောင် စိတ်ငြိမ်ဆေးတိုက်ပေးရမယ်"

ဟူသော စကားသည် အုန်းပင်တောရွာသားများ ရင်ကို ခြေနှင့်ကန်လိုက်သလို ဖြစ်သွားသည်။ ဦးသုမနကား တခြားဘာ အသိမှမရှိ။

"မောင်ဟာ ရဟန်းဖြစ်နေတာတစ်ခုကြောင့်ပါ မဖြူရယ်"

ဟူ၍သာ အထပ်ထပ်အခါခါ ပြောနေလျှက်။



# အမှိုက်ပုံထဲက ပန်းရွှေကြာ

ယထာသင်္ကာရ ဓနသ္မိံ
ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံတတ္ထ ဇာယေထ၊
သုစိဂန္ဓံ မနောရမံ။
ဧဝံသင်္ကာ ဘူတေသု၊
အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊
သမ္မာသမ္ဗုဒ္ဓ သာဝကော။ (ဓမ္မပဒ၊ ၅၈၊ ၅၉)

လမ်းမဘေးမှာ လူသားများစွန့်ပစ်ထားသော အမှိုက်ပုံ၌ ပေါက်ရောက်နေသော ပဒုမ္မာကြာပန်းသည် အမှိုက်ပုံမှာ ပေါက်နေသော်လည်း အမှိုက်၏ အညစ်အကြေးများ မငြိကပ်၊ မညစ်ပေပဲ မြင်ရသူတိုင်း လိုချင်မက်မောလောက်အောင် လွန်စွာမွှေးကြိုင်သော ပင်တိုယ်အနံ့ဖြင့် လှပတင့်တယ်နေသကဲ့သို့၊ ထို့အတူ ဘုရားရှင်၏ တပည့်သည် အမှိုက်သဖွယ်ဖြစ်သောလောကသားများထဲ၌ မွေးဖွားလာသော်လည်း လောကသားများနှင့်မ ငြိကပ်၊ မရောထွေးဘဲ အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်များအလယ်မှာ ကျယ်ပြန့်သော အသိဉာဏ်ဖြင့် လွန်စွာတင့်တယ်လှပေ၏။

ငွေစာရင်းမင်းကြီးရာထူးကို အင်္ဂလိပ်လက်ထက်မှ မြန်မာအစိုးရလက်ထက်အထိ ထူးထူးခြားခြား ဆက်လက်ထမ်းဝန်ယူရသူတစ်ဦးရှိ၏။ သူကား အင်းလျားမြိုင်အပြည်ပြည်ဆိုင်ရာ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာ၏ ဖခင်ကြီး ဦးဘခင်ပင်ဖြစ်၏။ အိန္ဒိယနိုင်ငံ၊ အီဂတ်ပူရီပြည်နယ်တွင် ဗုဒ္ဓ၏ ဝိပဿနာတရားများကို ဖြန့်ဖြူးပေးနေသည့် ဦးဂိုအင်ကာသည် ဦးဘခင်၏ လက်ရင်းတပည့်တစ်ဦးပင်ဖြစ်ပါ၏။

ဆရာကြီးဦးဘခင်သည် ငွေစာရင်းမင်းကြီးရာထူးကို စတင်ထမ်းဆောင်ရသည်နှင့် အစိုးရက ကားတစ်စီးထုတ်ပေးထားသည်။ ထိုအချိန်က အင်္ဂလိပ်အစိုးရလက်ထက်ဖြစ်သည်။ ထူးခြားသည်ကား ဆရာကြီးသည် ကားကို ရုံးလုပ်ငန်းနှင့်ပတ်သက်သော အချိန်မှာသာ သုံးသည်။ ကျန်သောအချိန်မှာ လုံးဝမသုံးချေ။

လာဘ်စားဖို့ စာရင်းလိမ်ဖို့ကို အသာထား၍ တရားဝင်သုံးခွင့်ပေးထားသော ကားကိုပင် ကိုယ်ရေးကိုယ်တာမှာ အသုံးမပြုချေ။ သူတစ်ပါးကြည်ညိုဖို့နှင့် မိမိကိုယ်မိမိ ကြည်ညိုဖို့တွင် မိမိကိုယ် မိမိကြည်ညိုဖို့က အရေးအကြီးဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း မိမိကိုယ်မိမိလိမ်ညာ၍ မရနိုင်သောကြောင့်ဖြစ်သည်။

မိမိကိုယ်မိမိကြည်ညိုအောင်နေသောသူများသည် သူတစ်ပါး၏ မြင့်မိုရ်တောင်လောက်ရှိသော ကြီးမားသောအပြစ်ကို မမြင်တတ်သော်လည်း မိမိ၏ ဆီးစေ့လောက်သာရှိသောအပြစ်ကို မြင်တတ်ကြသည်ကား ဓမ္မတာတစ်ခုဖြစ်၏။ မိမိအပြစ်ကိုရှာ၍ ပြုပြင်ခြင်းသည် ပစ္စက္ခရော၊ သံသရာပါကောင်းသောအကျင့်ဖြစ်၏။

သူတစ်ပါးအပြစ်ကိုရှာကြည့်သူများသည်ကား ပစ္စက္ခမှာလည်း လူမုန်းများ၏။ သံသရာမှာလည်း အပါယ်လားရ၏။ နှစ်ဘဝလုံးမကောင်းပေ။ ဦးဘခင်ကား မိမိအပြစ်ကိုသာ ရှာသူဖြစ်၏။ ထို့ကြောင့် တစ်ခါတွင် အိမ်ကကားပျက်နေ၍ ရုံးမှကားကို သုံးလေးရက်ခန့်ယူသုံးရသည်။



သူ၏ ကားပြန်ကောင်းသည့်အခါတွင်ကား အစိုးရကားကို သုံးသော လေးရက်တွက်ကားခကို တွက်ချက်ပြီး အစိုးရဘဏ်သို့ တရားဝင်သွားသွင်းလေသည်။ မကောင်းမှုဟူသည် အသေးလေးကစပြီးရှောင်မှ အကြီးကြီးကိုလည်း ရှောင်နိုင်လေသည်။ လူဆိုးသူခိုးကြီးဖြစ်သွားကြသူများသည် ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်လေးများကစပြီး ခိုးယူရာမှ တဖြည်းဖြည်း မြင့်တက်လာကြခြင်းဖြစ်သည်။

ထို့ကြောင့် လက်ဆော့တတ်သော ကလေးများကို အာလူး၊ ငါးဆယ်သားဝယ်ခိုင်းလိုက်လျှင် ခုနစ်ဆယ်သားခန့်ပါလာတတ်သည်။ နှစ်ဆယ်သားက ခိုးယူလာခြင်းဖြစ်၏။ ထိုအခါမျိုးတွင် ငါ့သားကလည်းသားပဲဆိုပြီး မှိန်းနေလိုက်မည်ဆိုလျှင် မိမိသားသမီးကို မိမိကိုယ်တိုင် သူခိုးဘဝရောက်ရန် လမ်းစဖော်ပေးလိုက်ခြင်းဖြစ်၏။

မိဘကောင်းမှန်လျှင် ပိုနေသောအာလူးနှစ်ဆယ်သားနှင့် ကလေးကိုပါ ခေါ်သွားပြီး ဆိုင်ရှင်ထံပိုနေသော အာလူးနှစ်ဆယ်သားကို ပြန်ပေးရင်း

"ကျွန်မသား လက်ဆော့ပြီးယူလာတဲ့ အာလူးနှစ်ဆယ်သားကို ပြန်ပေးပါတယ်။ သားလေးနောင် သူတစ်ပါးမပေးတာကို ဘယ်တော့မှမယူနဲ့ အဲဒါခိုးတာပဲ၊ ခိုးတဲ့သူဟာ သေတဲ့အခါ အပါယ်ငရဲကျမယ်၊ လူဘဝရောက်ခဲ့ရင်လည်း မွဲမယ်၊ ငတ်မယ်၊ ချွေးဒီးဒီးကျအောင်ရှာလို့ စီးပွားဥစ္စာလေးတက်လာပြီဆိုရင် ရေမျှောမယ်၊ မီးလောင်မယ်၊ မင်းကသိမ်းမယ်၊ သူခိုးကခိုးမယ်၊ အမွေခံသားဆိုးသမီးဆိုးက ဖျက်ဆီးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အမှုပေါ်တုန်း ဆုံးမလိုက်မည်ဆိုလျှင် သားသမီးလည်း ဆုံးမပြီးသားဖြစ်သလို ဈေးသည်ကိုလည်း အလေးမခိုးရန် သတိပေးပြီးသားဖြစ်သွားသည်။ ယခုလည်း ဦးဘခင်သည် မကောင်းမှုကို အသေးလေးမှစပြီး ရှောင်ကြဉ်ခဲ့သည့်အတွက် အကြီးကြီးထိ ရှောင်ကြဉ်သွားနိုင်ပုံကို ဆက်လက်ဖော်ပြပါမည်။

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်လက်အောက်မှ မန္တလေးမြို့ကို ဂျပန်တို့က ဗုံးကြဲပြီး ပြန်လည်လုယူနေချိန်ဖြစ်ပါ၏။ လူထုဒေါ်အမာက ကျွန်မတို့ မန္တလေးက မန္တလေးတောင်စာအုပ် စာမျက်နှာ ၇၄ တွင်

ကျွန်မတို့ မန္တလေးကို (၁၈-၄-၄၂)နေ့မှာ နန်းတော်ထဲက အထက်ဗမာပြည်အသင်းတိုက်ကို ဂျပန်လေယာဉ်က ဗုံးလာကြဲတာမို့ ကမ္ဘာစစ်မန္တလေးမြို့ကို အဲဒီနေ့မှာပဲ စတင်ရောက်ရှိခဲ့ပါတယ်။ (၃-၄-၄၂)မှာ ဂျပန်ဗုံးကြဲလေယာဉ်အစင်း (၈၀)နဲ့ တစ်မြို့လုံးကို ဗုံးတွေကြဲ၊ မီးလောင်ဗုံးတွေချလို့ လူသုံးထောင်နီးပါးသေဆုံးကာ လူနေအိမ်သုံးသောင်း၊ ဘုန်းကြီးကျောင်းလေးရာပျက်စီးပြီး မန္တလေးမြို့ ပျက်သွားပါတော့တယ်။ (၁-၅-၄၂)နေ့ဟာ ဂျပန်စစ်တပ်တွေ မန္တလေးမြို့ကို ဝင်လာတဲ့နေ့ပါပဲဟု ရေးသားထားသဖြင့် ယခုဖော်ပြမည့်ဖြစ်ရပ်သည် (၃-၄-၄၂)နေ့ ဖြစ်ဖို့များပါသည်။ ထိုနေ့တွင် ဗုံးများလည်း ဆက်တိုက်အချခံရ၊ မီးများကလည်း လောင်ချင်တိုင်းလောင်နေသဖြင့် မန္တလေးဘူတာကြီး ငွေစာရင်းဌာနမှ ဝန်ထမ်းများ ကြောက်လန့်တကြား ထွက်ပြေးကြရာ တစ်ယောက်မှ မရှိတော့ပေ။

မန္တလေးမြို့ကိုအုပ်ချုပ်သော အင်္ဂလိပ်မင်းများပင် အပြေးအလွှား ဆုတ်ခွာသွားကြရာ ပြင်ဦးလွင်သို့ရောက်နေလေပြီ။ တာဝန်



တစ်ခုဖြင့် အပြင်ရောက်နေသော ငွေစာရင်းဌာနအရာရှိ ဦးဘခင်သည် ဗုံးတွေ တဝုန်းဝုန်းချနေသည့်ကြားထဲမှ ငွေစာရင်းဌာနရုံးခန်းထဲသို့ အသက်ကို ပဓာနမထားဘဲ စွပ်ဝင်သွားလေသည်။

ရုံးခန်းဘဏ်တိုက်ထဲရောက်သောအခါ မြောက်များလှစွာသော ငွေများကို အိတ်တစ်လုံးထဲ ကျုံးထည့်သည်။ ငွေများထည့်ပြီးသောအခါ ဝင်ငွေ၊ ကုန်ကျငွေ စာရင်းရှင်းတမ်း စာရွက်များကိုပါ အိတ်ထဲပေါင်းထည့်ပြီး သော့ခတ်ပိတ်လိုက်သည်။ သူသည် ထိုငွေများကို ပိုင်ရှင်ဖြစ်သော အင်္ဂလိပ်တို့ကို လိုက်ပေးရန် ကြိုးစားနေခြင်းဖြစ်သည်။

လကုန်ခါနီးရက်သည် ဝန်ထမ်းများ ဒုက္ခအရောက်ဆုံးရက်ပင်ဖြစ်၏။ ရလာမည့် လခလေးဝန်းပြပြီး ချေးရ ငှားရသော ကြွေးအထူဆုံးအချိန်ပင်။ ယခု ထိုလကုန်ရက်ဖြစ်သဖြင့် မိသားစုတွင် ငွေပြတ်နေသော ဦးဘခင်၊ အင်္ဂလိပ်များ ဆုတ်ခွာသွားပြီဖြစ်သဖြင့် ပိုင်ရှင်မဲ့နေသော ငွေထုတ်ကြီးပိုင်ရှင်အင်္ဂလိပ်များ မရှိတော့ပြီဖြစ်သဖြင့် ဤငွေများကိုယူလိုက်လျှင် ဝိနည်းတရားအရ အပြစ်ရှိသည်ဟု မဆိုသာတော့ချေ။ စာရိတ္တကို အလျှော့တွက် တွက်တတ်သူများသာ ဦးဘခင်နေရာမှာ ရှိမည်ဆိုလျှင် အိမ်ကို ထမ်းယူသွားမည်ဖြစ်သည်။

ဦးဘခင်ကား ဗုံးသံများစဲသွားသည်နှင့် ကားတစ်စီးကို မရအရငှားကာ အင်္ဂလိပ်များရှိရာ ပြင်ဦးလွင်သို့ အမီလိုက်တော့သည်။ အင်္ဂလိပ်များကိုတွေ့သည်နှင့် ငွေနှင့်စာရင်းအင်းများကို အတိအကျ ပြန်လည်အပ်နှံသည်။ အင်္ဂလိပ်များကား ဦးဘခင်၏စာရိတ္တကို ချီးကျူးကြရသည်။ အံ့သြကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ မှတ်တမ်းစာအုပ်များတွင်လည်း အင်္ဂလန်က ဂျန်တဲလ်မန်းများထက် အဆင့်များစွာမြင့်သော မြန်မာလူမျိုးတစ်ဦးကို တွေ့ဖူးရပြီဖြစ်ကြောင်း ရေးကြပေလိမ့်မည်။ သိန်းချီသောငွေများကို အပ်နှံပြီးသည်နှင့် ဦးဘခင်တောင်းဆိုလိုက်သောစကားသည်ကား

"ဒီလအတွက် ကျွန်တော့်လစာနဲ့ အခုငှားလာတဲ့ကားခလေး ရနိုင်မလားမသိဘူး" ဟူ၏။

× × × × ×

မြန်မာပြည်လွတ်လပ်ရေးရသောအချိန်တွင်လည်း ဦးဘခင်သည် ငွေစာရင်းမင်းကြီးရာထူးကို ဆက်လက်ထမ်းဆောင်ရသည်။ လူတစ်ယောက် အကျင့်စာရိတ္တကိုသိရန် ကြာကြာပေါင်းကြည့်ရသည်။ ပေါင်းကြည့်နေစဉ်အတွင်း လေ့လာရသည်။ လေ့လာစမ်းသပ်နိုင်သော အသိဉာဏ်လည်းရှိရသည်။ ဤသုံးချက်နှင့်ညီမှ လူတစ်ယောက်၏ အကျင့်စာရိတ္တနှင့်စိတ်ဓာတ်ကိုသေချာသိနိုင်သည်။

မြန်မာအစိုးရသည် ထိုသုံးချက်နှင့်အညီ လေ့လာကြည့်လိုက်သဖြင့် ဦးဘခင်၏သီလကို သေချာသိသွားကြသည်။ ထို့ကြောင့် သက်ပြည့်ပင်စင်ပင် အယူမခံဘဲ ငွေစာရင်းမင်းကြီးရာထူးကို ဆက်ပေးခြင်းဖြစ်သည်။ တစ်ဖန် ငွေစာရင်းမင်းကြီးရာထူးအပြင် ကောက်ပဲသီးနှံရောင်းဝယ်ရေးဥက္ကဋ္ဌတာဝန်ကိုပါ ဆက်ပေးပြန်သည်။

ထိုဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်က ဦးဘခင်၏သီလကို စမ်းသပ်သောဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သေးသည်။ တစ်ခါတွင် အသီးအနှံတစ်မျိုးအစိုးရသို့ ဈေးအနည်းဆုံးဖြင့် တင်သွင်းနိုင်မည့်သူများကို တင်ဒါခေါ်ယူသည်။ ကုန်သည်ကြီးများက မိမိတို့အနည်းဆုံးဈေးဖြင့် သွင်းနိုင်မည့်နှုန်းထားများကို ဦးဘခင်တို့အဖွဲ့ထံသို့ တင်ပြရသည်။



စားနေကြ၊ သောက်နေကြ ဥက္ကဋ္ဌများထုံးစံအတိုင်းဆိုလျှင် ကုန်သည်ကြီးတစ်ဦးဦးထံမှ ပါးစင်းတိပ်ဖြင့် ကိုယ်လိုသလောက်စားပြီး တင်ဒါလက်ခံလိုက်မည်သာဖြစ်သည်။ ဦးဘခင်ကား သူတစ်သက်တာတွင်ရသည့်လခမှတစ်ပါး အပိုလာဘ်စားခြင်းဟူ၍ လုံးဝမရှိခဲ့ပေ။ ထို့ကြောင့်လည်း အဖွဲ့နှင့်အညီအညွတ်တိုင်ပင်၍ ဈေးအနည်းဆုံးဖြင့် တင်သွင်းနိုင်သော ကုန်သည်တစ်ဦးတင်ဒါကို လက်ခံ၍ စာထုတ်လိုက်ကြသည်။

တင်သွင်းရန် အစိုးရကခွင့်ပြုလိုက်သောစာကို ထိုကုန်သည်ကြီးဆီသို့ မရောက်မီလေးတွင် ယင်းကုန်သည်ကြီးသည် ဦးဘခင်ဆီသို့ ပစ္စည်း၊ ငွေ၊ တံစိုးလက်ဆောင်များစွာနှင့် ရောက်လာသည်။ တကယ်ဆိုလျှင် ထိုကုန်သည်ကြီးအတွက် တင်ဒါလက်ခံသောစာထွက်ပြီးနေသည့်အတွက် ပေးလာသောပစ္စည်းများကို လက်ခံမည်ဆိုလျှင် လက်ခံနိုင်ပါသည်။

လာဘ်စားရာမရောက်ပေ။ အဘယ့်ကြောင့်ဆိုသော် သူ့ပစ္စည်းကိုယူပြီး သူ့အတွက် မိမိက ဘာတစ်ခုမှလုပ်ပေးစရာမလိုခြင်းကြောင့်တည်း၊ သို့သော် ဦးဘခင်ကား လုံးလုံးလက်မခံပေ။

တံစိုးလက်ဆောင်ပေးလာသော ကုန်သည်ကြီးကို ပစ်ပစ်ခါခါပြောပြီး အခန်းထဲမှ နှင်ထုတ်ခဲ့သည်။ ကုန်သည်ကြီးကား ကောက်ပဲသီးနှံဥက္ကဋ္ဌကြီးနှင့် ပြဿနာဖြစ်ခဲ့သဖြင့် ရလမ်းမရှိတော့ဟု စိတ်ဆင်းရဲနေသောအချိန်မှာပင် အသီးအနှံသွင်းခွင့်တင်ဒါလက်ခံစာကို ရရှိခဲ့ရာ ယင်းကုန်သည်ကြီးအနေဖြင့် ဝမ်းမြောက်ခြင်းထက် အံ့ဩခြင်းက ပိုနေလိမ့်မည်ထင်သည်။

စားခွင့်သာနေသော တံစိုးလက်ဆောင်ကို မစားဘဲ ပြန်ပေးခဲ့သည့် ဦးဘခင်၏ စာရိတ္တသတ္တိကိုလည်း အကြိမ်ကြိမ်အခါခါ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခန်းဖွင့်နေမည်မှာလည်း အသေအချာပင်ဖြစ်ပါ၏။ ဦးဘခင်သည် ရှုပ်ပွေသောလောကထဲမှာနေသော်လည်း လောက၏ အညစ်အကြေးများဖြင့် သူ့ကို အပေကျံမခံချေ။

အညစ်အကြေးအပေအကျံမခံသော အမှိုက်ပုံထဲမှ ပန်းရွှေကြာလိုနေရမည်ဟု ဗုဒ္ဓဟောကြားခြင်းသည် ဦးဘခင်လိုလူကို ရည်ရွယ်၍ ဟောကြားခြင်းဖြစ်ပေလိမ့်မည်။

မှတ်ချက်။ ဆရာကြီးဦးဘခင်ကို ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်၊ ပြုံးချိုရုပ်ကွက်နေ ပွဲစားဦးပေါနှင့် ဇနီး ဒေါ်စောမေတို့မှ ၁၂၆၀ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

(ဆရာကြီး ဦးဘခင်ထမ်းဆောင်ခဲ့သော အစိုးရဌာနကြီးများ)

၁။ ၁၉၄၆ မှ ၁၉၅၃ ထိ မြန်မာနိုင်ငံတော် ငွေစာရင်းမင်းကြီး

၂။ ၁၉၅၃ မှ ၁၉၅၆ ထိ မြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၊ အထူးအရာရှိ။

၃။ ၁၉၅၆ မတ်လမှ ဩဂုတ်လထိ ကုန်သွယ်တိုးတက်ရေးဝန်ကြီးဌာန အထူးအရာရှိ

၄။ ၁၉၅၆ မှ ၁၉၆၄ ထိ ကုန်သန်းရောင်းဝယ်ရေးစာရင်းစစ်ဝန်

၅။ ၁၉၅၆ မှ ၁၉၅၉ ထိ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး ဥက္ကဋ္ဌ

၆။ ၁၉၅၈ မှ ၁၉၆၄ ထိ အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး။

အထက်ပါ ၁၆၀၀ိ/- စား ရာထူးကြီး (၃၊ ၄၊ ၅၊ ၆)တို့ကို တစ်ချိန်တည်း သုံးလေးခုပူးတွဲ၍ တာဝန်ယူခဲ့ရသည်။



## သူတော်စင်တို့၏စိတ်ထား

စာအုပ်စာစောင်၊ တွေ့မရှောင်၊ ဆုံးအောင်ဖတ်ရှုပါ။
မကောင်းရှောင်ပယ်၊ ကောင်းဆောင်ကွယ်၊
မှတ်ဖွယ်သင့်ဝန်တာ။

မစိုးရိမ်တိုက်သစ်၊ ပဓာနနာယကဆရာတော်ဘုရားကြီး ဦးသီရိန္ဒာဘိဝံသမထေရ်မြတ်ကြီးက -

အရှင်ဘုရားတို့ အများနဲ့နေတဲ့အခါမှာ ကောင်းတဲ့သူရော၊ မကောင်းတဲ့သူရော နှစ်မျိုးလုံးနဲ့တွေ့ရလိမ့်မယ်။ အဲဒီလို တွေ့ရတဲ့အခါမှာ နှစ်ဦးလုံးကို မိမိဆရာလို့ချည်း မှတ်ရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကောင်းတဲ့သူဆီက ကောင်းတဲ့အပြုအမူ၊ အပြောအဆို၊ အကြံအစည်တွေကိုတွေ့ရ၊ သိရတဲ့အခါ မိမိသန္တာန်မှာလည်း ဖြစ်အောင်ဆောင်ရတယ်။

ဒါ့ကြောင့် ကောင်းတဲ့သူဟာ မိမိသန္တာန်မှာ ကောင်းတာတွေဆောင်ဖြစ်အောင် သင်ပြသလိုဖြစ်တဲ့အတွက် ဆရာလို့ သတ်မှတ်ရတယ်။ တစ်ခါမကောင်းတဲ့သူဆီက မကောင်းတဲ့၊ သူတစ်ပါးစိတ်ဆင်းရဲရတဲ့ အပြုအမူအပြောအဆို၊ အကြံအစည်တွေကို တွေ့ရ၊ သိရတဲ့အခါ မိမိသန္တာန်မှာ မဖြစ်အောင်ရှောင်ကြဉ်ရတယ်။ ဒါ့ကြောင့် မကောင်းတဲ့သူဟာလည်း မိမိသန္တာန်မှာ မကောင်းတာတွေ ရှောင်ဖြစ်အောင် သင်ပြသလိုဖြစ်တဲ့အတွက် ဆရာလို့ပဲ သတ်မှတ်ရတယ်"

ဟူ၍ တပည့်များကို မကြာခဏ ဆုံးမဩဝါဒပေးတော်မူသည်။ ဦးနှောက်တံခါးကိုဖွင့်ထားရန် ထိမိစွာဆုံးမခြင်းပင်ဖြစ်၏ ... ကြောင့် ပေါင်းသင်းဆက်ဆံရာ၌ဖြစ်စေ၊ စာပေဖတ် ...

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ၊ လူမျိုး၊ နိုင်ငံဟူသော အကန့်အသတ်စည်းရိုးများကို ဖယ်ရှားထားသင့်သည်။ ထိုသို့ ဖယ်ရှားသောကြောင့်သာလျှင် စာရေးသူသည် ဤဆောင်းပါးကို ရေးသားတင်ပြနိုင်ခြင်းဖြစ်သည်။

ဖေမြင့်ဘာသာပြန်သော နှလုံးသားအာဟာရဟူသော စာအုပ်လေးထဲမှ အမေရိကန်အမျိုးသားတစ်ယောက်၏ ထူးခြားသော ပရဟိတအပြုအမူလေးမှာ လေးစားစရာကောင်းလှ၏။ တစ်ခါတွင် နာမည်ကြီးဆက်ကပ်ပွဲကြီးတစ်ခုကြည့်ကြရန် လူပေါင်းများစွာ ရုံဝင်လက်မှတ်ဝယ်နေကြသည်။ အမျိုးသားကြီးတစ်ဦးသည် သူ့မိသားစုငါးဦးအတွက် လက်မှတ်ဝယ်ရန် ငွေကိုထုတ်ယူကြည့်လိုက်ရာ နှစ်ယောက်စာလိုနေသည်ကို တွေ့ရသဖြင့် ပြင်းစွာတုန်လှုပ်သွားသည်။

အိမ်ပြန်ယူဖို့ကလည်း နေရာကအဝေးကြီး၊ အနီးအနား အသိတွေ့ပါက ဒေါ်လာငွေအကူအညီတောင်းရန် လှည့်ပတ်မျက်စေ့ကစားကြည့်သော်လည်း တစ်ယောက်မှမတွေ့ရ။ သားမယားကို တာဝန်ခံခေါ်လာပြီးကာမှ ရုံဝင်လက်မှတ်ခငွေမလောက်သဖြင့် အိမ်ပြန်ခဲ့ရသောအဖြစ်သည် သူ့လိုအိမ်ထောင်ဦးစီးတစ်ယောက်အတွက် မည်မျှသိက္ခာထိခိုက်ပါသနည်း။

ထိုအချိန်မှာပင် သူ့နောက်မှ လက်မှတ်တန်းစီနေသော အမျိုးသားတစ်ယောက်က သူ့ပုခုံးကို ပုတ်လိုက်ကာ

"မိတ်ဆွေ ခင်ဗျားအိတ်ထဲက ပိုက်ဆံထွက်ကျသွားတယ်၊ ဟောဒီမှာဆိုကာ မြေကြီးပေါ်မှ ကုန်းကောက်လိုက်ဟန်ဖြင့် လိုအပ်နေသော နှစ်ယောက်စာလက်မှတ်ခ ဒေါ်လာငွေကို သူ့အား လှမ်းပေးသည်။ ထိုလူစိမ်းသည် သူ့အခက်အခဲကို သိသွား၍ သက်သက်မဲ့ ကူညီခြင်းသာဖြစ်၏။



ထိုသို့ကူညီရာတွင် မိသားစုရှေ့၌ သူ့ဂုဏ်သိက္ခာကျမသွားစေရန် လျှို့ဝှက်စွာ ကူညီလိုက်ခြင်းသည်ကား အဟောဝတ ချီးကျူးဖွယ်ကောင်းလေစွ။

## သိမ်မွေ့သောလောဘ

**မရှိတာထက် မသိတာခက်၏။**

**မသိတာထက် သိပြီးမကျင့်တာခက်၏။** ဟူသော စကားကဲ့သို့ မလှူချင်တာထက် လှူပြီး အပရ စေတနာမပျက်ဖို့ (မနှမြောဖို့)က ခက်၏။ လှူပြီးအပရစေတနာမပျက်ဖို့ထက် လှူပြီး နာမည်မကြီးချင်ဖို့ (မကြွားဖို့)က ပိုခက်၏ဟူသော စကားကိုလည်း တဖတ်သူတို့အား သိစေချင်သည်။

ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့တွင် ကုဋေများစွာကြွယ်ဝချမ်းသာသော သူဌေးတစ်ယောက်ရှိသည်။ သားသမီးမရှိသောကြောင့် အပုတ္တကသူဌေးဟု အမည်တွင်သည်။ သူသည် သူဌေးဘဝတစ်လျှောက်လုံး မသေမခြင်း၊ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းသာစားသည်။ ကြမ်းတမ်းစုတ်ပြတ်သော အဝတ်ကိုသာဝတ်သည်။ အာရုံငါးပါးလုံး အကောင်းဆိုသမျှ ဘာတစ်ခုမှ မသုံးဆောင်ပေ။

သူသေသောအခါ အမွေခံသားသမီးမရှိသဖြင့် ကျန်ရှိသော ဥစ္စာများကို မင်းဘဏ္ဍာအဖြစ်သိမ်းရာ လှည်းအစီးပေါင်းများစွာဖြင့် ခုနစ်ရက်သိမ်းယူရသည်။ ဥစ္စာစည်းစိမ်ပေါများချမ်းသာပါလျက် ကောင်းမွန်စွာ သုံးဆောင်ခံစားနိုင်ခြင်းမရှိသော ထိုသူဌေး၏ ရှေး အတိတ်အကြောင်းကား -

www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးသည် ဘဝတစ်ခုက လူချမ်းသာတစ်ဦးပင် ဖြစ်ခဲ့ဘူးသည်။ နှမြောစေးနှည်းသဖြင့် မည်သည့်အလှူအတန်းမှမပြုပေ။ တစ်နေ့သောအခါ တဂ္ဂရသိခီအမည်ရှိသော ပစ္စေကဗုဒ္ဓါတစ်ပါးကိုကား လှူတန်းချင်သောသဒ္ဓါတရားပေါက်လာသဖြင့် ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူခိုင်းသည်။

ဇနီးသည်က လောင်းလှူပြီးသဖြင့် ပြန်ကြွလာသော ပစ္စေကဗုဒ္ဓါကို သပိတ်ဖွင့်ခိုင်းပြီး လောင်းလှူလိုက်သော ဆွမ်းနှင့်ဆွမ်းဟင်းများကို ကြည့်ရှုသည်။ များပြားသော ဆွမ်းနှင့်ဆွမ်းဟင်းများကို မြင်လိုက်သည်နှင့် အပရ (လှူပြီး) စေတနာပျက်စီးသွားသည်။

သူဌေးကတော်ကား အတိုင်းအဆမရှိ များပြားကောင်းမွန်စွာ လှူသည်။ ဒီရဟန်းကား စားပြီးအိပ်နေမှာသာဖြစ်သည်။ ဒီရဟန်းကို လှူမည့်အစား ငါ့အိမ်က အခိုင်းအစေတွေကို ကျွေးလိုက်တာကမှ အိမ်က အမှုတွေကို ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်ပေးကြမည် ဖြစ်သည်။ ပေးလှူခြင်းကား ငါ့အတွက် အချီးနှီးအလကားဖြစ်ရလေပြီဟူ၍ နှမြောမိလေသည်။

ပစ္စေကဗုဒ္ဓါကို ဆွမ်း၊ ဆွမ်းဟင်း လှူဒါန်းခြင်းကြောင့် ချမ်းသာသော သူဌေးဘဝကို ရောက်ရှိရသည်။ လှူပြီးနှမြောသောကြောင့်တစ်နည်း အပရစေတနာပျက်ခဲ့သောကြောင့် ချမ်းသာသော စည်းစိမ်ချမ်းသာကို သုံးဆောင်ခံစား၍မရခြင်းဖြစ်သည်။ ထို့ကြောင့် မလှူချင်ခြင်းထက် လှူပြီး အပရစေတနာမပျက်ဖို့ (မနှမြောဖို့)က ခက်၏ဟု ဆိုခဲ့ခြင်းဖြစ်သည်။

တစ်ချို့က လှူကားလှူ၏ သူ့အလှူကို လူတိုင်းသိစေချင်သည်။ ကြွားချင်သည်။ ထို့ကြောင့် တီဗီထဲကြေငြာမှ သတင်းစာထဲ ထည့်မှ များများလှူကြသည်။ အောက်ထစ်ဆုံးအလှူရှင်နာမည်



စာရင်းလေး ရေးမပေးလျှင် မလှူချင်တော့ပေ။ လှည်းကူးမှ မိတ်ဆွေဘုန်းကြီးတစ်ပါးသည် စုပေါင်းအလှူဖြင့် တိုက်ကျောင်းတစ်ကျောင်းဆောက်မည်ဟု ကြေငြာလိုက်ရာ ကျောင်းအခန်းအလှူရှင်အတော်များများ စာရင်းလာပေးကြသည်။

မိတ်ဆွေဘုန်းကြီးက နည်းနည်းများများ ဘယ်၍ဘယ်မျှလှူလှူ အလှူရှင်စာရင်းမရေးပေးနိုင်ဟု ပြောလိုက်သောအခါတွင်ကား အလှူရှင်များအားလုံး နောက်ဆုတ်သွားကြသဖြင့် ကျောင်းပင်မဆောက်ဖြစ်တော့ချေ။ ထို့ကြောင့် လှူပြီး အပရစေတနာမပျက်ဖို့ထက် လှူပြီးနာမည် မကြီးချင်ဘို့၊ မကြွားချင်ဘို့က ပိုခက်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ဒါနပြုခြင်းသည် ဥစ္စာရွှေငွေ၌ ကပ်ငြိတွယ်တာနေသော လောဘကို သတ်ဖြတ်ပယ်ရှားပစ်ရန်အတွက်ဖြစ်သည်။

**အလှူရှင်အဖြစ် ထင်ပေါ်လိုခြင်း၊ လူသိများလိုခြင်းသည် လောဘတစ်မျိုးပင်ဖြစ်သည်။ ဥစ္စာစည်းစိမ်၌ တွယ်တာကပ်ငြိသော လောဘကိုပယ်သတ်ပြီး နာမည်ကြီးလိုသောလောဘကို ပြန်လည်ဖက်တွယ်ခြင်းသည် မြင့်မြတ်သော ပါရမီရှင်တို့၏ ကျင့်စဉ်ဖြစ်သော ဒါနကို ကုန်သည်ဆန်ဆန် အရောင်းအဝယ်လို သဘောထားရာ ရောက်ပေသည်။**

လောဘကိုအရင်းခံပြီးပြုသောဒါနသည် အို၊ နာ၊ သေမလွတ်သည့် လူ၊ နတ်၊ ချမ်းသာလောက်ကိုသာရပြီး အလောဘ (မငြိချင်မှု)ကို အရင်းခံသောဒါနသည်ကား လူ၊ နတ်၊ ချမ်းသာတို့သာမက အို၊ နာ၊ သေ လွတ်သည့် နိဗ္ဗာန်ချမ်းသာကိုပါ ပေးစွမ်းနိုင်ကြောင်းကို ဒါနပြုသူများ သိထားသင့်ကြသည်။

သို့သော် လောဘကား လူသားတစ်ယောက်ပင်၌သ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုကတည်းက ဘဝနိကန္တိလောဘဇောဟူသော အမည်နှင့် တစ်ခါတည်း ပါလာခဲ့ပြီးဖြစ်သည်။ တကူးတက ပြုစုပျိုးထောင် ပေးစရာမလိုသော မြက်၊ ခြုံပုတ်တို့ကဲ့သို့ဖြစ်သည်။ မလိုချင်မှု အလောဘသည်ကား သူတော်ကောင်းတရားကို ကြားနာအားထုတ်ပြီးမှ ရနိုင်သော ပြုစုပျိုးထောင်ပေးမှရသည့် အဖိုးတန် စားပင်၊ သီးပင်နှင့်တူပေသည်။

မြက်၊ ခြုံပုတ် ရှုပ်ပွနေသောမြေနေရာသည် ဘာမှ အသုံးမကျသကဲ့သို့ အတ္တလောဘကြီးမားသောလူသည်လည်း လောကအတွက် ဘာမှအသုံးမကျပေ။ မြက်၊ ခြုံပုတ်များရှင်းလင်းနေသောမြေနေရာသည် စားပင်၊ သီးပင်စိုက်ရန် အဆောက်အဦဆောက်ရန်အသုံးဝင်သကဲ့သို့ လောဘကင်းပြီးသော သို့မဟုတ် လောဘကင်းအောင် ကြိုးစားနေသောသူသည်လည်း လောကကို ကောင်းကျိုးပြုသော ပရဟိတသမားစစ်စစ် ဖြစ်သွားလေသည်။

လောကကို အပြည့်အဝ ကောင်းကျိုးပြုသူကား လောဘကုန်ပြီးသောသူ (ရဟန္တာ)သာဖြစ်သည်။ ဤကား လူသားတစ်ယောက်အတွက် အမြင့်ဆုံးထားရမည့် ရည်ရွယ်ချက်ဖြစ်၏။ မဖြစ်မနေ အနိမ့်ဆုံးထားရမည့် ရည်ရွယ်ချက်ကား လောကကို ဆိုးကျိုးလုံးလုံးမပေးတော့ဘဲ ကောင်းကျိုးတစ်စိတ်တစ်ဒေသပြုသည့် ရုပ်၊ နာမ်အပေါ် ငါစွဲကင်းသော (သောတာပန်)ဖြစ်ရန်သာဖြစ်သည်။

(မှတ်ချက်) လွယ်ကူသော အခြေခံဝိပဿနာကျင့်စဉ်အတွက် စာရေးသူရေးသားသော မဂ်တားဖိုလ်တားအန္တရာယ်များစာအုပ်ကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။



## မဟုတ္တာပ်တိုင်မတက်ချင်သူ

အရိယာမဖြစ်သေးသော်ငြားလည်း လောဘကို အလိုမလိုက်သည့် ရွက်ပုန်းသီး လူသူတော်စင်တစ်ဦးအကြောင်းကို လူထုဒေါ်အမာရေးသားသော မန္တလေးသူ၊ မန္တလေးသားများအကြောင်းစာအုပ်တွင် ဖတ်လိုက်ရသည့်အခါ လှိုက်လှိုက်လှဲလှဲ ပီတိဖြစ်မိသည်။ သူ၏အမည်ကား ဦးကျော်လှ။

သူ့ကိုပါါတော်မူပြီး နှစ်နှစ် ၁၂၄၉ ခုနှစ်တွင် ပျော်ဘွယ်မြို့နယ်၊ ရန်နောင်ကျေးရွာ၌ ဦးရွှေမောင်း၊ ဒေါ်နန်းရိပ်မှ မွေးဖွားသည်။ သူ့စိတ်ဓာတ်ကို အကဲခတ်နိုင်ရန် လူထုဦးလှထံသို့ သူရေးသားခဲ့သော စာကို ဦးစွာဖော်ပြပါမည်။

ရက်စွဲ (၁၅-၄-၆၇)

ဦးလှထံ

မန္တလေးမြို့နယ်၊ အစွန်နား၌ လူအိုရုံတစ်ခု အမြန်တည်ထောင်ရန် မ,တည်ဖို့အဖိုးကြီးတစ်ယောက်က အလှူငွေ နှစ်သောင်းကျပ်ထံ အပ်ထားသည်မှာ ကြာပါပြီ။ ထိုအလွန်မွန်မြတ်လှသော အလုပ်မျိုးဝါသနာပါပြီး စတင်တည်ထောင်မည့်ပုဂ္ဂိုလ်များ သတင်းစာမှ အထူးကြိုးစားရှာဖွေပြီး ကူညီရိုင်းပင်းရန် မေတ္တာရပ်ခံပါသည်။

မင်းကွန်း (လူအိုရုံ)နှင့်အပြိုင် လုံးဝမဟုတ်ဘဲ ကုသိုလ်ဒါနပြုလိုသူများ လွယ်ကူစွာ သွားရောက်ကြည့်ရှုစောင့်ရှောက်ကူညီပြုစုကြရန် ရည်ရွယ်ခြင်းမျှသာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ရှင်က သူ့အမည် "လုံး၀"မဖော်လိုပါ။ အစိုးရက ဤကုသ(ိုလ်)၊ ပရဟိတအလုပ်မြတ်ကို စတင်ဆောင်ရွက်နိုင်လျှင် အလွန်လွယ်ကူ အမြန်ထမြောက်မည်ကား မလွဲပါ။

ထိုငွေနှစ်သောင်းကို ကျပ်ထံ အလျှင်းဆက်လက်သိမ်းမထားလိုပဲ ဦးလှထံ ချက်ခြင်းပို့လိုက်ပါရစေ။ ဤကိစ္စကို အမြန်အောင်မြင်ရေးအတွက် ဦးလှကို အထူးအားကိုးလျက် ရှိနေပါကြောင်း စာထဲမှာပါတဲ့ ငွေနှစ်သောင်းလှူချင်တဲ့ အဖိုးကြီးတစ်ယောက်ဆိုတာ ဦးကျော်လှကိုယ်တိုင်ပါပဲ၊ အများသိအောင် အလှူရှင်နာမည်ရေးပြီး မဏ္ဍပ်တိုင်တက်ဖို့နေနေသာသာ လူရင်းဖြစ်တဲ့ လူထုဦးလှတို့ ဒေါ်အမာတို့ကိုတောင် သူလှူမှန်းမသိအောင် ဖုံးကွယ်ထားခဲ့တာပါ။

ဦးကျော်လှ မတည်ငွေနှစ်သောင်းရပြီး ရှစ်နှစ်အကြာမှာ မန္တလေးတောင်ခြေ၊ မန္တလေးဂေါက်ကလပ်ရဲ့ အနောက်ဘက်က ယောမင်းကြီးအုတ်ကျောင်းတောင်ဘက်မှာ မန္တလေး ဘိုးဘွားရိပ်သာကြီး ပေါ်ပေါက်လာခဲ့သည်။ အဘိုးအဘွား တစ်ရာနှစ်ဆယ် ကျော်နေနိုင်သော အဆောင်ကြီးလေးဆောင်၊ ထမင်းစားဆောင် နှစ်ဆောင်၊ တရားနာရန် ဓမ္မဗိမာန်ကြီးတစ်ခုနှင့် ထည်၀ါခမ်းနားသော ဘိုးဘွားရိပ်သာကြီးကို ၁၉၇၅ ခု၊ မတ်လ (၂၆)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

မန္တလေးလမ်း ၈၀ ပေါ် ၃၁ လမ်းနှင့် ၃၂ လမ်းကြားက အမှတ် ၁၄ ကျောင်းဆောက်ထားသော မြေနေရာ၊ မန္တလေး ပြည်သူ့ဆေးရုံကြီးမြောက်ဘက်ကပ်လျက် သုံးဆယ်၀င်းကြီး ၈၁ လမ်းနှင့် ၃၂ လမ်းထောင့်မှ တရားဇရပ်ကြီးတို့သည် ဦးကျော်လှ လှူထားခြင်းဖြစ်သည်။ လူထုဒေါ်အမာတို့ကဲ့သို့ ခင်မင်ရင်းနှီးသော လူရင်းတစ်ယောက်ပင် ဦးကျော်လှ လှူသမျှအကုန်မသိရပါ။



အလှူရှင်ကမှည်း မထိုးခြင်းအားဖြင့် ထိုအဆောက်အဦ ပျက်စီးသွားသောအခါ နောက်လူက အလွယ်တကူပြုပြင်နိုင်ခြင်း အကျိုးရှိသည်ကို ဦးကျော်လှ သဘောပေါက်ထားဟန်ရှိသည်။ ကျောင်းဇရပ်တစ်ခုပျက်စီး၍ ပြုပြင်ချင်လျှင် ကမှည်းထိုးထားသော မူလအလှူရှင်ကို မတွေ့တွေ့အောင်ရှာပြီး ခွင့်တောင်းရသော ထုံးစံရှိသည်။ တစ်ခါတစ်ရံ မူလအလှူရှင်ကို မတွေ့ရသဖြင့် ပြင်ချင်လျက်နှင့် မပြင်ရသော အဆောက်အဦများစွာရှိသည်။

မြန်မာအများစုသည် ဗုဒ္ဓဘာသာဖြစ်လျက် ဘုရားစကားကို နားမထောင်ဘဲ ဗေဒင်နက္ခတ်ဆရာတို့၏ စကားကိုသာ နားထောင်ကြသည်။ ထို့ကြောင့် အကုသိုလ်တိုမကြောက်ဘဲ လောကီအယူ အဆနှင့် အတိတ်၊ နိမိတ်တို့ကိုသာကြောက်သည်။ ကုသိုလ်ကို မဆောင်ဘဲ ဓာတ်၊ အင်း၊ ယတြာ၊ လက်ဖွဲ့တို့သာဆောင်သည်။

ထို့ကြောင့်လည်း ဗုဒ္ဓက အလှူဒါနပြုသောအခါ ကာလဒါန ဖြစ်အောင် လိုအပ်သောအခါမှာ လိုအပ်သောအရာကို ပေးလှူရမည်ဟူသော ဟောကြားချက်ကို နားမထောင်တော့ပေ။ ဗေဒင်ဆရာလှူခိုင်းသောနေရာမှာသာ ၀ိုင်းစုပြီး လှူကြတော့သည်။

ဗုဒ္ဓက အကုသိုလ်ကိုသာ အမင်္ဂလာဟုသတ်မှတ်သည်။ ဗေဒင်ဆရာက လူသေနှင့်ပတ်သက်သော နေရာကိုသာ အမင်္ဂလာဟုသတ်မှတ်သည်။ ဗုဒ္ဓဘာသာအများစုသည် ဗေဒင်ဆရာ၏စကားကိုသာ လက်ခံယုံကြည်ပြီး သင်္ချိုင်းနှင့်ပတ်သက်သောနေရာတွင် ဘာအလှူမှမပြုလုပ်ကြချေ။

အရှင်ယသ သည် တစ်ခုသောဘ၀က မြင်မကောင်းသော အသုဘရုပ်အလောင်းများကို မီးသင်္ဂြိုလ်ပေးခဲ့သောကုသိုလ် ကြောင့် ယခုဘ၀တွင် ပြည့်စုံချမ်းသာသော သူဌေးသား[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေရသော်လည်း အသုဘနိမိတ်ကိုရပြီး တောထွက်ခဲ့သောကြောင့် ဘုရားနှင့်တွေ့ပြီး ရဟန္တာဖြစ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာများ၏ မယောင်ရာဆီလူးပြီး အယူသည်းခဲ့ခြင်းကြောင့် ဘာသာခြားလူမျိုးများက အသုဘယာဉ်များထောင်ပြီး မြန်မာတို့၏ ငွေများကိုသိမ်းယူကြသည်။ ထိုငွေများသည် ဗုဒ္ဓဘာသာအမျိုးသမီးများကို အရယူပြီး သူတို့ဘာသာသို့ ဆွဲသွင်းရေးစီမံကိန်းကြီးအတွက် ရန်ပုံငွေဖြစ်သွားလေသည်။

ထိုအချက်ကို သတိထားမိဟန်တူသော ဦးကျော်လှက မီးသဂြိုလ်စက်တည်ထောင်ရေးကို စတင်ကြိုးစားသည်။ လူထုဦးလှကိုလည်း အကူအညီတောင်းသည်။ ထိုကမှတစ်ဆင့် အသုဘယာဉ်များအတွက်လည်း ဆက်လက်ကြိုးစားမှာ အသေအချာပင်။ သို့သော် ဦးကျော်လှ၏ ရည်ရွယ်ချက်သည် သူသေပြီးခြောက်နှစ်ခန့်ကြာမှသာ အကောင်အထည်ပေါ်ခဲ့သည်။

အသေဦးတော့မည်ကို သိသွားသော ဦးကျော်လှက သူသေလျှင် ပင်လာဈေးအနီးက တိုက်တစ်လုံးကိုရောင်းပြီး မီးသဂြိုလ်စက်အတွက် လှူဖို့မှာခဲ့သည်။ ၂၃-၄-၈၁ နေ့တွင် မန္တလေးမြို့၊ ခံကုန်းသုသာန်တွင် ဇနီးဒေါ်ဒေါ်ရွှေက မီးသဂြိုလ်စက်ကို လှူဒါန်းပေးခဲ့သည်။

ယခုအခါ ဝမ်းသာစရာကောင်းသည်ကား မန္တလေးမြို့တောင် စလင်းတိုက်သစ်ဆရာတော် ဓမ္မကထိက ဝါခင်းကုန်းဦးတိက္ခအရှင်မြတ်ကြီးက ကိုယ်ပိုင်အသုဘယာဉ်များ တည်ထောင်၍ အသုဘများကို သဒ္ဓါကြေးဖြင့်သာ ပို့ဆောင်ကူညီပေးလျက်ရှိသည်။ ယခုအခါ ဆရာတော်၏ ဟောပြောလမ်းပြမှုကြောင့် သဘောပေါက်လာကြသော မြို့သူမြို့သားများက ဝိုင်းဝန်းထောက်ပံ့



လှူဒါန်းနေပြီဖြစ်ကြောင်း သိရသည်။

ထိုကမှတစ်ဆင့် ပျဉ်းမနားမြို့တွင်လည်း ဗုဒ္ဓဘာသာပိုင် အသုဘယာဉ်တစ်စီးပေါ်ပေါက်နေပြီဖြစ်ကြောင်း လွန်ခဲ့သော (၇)နှစ်ခန့်က ကြားသိခဲ့ရသည်။

ယခုအချိန်ဆိုလျှင် ယာဉ်အရေအတွက်များ တိုးပွားနေမှာသေချာပေသည်။ ထိုကမှတစ်ဆင့် စာရေးဆရာဒါရိုက်တာဆရာကြီး ဦးသုခ၊ ဆရာဦးအောင်သင်း၊ ပါရမီစာပေမှ ဦးကျော်ဦးနှင့် တကွ အပေါင်းအပါမိတ်ဆွေများ စုပေါင်းကြိုးစားကြခြင်းကြောင့် ရန်ကုန်တွင်လည်း ဗုဒ္ဓဘာသာပိုင် အသုဘယာဉ်များ ပေါ်လာပေသည်။

ရန်ကုန်နယ်နိမိတ်အတွင်းမှ ငွေကြေးချို့တဲ့၍ မသဂြိုလ်နိုင်သော ရုပ်အလောင်းများကို အခမဲ့သယ်ယူသဂြိုလ်ပေးလျက်ရှိသည်။ ဗုဒ္ဓစကားနားထောင်ကြသော ကာလဒါနအလှူရှင်များ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သရပေသည်။

စာရေးဆရာချစ်စံဝင်းနှင့် လမင်းအိမ်ရေးသားသော နှလုံးသားစေတနာစာအုပ်တွင်လည်း စိတ်ထဲတွင် ငြိမ့်ကနဲ၊ သိမ့်ကနဲနေအောင် ပီတိဖြစ်ရပြီး ကြည်နူးမျက်ရည်များ စိမ့်ကျလုခမန်းဖြစ်ရပ်ကလေးများကို ဖတ်ရှုရသည်။ ပထမမှတ်မိသောဖြစ်ရပ်မှာ မဟာစည်ရိပ်သာကြီးအတွင်းမှ သရက်သီးများကိုခူးနေသူ တာဝန်ကျတစ်ဦးအား မဟာစည်ဆရာတော်ဘုရားကြီးက

"သရက်သီးတွေကို ကုန်အောင်ခူးမပစ်ပါနဲ့၊ ငှက်ကလေးတွေစားဖို့ ချန်ထားပါဦး၊ လူတွေက သစ်ပင်မှာမရှိတော့ရင် ဈေးထဲမှာဝယ်စားနိုင်ပေမယ့် ငှက်ကလေးတွေက လူတွေလို ဝယ်မစားနိုင်ကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြနေပုံဖြစ်သည်။ နောက်တစ်ခုမှာ ရှာသားတစ်ယောက်သည် ဘုန်းကြီးကျောင်းဝိုင်းအတွင်း သရက်ပင်မှသရက်သီးများကို လူအလစ်တွင် ဝင်ခိုးသည်။ နံနက်ဝေလီဝေလင်းတွင်မှ ဝင်ခိုးခြင်းဖြစ်သော်လည်း ရှာသားသည် အပူအပင်သိပ်မရှိ။ ကျောင်းဝင်းသရက်တောကြီးက အကျယ်ကြီးဖြစ်သောကြောင့် သူ့ကိုတွေ့ရန်မလွယ်ဟု သိနေ၍ဖြစ်သည်။

## သူခိုးအတွက်လေ့ကားထမ်းသူ

ရှာသားသည် အသင့်တွေ့ရသောလေ့ကားကို သရက်ကိုင်းတွင် ထောင်လိုက်ကာ လေ့ကားပေါ်မှ မတ်တပ်ရပ်ပြီး အချောဆုံး အလှဆုံးများကို သေချာရွေး၍ ခူးနေသည်။ ထိုအချိန်တွင် ဂုဏ်တော်ပွားရင်း လမ်းလျှောက်လာသော ဆရာတော်ကြီးသည် သရက်ပင်မှာ လေ့ကားတစ်စင်းထောင်ထားတာ တွေ့သွားသဖြင့် အနားသွားမော့ကြည့်လိုက်ရာ ဒကာကိုတွေ့သွားသည်။ ဆရာတော်ကြီးသည် ဘာမျှမပြောဘဲ လှည့်ပြန်မည်အပြုတွင် လေ့ကားမှ ဂွတ် ဟူသောအသံကြီးထွက်လာသည်။

ဆွေးနေသော လေ့ကားခြေတစ်ချောင်းက သူကျိုးကျတော့မည်ဖြစ်ကြောင်းကို သတိပေးလိုက်ခြင်းဖြစ်ပါ၏။ ရှာသား၏ ဘယ်နှင့်ညာတွင် စလွယ်သိုင်း၍လွယ်ထားသော ဧရာမလွယ်အိတ်ကြီး



နှစ်လုံးမှာလည်း ပြည့်ခါနီးလာပြီဖြစ်သဖြင့် ဝိတ်ကများသထက်များလာရာ လေ့ကားက မနိုင်တော့ဘဲ ကျိုးသွားခြင်းဖြစ်သည်။

ထိုအခါ ဆရာတော်ကြီးသည် ကျိုးသွားသော လေ့ကားခြေတစ်ချောင်းအောက် အလျင်အမြန် ဝင်လိုက်ပြီးလျှင် ပုခုံးဖြင့် ထမ်းထားလိုက်လေသည်။ အလုံးချောချောသရက်သီးများအပေါ် အာရုံကျနေသော ရှာသားမှာကား လေ့ကားကျိုးခြင်းကိုလည်းမသိ၊ ကျိုးသည့်လေ့ကား ခြေထောက်နေရာတွင် ဆရာတော်ကြီးက သူလိမ့်မကျရန် ထမ်းပေးထားခြင်းကိုလည်း မသိပေ။

အတန်ကြာသောအခါ အလုပ်ကြမ်းမလုပ်ရသဖြင့် နူးညံ့နေသော ဆရာတော်၏ပုခုံးသားများမှာ အိတ်နှစ်လုံးနှင့် ရှာသား၏ အလေးချိန်ကို မခံနိုင်တော့ဘဲ ပေါက်ပြဲ၍ အရေပြားစုတ်ကာ သွေးပင်ထွက်လာသည်။ ထိုအခါကျမှ ဆရာတော်ကြီးက

"ဟဲ့ . . . ဒကာတော်၊ မလုံလောက်သေးဘူးလား၊ လေ့ကားထမ်းထားရတဲ့ ငါ့ပုခုံးတော့ပေါက်ကုန်ပြီ"

ဟု လှမ်းပြောသည်။ ထိုအခါကျမှ ရှာသားသည် အောက်ငုံကြည့်လိုက်ရာ ခြေတစ်ဖက်ကျိုးနေသော လေ့ကား ထိုလေ့ကားအကျိုးနေရာတွင် ပုခုံးဖြင့်ထမ်းကာရပ်နေသော ဆရာတော်ကို တွေ့သွား၏။ ရှာသားမှာ သူ့အပြစ်အတွက် ကြောက်လန့်ခြင်း၊ ဆရာတော်၏ အနစ်နာခံမှုအတွက် အံ့ဩလွန်းခြင်းကြောင့် ဘာမျှမပြောနိုင်ဘဲ တစ်လှမ်းခြင်းဆင်းလာသည်။

ခွင့်လွှတ်ခြင်းသည် အပြစ်ပေးခြင်းထက် အောင်မြင်သည် ဟူသော စကားသည် မှန်ပေစွ။ ရှာသားသည် မြေပြင်ပေါ်ရောက်သည်နှင့် သရက်သီးအိတ်နှစ်အိတ်ကို ဆရာတော်ရှေ့ချပြီးပြန်အပ်

www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်ရည်တွေတွေကျလာပြီး "တပည့်တော်နောက်ကို ဘယ်တော့မှ မခိုးတော့ပါဘူးဘုရား"ဟု လျှောက်၏။

ဆရာတော်က

"ငါ့ကိုပြန်မပေးပါနဲ့၊ မယူပါဘူး၊ မင်းကုသိုလ်ရချင်ရင်တော့ ဘုရားကို သုံးလေးလုံးလှူသွားပေါ့"

ဟုသာ ပြောရှာသည်။ ရွာသားသည် ဘုရားကို သရက်သီးလှူပြီးသည်နှင့် ကျောင်းထဲမှ သုတ်ခြေတင်တော့သည်။ ထိုရွာသားသည် နောင်ဘယ်သောအခါမှ ဆရာတော်၏ကျောင်းထဲ သရက်သီးလာခိုးတော့မည်မဟုတ်ချေ။

နူးညံ့သောမှိုပွင့်သည် ခက်မာသောမြေကို ဖောက်ထွင်းနိုင်သည်။ နူးညံ့ပျော့ပြောင်းသော ရေသည် ခက်မာကြမ်းတမ်းသော ကျောက်ဆောင်ကျောက်ခဲများကို သဲမှုန်လေးများဖြစ်သွားအောင် တိုက်စားနိုင်သည်။

ထို့အတူ သူတော်စင်၏ နူးညံ့သိမ်မွေ့သော နှလုံးသားသည် သူမိုက်၏ ခက်ထန်ကြမ်းတမ်းသော နှလုံးသားကို နူးညံ့သိမ်မွေ့လာစေနိုင်ပေသည်။

(အရှင်အာစိဏ္ဏ-တောပုရွာ-မြင်းခြံ)



## သောတာပန်ဖြစ်ချင်သော မဟတ္တမဂန္ဒီ

ကိုယ်ကျိုးမရှာသော၊ အနစ်နာခံသော နိုင်ငံရေးသမားသည် ကမ္ဘာတစ်ဝန်းလုံးတွင် လက်ချိုးရေတွက်၍ ရလောက်အောင် နည်းပါး၏။ မဟတ္တမဂန္ဒီသည် ထိုအထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ တစ်ခါတွင် မဟတ္တမဂန္ဒီသည် ရထားစီးရင်း ဖိနပ်တစ်ဖက် ပြုတ်ကျသွားသည်။ ပြန်မရနိုင်သည်ကိုသိသွားသော ဂန္ဒီသည် နောက်တစ်ဖက်ကိုပါ ဖြုတ်ချခဲ့သည်။

ဘေးမှလူက ဘာ့ကြောင့် ထိုသို့လုပ်ရသနည်းဟု မေးသောအခါ ဖိနပ်ကိုရသူသည် နှစ်ဘက်ဖြစ်မှစီးရမည်ဖြစ်သောကြောင့် ကျန်တစ်ဘက်ကိုပါ ချွတ်ချခဲ့ခြင်းဖြစ်ကြောင်း ဂန္ဒီက ရှင်းပြသည်။ ဂန္ဒီကြီးသည် သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခံရ၍ သေခါနီးတွင်လည်း သူ့ကိုသတ်သူအား အပြစ်မယူကြရန် တောင်းပန်သွားခဲ့သည်။

မဟတ္တမဂန္ဒီကိုယ်တိုင်ရေးသားခဲ့သည့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် ထူးခြားလေးနက်သော အတွေးအခေါ်လေးတစ်ခုကို မှတ်သားခဲ့ရသည်။ သူတောင် အာဖရိကတွင်ရှိစဉ်က ဖြစ်၏။ တစ်နေ့တွင် ဖန်ဆင်းရှင် (ထာဝရ) (ကြာသရနိဗ္ဗာန)ဝါဒကို ယုံကြည်သော ဘာသာဝင်တစ်ဦးက ဂန္ဒီကိုလာပြောသည်မှာ -

"ဂန္ဒီ တျွန်တော်တို့ဘာသာတိုဝင်ပါ။ ကျွန်တော်တို့ဘာသာဝင်ဖြစ်သွားရင် မကောင်းတာတွေဘယ်လောက်လုပ်လုပ် ဘာအပြစ်မှ မခံရဘူး၊ ထာဝရဘုရားက အကုန်တာဝန်ယူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂန္ဓိက

"ကျွန်တော်က မကောင်းတာတွေလုပ်ပြီးမှ အပြစ်မခံရအောင် လုပ်ပေးတာကိုမကြိုက်ဘူး၊ ကျွန်တော်စိတ်ထဲမှာ မကောင်းတာ မလုပ်ဖြစ်အောင် လုပ်ပေးတာကိုပဲ ကြိုက်တယ်"

ဟု ပြောခဲ့သည်။ ဂန္ဓိဖြစ်ချင်သော မကောင်းတာတွေလုပ်ချင်စိတ်ဖြစ်မလာအောင် တတ်နိုင်သောအရာမှာ သောတာပတ္တိမဂ်စိတ်သာရှိသည်။ သောတာပန်ဖြစ်မှသာလျှင် ငါးပါးသီလကို တကယ်လုံခြုံသွားသည်။ သူတော်ကောင်းပုထုဇဉ်လည်း ငါးပါးသီလလုံသည်။ သောတာပန်လည်း ငါးပါးသီလလုံသည်။ သို့သော် လုံပုံခြင်းမတူပေ။

သူတော်ကောင်းပုထုဇဉ်ငါးပါးသီလလုံခြင်းသည် သိက္ခာကျမှာကြောက်၍၊ အပြစ်ဒဏ်ကိုကြောက်၍ အပါယ်ကျမှာကြောက်၍ လုံခြင်းဖြစ်သည်။ ကျူးလွန်ချင်ရက်သားနဲ့ အောင့်အည်းနေရခြင်းဖြစ်သည်။ ထို့ကြောင့် သီလကို ဖောက်ဖျက်သည့်အတွက် သိက္ခာမကျ၊ အပြစ်မရ၊ အပါယ်မကျဘူးဆိုလျှင် ဖောက်ဖျက်မည်သာဖြစ်သည်။

သောတာပန်အရိယာငါးပါးသီလလုံခြင်းသည် သီလကိုဖောက်ဖျက်ချင်သော စိတ်စေတနာပေါ် ပေါက်မလာသောကြောင့်သာ လုံခြုံခြင်းဖြစ်၍ အောင့်အည်းပြီး စောင့်ထိန်းရခြင်းမဟုတ်ပေ။ ထို့ကြောင့် သီလကို ဖောက်ဖျက်သည့်အတွက် သိက္ခာမကျ၊ မပြစ်မကျ၊ အပါယ်မကျဘူးဆိုလျှင်လည်း ဖောက်ဖျက်မည်မဟုတ်ပေ။

ဗုဒ္ဓလက်ထက်က ကောသမ္ဗီပြည်တွင် ခုဇ္ဇုတ္တရာအမည်ရှိသော ကျွန်မတစ်ယောက်ရှိသည်။ သူသည် သာမာဝတီမိဖုရားကြီးကို နေ့စဉ် ပန်းရှစ်ကျပ်ဖိုး အမြဲဝယ်၍ ဆက်သရသည်။



လေးကျပ်၊ လေးကျပ်ကိုလည်း နေ့တိုင်းခိုးထားသည်။ သူ့ခိုးယူမှုသည် ပိရိသဖြင့် ဥတေနမင်းကြီးနှင့်တကွ နန်းတော်သူနန်းတော်သားအားလုံး မည်သူမှမသိချေ။ တစ်နေ့တွင် ဗုဒ္ဓ၏တရားကိုနာကြားရ၍ သောတာပန်တည်သွားသည်။ သူသည် ထိုနေ့မှစ၍ ငွေလေးကျပ်ကို မခိုးတော့ပဲ ရှစ်ကျပ်ဖိုးလုံး အပြည့်ဝယ်ပြီးဆက်သည်။

ထိုသို့မခိုးခြင်းသည် ခိုးချင်စိတ်မရှိတော့၍ မခိုးခြင်းဖြစသည်။ နှစ်ဆများနေသော ပန်းတွေကိုကြည့်ပြီး သာမာဝတီမိဖုရားက မေးမြန်းသောအခါ တရားမသိခင်က ငွေလေးကျပ်ကို နေ့စဉ်ခိုးမိ၍၊ တရားသိသွားသောအခါ ခိုးချင်စိတ်မရှိတော့၍ မခိုးခြင်းဖြစ်ကြောင်းများကို လိမ်ညာခြင်းမပြုဘဲ အမှန်အတိုင်းပြောပြသည်။

အမှန်အတိုင်းပြောပြလျှင် သေဒဏ်ပေးရောက်နိုင်သည်ကို သူသိသည်။ သို့သော် အသက်ထက် သီလကို တန်ဖိုးထားခြင်းသည် ပုထုဇဉ်များမှာမရှိသော အရိယာများမှာသာရှိသော ဂုဏ်သတ္တိထူးတစ်ခုပင်ဖြစ်သည်။ ဤနေရာ၌ ခုဇ္ဇုတ္တရာသည် ဆက်ခိုး၍ရသည်။ သို့သော်မခိုး။

ဤသို့ မခိုးခြင်းသည် အောင့်အည်း၍ စောင့်ထိန်းခြင်းမဟုတ်၊ မခိုးချင်လို့ကို မခိုးခြင်းဖြစ်သည်။ မိဖုရားကို လိမ်ညာပြော၍ရသည်။ သို့သော်မပြော၊ ဤသို့ လိမ်မပြောခြင်းသည် အောင့်အည်း၍ စောင့်ထိန်းခြင်းမဟုတ်၊ လိမ်မပြောချင်လို့ကို လိမ်မပြောခြင်းဖြစ်သည်။

ထို့ကြောင့် မဟာတ္တမဂန္ဓိက စိတ်ထဲမှာ မကောင်းတာမလုပ်ဖြစ်အောင် လုပ်ပေးတာကိုပဲ ကြိုက်တယ်ဟုပြောခြင်းသည် သောတာပန်ဖြစ်ချင်သည်ဟု ပြောတာနှင့်အတူတူပဲဖြစ်သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်ဖြစ်ချင်သော မဟာတ္တမဂန္ထိဟု ခေါင်းစီးတပ်လိုက်ခြင်းဖြစ်သည်။

မှတ်ချက်။ ဥဇ္ဇုပ္ပတ္တရာ၏ ဇာတ်ကြောင်းအကျယ်နှင့်သုံးသပ်ချက် အတွေးအခေါ်များကို မဂ်တားဖိုလ်တား အန္တရာယ်များ စာအုပ်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

## မခိုးချင်၍ အလုပ်ထွက်သူ

ခုဇ္ဇုတ္တရာလို ပုဂ္ဂိုလ်တစ်ယောက်ကို ရွှေပြည်သာမြို့၌ တွေ့ခဲ့ရသည်။ သူ့အမည်ကို ကိုစိန်ထွန်းဟုခေါ်သည်။ သူ့အဖြစ်ကား အံ့ဩစရာလည်းကောင်း၏။ လောက၌ရှိသည်မှာ ခိုး၍အလုပ်ထုတ်ခံရသူ၊ အလုပ်ထွက်ရသူ ကိုစိန်ထွန်းကား မခိုးချင်၍ အလုပ်မှထွက်ခဲ့သူဖြစ်၏။

အိမ်ထောင်မပြုဘဲ မိဘနှစ်ပါးကို လုပ်ကျွေးနေသူဖြစ်၏။ သူ့အောက်တွင် နှမသုံးယောက်ရှိသည်။ မိသားစုအားလုံးအတွက် သူရသောလခကို တစ်ပြားမကျန်အပ်သည်။ သူ့အတွက်ဆိုလျှင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းပင်မရှိချေ။ သူသည် ဘာသာရေးစာပေများကို လေ့လာဖတ်ရှုရာမှတစ်ဆင့် တရားဘက်သို့ ရောက်လာသည်။

မရေနိုင်၊ မတွက်နိုင်အောင် ဘဝများစွာ ကျင်လည်ခဲ့ရသော လူသားတစ်ယောက်အနေနှင့် မိုက်တဲ့ဘဝလည်းဖြစ်ခဲ့မည်။ လိမ္မာ



တဲ့ဘဝလည်း ဖြစ်ခဲ့မည်။ ထို့ကြောင့် မိုက်သောဘဝက အပါယ်ကျမည့် အကုသိုလ်ကံများကိုပြုခဲ့၍ လိမ္မာသောဘဝက လူ့ချမ်းသာ၊ နတ်ချမ်းသာရမည့် ကုသိုလ်ကံများကို ပြုခဲ့မည်။ ကုသိုလ်ကံကြောင့် လူ့နတ်ချမ်းသာကို ခံစားရခြင်းသည် အရေးမကြီး။

အကုသိုလ်ကံကြောင့် အပါယ်ငရဲခံရမည့်ကား အရေးကြီးသည်။ ယခုဘဝစိတ်နေစိတ်ထား အပြုအမူတို့ကိုထောက်ထား၍ ဘဝတစ်လျှောက်ပြုခဲ့သော ကံနှစ်မျိုးတို့တွင် အကုသိုလ်ကံကများမှာ သေချာနေသည်။ ပျော်ပွဲ၊ ရွှင်ပွဲ၊ ပွဲလမ်းသဘင်မျိုးစုံဆိုလျှင် စိတ်က အလိုလိုဝင်စားသည်။ ဖိတ်ကြားစရာမလို၊ မိမိဖာသာ တွေ့အောင်ရှာသွားသည်။

တရားပွဲလိုဟာမျိုးဆိုလျှင်ကား နိဗ္ဗာန်ဆော်များကလည်း၊ ချောင်းတွဲအောင် အော်ဖိတ်နေသည့်တိုင်အောင် သွားချင်စိတ်မရှိ။ ကလေးအရွယ်ဆိုလျှင် လေးခွဖြင့် ငှက်ကဲ့သို့သော တိရစ္ဆာန်လေးများကို အပျော်သတ်သည်။ လူကြီးအရွယ်ရောက်ပြန်တော့လည်း သေနတ်ဖြင့် သမင်၊ ဒရယ်ကဲ့သို့ကြီးသော တိရစ္ဆာန်များကို အပျော်သတ်ပြန်သည်။

တိရစ္ဆာန်များပြုစုစောင့်ရှောက်ရေးအသင်း၊ အသားမစားရေးအသင်းများသို့ကား ဝင်ရောက်ကူညီဖို့နေနေသာသာ အလှူငွေပင်မထည့်ချင်။ လူသားတစ်ယောက်၏ ဤအပြုအမူများကိုထောက်၍ ဘဝတစ်လျှောက်ပြုခဲ့သော ကံနှစ်မျိုးတွင် အကုသိုလ်ကံကများသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ဒါန၊ သီလဟူသော လောကီကုသိုလ်များသည် ကုသိုလ်အသစ်တိုးစေမည်မှာ မှန်သော်လည်း ဘဝအဆက်ဆက်ကပြုခဲ့သည့် အပါယ်ဆွဲချမည့် အကုသိုလ်ကံများကိုကား ပယ်ဖျောက်

www.burmeseclassic.com



ပေးနိုင်စွမ်းမရှိချေ။ ဝိပဿနာပညာ၊ မဂ်ပညာသည်သာလျှင် ဘဝအဆက်ဆက်ကပြုခဲ့သည့် အပါယ်ဆွဲချမည့် အကုသိုလ်ကံများကို ပယ်သတ်ပေးနိုင်သည်။

ထို့ကြောင့် ငါသည် ဒါန၊ သီလ၊ သမထတရားတင်မကဘဲ ဝိပဿနာတရားကိုလည်း နာကြားအားထုတ်မည်။ ဗုဒ္ဓသည် ဝေနေယျသတ္တဝါများ အို၊ နာ၊ သေလွတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန်အတွက် ပွင့်တော်မူလာခြင်းဖြစ်သည်။ ငါသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန် ဝိပဿနာတရားကို နာကြားအားထုတ်မှ မြတ်စွာဘုရားကို ကျေးဇူးဆပ်ရာရောက်မည်။

ဗုဒ္ဓသည် မဂ်ဖိုလ်ရနိုင်သည့် သာသနာကို နှစ်ပေါင်းငါးထောင်ထားခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၄၀၀ ကျော်သာ ကျန်တော့သည်။ ထိုကျန်သောနှစ်ပေါင်း ၂၄၀၀ ကျော်သည် ငါနှင့်အကုန်လုံးဆိုင်သည်မဟုတ်၊ ငါမသေမီအချိန်လေးသာဆိုင်ခြင်းဖြစ်သည်။ ငါဆယ်ရက်နေရလျှင် သာသနာသည် ငါနှင့်ဆယ်ရက်သာဆိုင်သည်။

ငါယနေ့သေမည်ဆိုလျှင် မနက်ဖြန်သာသနာသည် ငါနဲ့မဆိုင်တော့ပေ။ ထို့ကြောင့် ငါသည် အသေမဦးမီ ဉာဏ်ဦးအောင်ကြိုးစားမည်။ ဝိပဿနာတရားနည်းလမ်းသည် လေးမျိုးရှိသည်။ ယင်းတို့ကား -

၁။ ဒုက္ခပဋိပဒါဒန္ဓာဘိညာ - ဆင်းဆင်းရဲရဲကျင့်ရ၍ မဂ်ဖိုလ်ရသောအခါ ဖြည်းဖြည်းနှေးနှေးမှ ရသောနည်း။
၂။ ဒုက္ခပဋိပဒါခိပ္ပါဘိညာ - ဆင်းဆင်းရဲရဲကျင့်ရသော်လည်း မဂ်ဖိုလ်ကို မြန်မြန်ရစေသောနည်း။



၃။ သုခပဋိပဒါဒန္ဓာဘိညာ - ချမ်းချမ်းသာသာကျင့်ရပြီး မဂ်ဖိုလ်ကို တဖြည်းဖြည်းရစေသောနည်း။
၄။ သုခပဋိပဒါခိပ္ပါဘိညာ - ချမ်းချမ်းသာသာ ကျင့်ရပြီး မဂ်ဖိုလ်ကို မြန်မြန်ရစေသောနည်းတို့ဖြစ်သည်။

သူသည် ကျမ်းစာအုပ်နှင့် ဆရာကောင်းများ၏ လမ်းပြမှုကြောင့် လေးခုမြောက် အကောင်းဆုံးဝိပဿနာကျင့်နည်းကို ရရှိသွားခဲ့သည်။ ထိုနည်းသည် မြန်မာပြည်လွတ်လပ်ရေးမရမီ သုံးလလောက်ကတည်းက ပေါ်ပေါက်ခဲ့သော ပခုက္ကူဝိပဿနာသင်တန်းနည်းဖြစ်သည်။

နယဒေသက ဆရာကြီး ဦးကြင်ရွှေက အိမ်စီးပွားရေးမပျက်ဘဲ တရားရရှိအောင် ပရိယတ်၊ ပဋိပတ်တွဲဖက်၍ လူပြိန်းများပါနားလည်အောင် နည်းစနစ်ကျကျ ဟောကြားထားခြင်းဖြစ်သည်။ ဆရာကြီးကား မရှိတော့ပေ။ တစ်နေ့လျှင် တစ်ခွေသာ နာရသည်။ ခွေပေါင်း ၃၆၅ ခွေရှိသည်။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ထဲမှ မဂ်ဖိုလ်ရမည့် တရားအားလုံးကုန်အောင် ဟောထားခြင်းဖြစ်သည်။ ဝိပဿနာ၏အခြေခံပညတ်၊ ပရမတ်၊ ထိုနောင်ရုပ်နာမ်၊ ခန္ဓာငါးပါး၊ အာယတနမာတ်၊ စိတ်ဖြစ်ပုံ ဝီထိစဉ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပွားပုံအကျယ်၊ ဉာဏ်စဉ်ဆယ်ပါး အဆင့်ဆင့်တက်ပုံ၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်အကြောင်းတို့ဖြစ်သည်။

ကိုစိန်ထွန်းသည် ပခုက္ကူဝိပဿနာသင်တန်းတရားကို သုံးနှစ်နာပြီးသည်နှင့် မိဘများကို စကားစပ်တိုင်း တောထွက်ခွင့်ပြုရန် ခွင့်တောင်းလာသည်။ မိဘများက ကိုစိန်ထွန်းနာနေသောတရားကို ရိုးရိုးကုသိုလ်ရရုံ သုတ္တန်တရားဟုသာ ထင်နေသည် ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တောထွက်မည်ဟုပြောလာသောအခါ တကယ်ထွက်မည်မထင်သဖြင့် ထွက်ချင်သည့်အချိန်ထွက်ပါဟူ၍ ခွင့်ပေးကြသည်။

တရားရှိလာသော ကိုစိန်ထွန်း၏ရိုးသားမှုမှာ သူတို့ဌာနတစ်ခုလုံးတွင် ထင်ရှားလာသည်။ ရာထူးအဆင့်ဆင့်လည်း တက်လာရာ ထိုဌာနတွင် သူ့အထက်က တစ်ယောက်သာရှိတော့သည်။ ကိုစိန်ထွန်းရသောနေရာသည် ဘေးပေါက်ကောင်းကောင်းရသောနေရာဖြစ်သည်။ အန္တရာယ်ကင်းရှင်းစွာဖြင့် တစ်လငါးသိန်းခန့်ခိုးယူနိုင်သည်။

ထိုနေရာရဖို့အတွက် လာဘ်များစွာထိုးရသည်။ ကိုစိန်ထွန်းလိုဘွဲ့ရတွေ ဌာနတွင် များစွာရှိသည်။ သို့သော် ကိုစိန်ထွန်းလိုရိုးသားသူကား နည်းလှသည်။ ကိုစိန်ထွန်း၏ ရိုးသားမှုကြောင့်ထိုနေရာသို့ ရောက်လာရသည်ဆိုလျှင် မမှားပေ။ သို့သော် သူ့အထက်ကအရာရှိကား ကိုစိန်ထွန်း ထိုနေရာသို့ရောက်လာသည်ကိုလုံးလုံးမကျေနပ်။

ကိုစိန်ထွန်းသာ သူနှင့်အလိုက်တသိပူးပေါင်းလျှင် ရပေါက်တွေ အများကြီးဖြစ်သည်။ ယခု ကိုစိန်ထွန်းကား ရပေါက်နှင့်ပတ်သက်၍ ပါးစပ်ပင်မဟ။ ကိုစိန်ထွန်းဘက်မှ ဘယ်လိုမှမစသောအခါ သူ့ဘက်က စရတော့သည်။ ကိုစိန်ထွန်းက လျှာမြက်ပေါက်ချင် ပေါက်ပါစေ။ ဒါမျိုးတော့မလုပ်ဟု အမှန်အတိုင်းပြောသောအခါ လုပ်ချင်နေသော အထက်အရာရှိမှာ နံဘေးပိသာလေးနှင့်အပစ်ခံရသလို နာသွားသည်။

ထိုနေ့မှစ၍ ကိုစိန်ထွန်း ဤဌာနတွင် နေမရအောင် နည်းမျိုးစုံဖြင့် ပညာရှိနှိပ်စက်နည်း နှိပ်စက်တော့သည်။ ကိုစိန်ထွန်းကားထိုအရာရှိကို စိတ်မဆိုးတော့၊ ကျေးဇူးသာတင်ပစ်လိုက်သည်။ ငါ



မြန်မြန်တောထွက်ဖြစ်အောင် ပါရမီဖြည့်တာဟူ၍၊ နှမသုံးယောက်ကလည်း အရောင်းအဝယ်တတ်နေကြပြီ။

အိမ်အတွက်စိတ်ချသွားပြီဖြစ်သော ကိုစိန်ထွန်းသည် အလုပ်ဌာနကိုလည်းကောင်း၊ အိမ်ကိုလည်းကောင်း အသိမပေးတော့ဘဲတောထွက်သွားပါတော့သည်။ သူ့မြို့မှာကား ရဟန်းတက်၍ မသွားပေ။ တစ်မြို့မြို့တွင် ရဟန်းတက်မည်ဟု ခန့်မှန်းရသည်။ ယခုဆိုလျှင် ကိုစိန်ထွန်း တောထွက်သွားသည်မှာ ငါးနှစ်ခန့်ရှိသွားပေပြီ။ သူဘယ်မှာရှိနေကြောင်း မည်သူ့ကိုမျှ အသိမပေးသေးပေ။

နိဂုံးချုပ်အားဖြင့် စာရှုသူအား တိုက်တွန်းချင်သည်မှာ ကိုယ်ကျင့်သီလသိက္ခာကို အောင့်အည်းစောင့်ရသော ဒုက္ခမှ လွတ်ကင်းစေရန် ဝိပဿနာတရားကို နာကြားအားထုတ်ပါဟူ၍။

## စာရိတ္တ သူဌေးမလေး

ထီးချိုင်မြို့၊ နံနက်စျေးအချိန်ပင်ဖြစ်သည်။ လူဆယ့်လေးငါးယောက်ခန့်သည် ရှိုက်ကြီးတငင် ငိုကြွေးနေသော အသက်၄၈ဆယ်ကျော်ခန့်ရှိသော အမျိုးသမီးတစ်ဦးကို ဝိုင်းဝန်းကြည့်ရှုမေးမြန်းနေသည်။ ထိုအချိန်မှာပင် အသက်ငါးဆယ်ကျော်ခန့်ရှိသော အမျိုးသမီးကြီးတစ်ဦးသည် များလာသော လူအုပ်ကြီးထဲတိုးဝင်လိုက်ကာ လှမ်းကြည့်ရင်း

"ဟယ် . . . ငါ့အိမ်ဘေးက မိဌေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးနှင့်အတူ ငိုရှိုက်နေသော အမျိုးသမီးထံ ရောက်အောင်သွားပြီး

"ဟဲ့ . . . မိငွေး ညဉ်းဘယ်လိုဖြစ်လို့လည်း ပြောစမ်းပါဦး"

ဟု မေးလိုက်ရာ ငိုရှိုက်နေသော အမျိုးသမီးသည် မျက်ရည်များနှင့် တစ်ချက်မော့ကြည့်လိုက်ပြီး -

"ကြီးကြီးမြရယ်၊ ကျွန်မကိုကယ်ပါဦး၊ အိမ်ပြန်ရင် ကိုကိုအုန်းက ရိုက်မှာသေချာတယ်၊ ကျွန်မ မပြန်ရဲတော့ဘူး၊ ဟင့် ဟင့် အီး"

"ဟဲ့ . . . . ကယ်တာကတော့ တတ်နိုင်သမျှ ကယ်ရမှာပေါ့။ အခုညဉ်းဖြစ်တာကို သေချာပြောပြစမ်းပါဦး"

"ကျွန်မ ဈေးရင်းဖို့ငွေသုံးထောင်ကျော်ကို ကိုကိုအုန်းက တာဝန်ခံပြီး ချေးပေးလိုက်တာပါ။ အခု ဈေးကိုအလာ ဘယ်နားမှာ ကျခဲ့တယ်မသိဘူး။ အိတ်လိုက်ကို ပျောက်သွားတာ ကြီးကြီးမြရဲ့ အဟင့် . . . အဟင့်"

"အေး . . . ညဉ်းငိုမယ်ဆိုလည်း ငိုစရာပဲ၊ ငွေသုံးထောင်ကျော်ဆိုတာ နည်းတာမဟုတ်ဘူး၊ ကျမယ်ထင်တဲ့ နေရာတွေ လျှောက်မရှာဘူးလား"

"ထင်တဲ့နေရာတွေလည်း ရှာတာနဲ့နေပါပြီ။ ဘယ်မှာမှ မတွေ့ဘူး"

**မှတ်ချက်**။ ဤဖြစ်ရပ်သည် ၁၉၈၃ ခုနှစ်ကဖြစ်၍ ၁၉ နှစ်ခန့် ကြာညောင်းခဲ့ပေပြီ။ ထိုစဉ်က ငွေသုံးထောင်သည် ယခုခေတ်ငွေနှင့်ဆိုလျှင် သုံးသိန်းခန့်ရှိပေသည်။ ထီးချိုင့်နတ်စိုးရေးသားပြီး ဓမ္မဒူတစာအုပ်တွင် ဖတ်ခဲ့ရခြင်းဖြစ်သည်။

ကြီးကြီးမြလည်း

"ဒုက္ခပါပဲဟယ်"



ဟုသာ ငြီးနိုင်တော့သည်။ ဘာမှမတတ်နိုင်။ အကြောင်းစုံ သိသွားသော ကြည့်နေသူများက

"ပိုက်ဆံအိတ်ကျပျောက်လို့တဲ့"

"သူများဆီကဈေးရင်းဖို့ ချေးလာတာဆိုပဲ"

"ယောက်ျားသိရင် အရိုက်ခံရဦးမှာပဲ"

"သနားစရာပါအေ"

စသော စကားမျိုးစုံကို ပြောဆိုဝေဖန်နေကြသည်။ ထိုခဏမှာပင် အဝတ်အစားခပ်နွမ်းနွမ်းနှင့် ခြင်းတစ်လုံးကို ဆွဲထားသော အမျိုးသမီးတစ်ယောက်သည် ထီးချိုင့်ဈေးတန်းထဲသို့ ဝင်လာသည်။ သူကား ထီးချိုင့်မြို့နယ်၊ သခွပ်ချောင်ရွာနေ မတင်မေဖြစ်သည်။ မတင်မေသည် လူအုံနေရာသို့ရောက်သွားပြီး ခဏရပ်ကြည့်နေမိသည်။

ကြည့်နေသူများထဲမှ ပိုက်ဆံအိတ်ကျပျောက်လို့တဲ့ဟူသော အသံကို ကြားလိုက်ရသည်နှင့် မတင်မေသည် ငိုကြွေးနေသူထံသို့ အတင်းတိုးဝင်သွားကာ အနားရောက်သည်နှင့်

"ပိုက်ဆံအိတ်ပျောက်တယ်ဆိုတာ အစ်မလားဟင်"

"ဟုတ် . . . ဟုတ်ပါတယ်၊ အင့် . . . အင့် အီး"

မငွေးက ငိုသံတစ်ဝက်နှင့် ပြန်ဖြေသည်။ ထိုအခါ မတင်မေသည် သူ့ခြင်းထဲမှ ပိုက်ဆံအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်ပြီး

"ဒါဆို ဒီအိတ်လားမသိဘူး၊ ကြည့်ပါဦးရှင်"

ဆိုကာ ထိုးပေးလိုက်သည်။

ပိုက်ဆံအိတ်ကိုမြင်လိုက်သည်နှင့် မငွေး၏ မျက်ရည်များသည် ချက်ခြင်း အကျရပ်သွားပြီး

"ဟင် . . . ဟုတ်ပါတယ်ရှင်၊ ဒီပိုက်ဆံအိတ်ပါပဲ၊ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်တာ၊ ရှင်ဟာ ကျွန်မတို့မိသားစုအားလုံးရဲ့ ကျေးဇူးရှင်ကြီး ပါပဲ ရှင့်ကို ကန်တော့ပါရစေ"

"အို . . . အိုမကန်တော့ပါနဲ့ရှင်၊ ကျွန်မအသက်က ခုမှ သုံးဆယ်ကျော်ပဲရှိပါသေးတယ်၊ အစ်မက အသက်ကြီးမှာပါ၊ ကျွန်မ ငရဲကြီးနေပါ့မယ်၊ အစ်မပိုက်ဆံတွေပြန်စစ်ကြည့်ပါဦး၊ ကျွန်မတော့ ဖွင့်တောင်မကြည့်ခဲ့ပါဘူး၊ ဈေးကိုအလာ လှည်းလမ်းကြားထဲက ကောက်တွေ့ခဲ့တာပါ"

"အို စစ်စရာမလိုပါဘူး၊ ညီမက ရိုးရိုးသားသားတောင် ပြန်ပေးလာတဲ့ဟာကိုး"

"မဟုတ်ဘူး မိဋ္ဌေး လာပေးတဲ့သူ စိတ်ချမ်းသာအောင် စစ်တော့ကြည့်လိုက်ပါ"

ဟု ကြီးကြီးမြက ဝင်ပြောသဖြင့် ရေတွက်ကြည့်ရာ ပါသွားသော ငွေသုံးထောင်ကျော်အတိုင်း အတိအကျဖြစ်သည်။ မတင်မေ၏ အဝတ်အစားကိုကြည့်၍ နွမ်းပါးသူတစ်ယောက်ဖြစ်ကြောင်း မဋ္ဌေးက ရိပ်မိသည်။ ပစ္စည်းဥစ္စာဆင်းရဲသလောက် စာရိတ္တချမ်းသာသူလေးကို တွေ့ရသောအခါ တစိမ့်စိမ့်ကြည့်ပြီး ကြည်ညိုလေးစားမိသည်။ ထို့ကြောင့်လည်း

"ညီမလေးရယ် ရေအဆုံးကုန်းတစ်ဝက်ဆိုတဲ့ ဆိုရိုးစကားအတိုင်း ညီမလေးကို ဒီထဲက ငွေတစ်ဝက်ကို ခွဲပေးသင့်မှန်း အစ်မ သိပါတယ်။ ဒါပေမယ့် ဒီငွေတွေက အစ်မကိုယ်ပိုင်ငွေတွေ မဟုတ်ပါဘူး၊ ဈေးရင်းဖို့အတွက် အတိုးနဲ့ချေးထားရတဲ့ ငွေတွေမို့ပါ"

ဟု ပြောမိသည်။ မတင်မေက ဟျာဟျာသလဲ

"အို . . . ဘာမှမပေးပါနဲ့ရှင်၊ ပိုင်ရှင်အစစ်ကို ပြန်ပေးနိုင်တာကိုပဲ ကျွန်မမှာ ဝမ်းသာလှပါပြီ"



ပစ္စည်းဥစ္စာဆင်းရဲသလောက် စာရိတ္တချမ်းသာသူလေးကို မြင်တွေ့ရသူများမှာ မလေးစား၊ မကြည်ညိုဘဲ မနေနိုင်ကြတော့သဖြင့် ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်များကို လက်ဆွဲခြင်းထဲ ဖွတ်အတင်းထည့်ပေးကြတော့သည်။ မတင်မေ ဆွဲခြင်းထဲမှာ ငွေစက္ကူများဖြင့် ပြည့်သွားသည်။ ထိုအခါ မတင်မေသည် ငွေစက္ကူပုံကြီးကို ကြည့်ရင်းဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ထိုအခါ ဝိုင်းကြည့်နေသူများသည် ဘာဖြစ်လို့ပါလိမ့်ဟူသော အတွေးနှင့်အတူ တအံ့တသြ ဖြစ်သွားကြသည်။ အများကိုယ်စား ကြီးကြီးမြကပင် မေးခွန်းထုတ်ရတော့သည်။

"သမီးရယ် . . . ဘာတွေ ဝမ်းနည်းသွားလို့များ ငိုရတာလဲ"

"ဝမ်းနည်းလို့ငိုတာမဟုတ်ပါဘူးရှင်၊ ဝမ်းသာလို့ ငိုတာပါ"

ထိုအခါကြားရသော ပရိသတ်မှာ ပိုအံ့သြကြရပြန်သည်။ ကြီးကြီးမြက

"ဘယ်လိုဝမ်းသာလို့ ငိုရတာလဲကွယ်၊ ရှင်းပြပါဦး"

"ဒီလိုပါရှင်၊ ကျွန်မတို့မိသားစုဟာ သိပ်ဆင်းရဲပါတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားကြရတာပါ။ ဒါကြောင့် ပိုက်ဆံအိတ်ကို ကောက်ရရခြင်း ကျွန်မလောဘစိတ်လေးပေါ်မိပါတယ်။ နောက် လမ်းသွားရင်း ဆက်စဉ်းစားပါတယ်။ ငါတို့ဟာ အတိတ်ဘဝက မစင်ကြယ်ခဲ့လို့ အခုဘဝမှာ ဆင်းရဲနေကြတာ'

'အခုဘဝမှာလည်း စာရိတ္တမစင်ကြယ်ရင် နောက်ဘဝမှာ ပိုပြီးဆင်းရဲတော့မှာ ဒီတော့ ပိုက်ဆံအိတ်ပိုင်ရှင်ကိုရှာပြီး ငါပြန် ပေးမယ်ဆိုပြီး လောဘစိတ်ကိုနိုင်အောင် ထိန်းသိမ်းလိုက်ပါတယ်"

'ငွေတွေကိုမြင်ရင် ကျွန်မစိတ်တွေဖောက်ပြန်လာမှာစိုး ပိုက်ဆံအိတ်ကို ဖွင့်တောင်မကြည့်ခဲ့ဘူး၊ ဒီငွေတွေကို ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးနိုင်လောက်အောင် စောင့်ထိန်းနိုင်ခဲ့တဲ့ ကျွန်မရဲ့ စာရိတ္တရယ်၊ ပြီးတော့ ကျွန်မရဲ့ စာရိတ္တကို အသိအမှတ်ဂုဏ်ပြုတဲ့အနေနဲ့ ချီးမြှင့်ကြတဲ့ ဒီငွေတွေရယ်ကိုကြည့်ပြီး ဝမ်းသာလို့ ငိုခဲ့တာပါရှင်"

"ကျွန်မကို ပေးကမ်းကြတဲ့ ချီးမြှင့်ငွေတွေဟာ အင်မတန်မှ သန့်ရှင်းပါတယ်။ ကျွန်မကိုယ်ကျိုးအတွက် မသုံးရက်ပါဘူး၊ ဒါကြောင့် ဒီနားက ဘုန်းကြီးကျောင်းမှာပဲ အမှတ်တရ ပစ္စည်းတစ်ခု ဝယ်ပြီး လှူဒါန်းပေးပါ့မယ်ရှင်"

(မှတ်ချက်) ၁၉၈၃ ခုနှစ်၊ မတ်လထုတ်၊ သင့်ဘဝမဂ္ဂဇင်းမှ ထီးချိုင့်-နတ်စိုး ရေးသားသော သူလိုဆင်းရဲသူမ အမည်ရှိ ဆောင်းပါးကို မှီငြမ်းပြုရေးဖွဲ့ပါသည်။

## ဒါရိုက်တာကျတဲ့မျက်ရည်

၁၉၆၀ ခုနှစ်၊ သာဓု၏ဒုတိယကားဖြစ်သော "အငိုလွယ်သည်" ဇာတ်ကားစတင်ပြသသည့် ဒုတိယနေ့။ နေ့လည်ဘက်။ သာဓုပင်ပန်းလွန်းသဖြင့် အတိုးချအိပ်မောကျနေဆဲ တစ်စုံတစ်ယောက်က မရဲတရဲလာနှိုးနေသဖြင့် အော်လိုက်တော့မည်ပြုပြီး မျက်လုံးဖွင့်အကြည့်တွင် သားကြီးမောင်ဝဏ္ဏကိုတွေ့ရသဖြင့် ဖက်နမ်းလိုက်ရင်း အကြောင်းကိုမေးသည်တွင်

"ရုပ်ရှင်ရုံက ဖုန်းဆက်တယ်ဖေဖေ၊ အရေးကြီးလို့ နှိုးပေးပါတဲ့"



"ဘာပြဿနာပေါ်နေပါလိမ့်"ဟု စိုးရိမ်သွားကာ အလူးအလဲ ထထိုင်မိ၏။ သာဓုသည် ဇာတ်ကားပြသရန် ရုံတင်ရက်ကို စာချုပ်ရာ၌ ရက်ကောင်းလုပြီး အရွေးစောသွားသောကြောင့် ဇာတ်ကားဖြတ်တောက်ပြင်ဆင်မှုများ ကသီလင်တဖြစ်ခဲ့၏။

၎င်းအငိုလွယ်သည့် ဇာတ်ကားစတင်ရိုက်ကူးကတည်းက အနည်းနှင့်အများဆိုသလို အနှောက်အယှက်ကလေးများ တွေ့ခဲ့ရသည်။ နောက်ဆုံး ရုံတင်ခါနီးတွင် တက်သုတ်ရိုက်ပြီး ကားကူးကားဆက်ကိစ္စများလုံးပန်းရာ၌ တစ်ညလျှင် (၂)နာရီ (၃)နာရီမျှသာ အိပ်ချိန်ရလျှက် သုံးရက်တိတိ မိုးလင်းခဲ့ရသဖြင့် အလွန်နွမ်းနယ်နေသည်တွင် နောက်ဆုံးည၌ အရေးကြီးသော ဇာတ်သိမ်းခန်းဖလင်ဘူး ပျောက်နေသောကြောင့် သာဓုခြေကုန်လက်ပန်းကျသွားသည်။

နောက်တစ်နေ့တွင် ဆင်ဆာတင်ရမည်။ ရုပ်ရှင်ရုံများနှင့် စာချုပ်ချုပ်ထားသည်မှာ ကြာသာပတေးနေ့။ အကြောင်းတစ်ခုခုကြောင့် ပျက်ကွက်လျှင် ရုံများသို့ ငွေနှစ်သောင်းကျပ် ပေးဆောင်ရမည်။ အထူးသဖြင့် ဆင်ဆာလူကြီးများနှင့် မျက်နှာအပျက်မခံနိုင်။ သာဓု စိတ်အိုက်ပြီး မူးသွားသည်။ နှစ်နာရီခန့်အကြာ သတိရပြီး နိုးလာသည့်တိုင်အောင် ပျောက်သောဖလင် ရှာမတွေ့သေး။

ဆင်ဆာကို ၇ နာရီအရောက် သွားပြရမည်ဖြစ်သော်လည်း ယခု ငါးနာရီထိ ပြဿနာမပြေလည်သေး။ ပြရမည်မှာ ၁၁ ပိုင်း၊ ၆ ပိုင်းသာ အဆင်သင့်ဖြစ်သေးသည်။ ထိုအပိုင်းများဖြင့်ပင် သာဓုကိုယ်တိုင် ဆင်ဆာတင်ရန်ပြေးရပြီး လူကြီးများအား တောင်းပန်သမှု ပြုရတော့သည်။ ဆင်ဆာလူကြီးများကလည်း ငြင်ကြသည်၊

"ရှိသလောက် စပြပေါ့"ဟု ခွင့်ပြုသောကြောင့် ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်ပြရာတွင် အပိုင်း ၁၊ ၂၊ ၃ အစဉ်လိုက်ပြနေရာမှ ရုတ်တရက် အပိုင်း (၆)သို့ ရောက်သွား၏။ သာခု စိတ်ညစ်လိုက်သည့်ဖြစ်ခြင်း။

နောက်မှ ကားပိုင်းများကူးသည်မှာ အစဉ်လိုက်မဖြစ်ဘဲ ပြီးရာလွယ်ရာ ကောက်ကူးထားကြောင်းသိရသဖြင့် လူကြီးများအား ငါးကြိမ်ထက်မနည်း ထ၍ တောင်းပန်လိုက်ရချေ၏။

အပိုင်း (၇)သို့ရောက်လာ၍ ပြပြီးသောအခါ ဖြန့်းကနဲ ဇာတ်သိမ်းခန်းသို့ ရောက်သွား၏။ "ပြီးပါပြီ"ဖြစ်သွား၏။ သို့သော် ဆင်ဆာလူကြီးများကား မထကြ။ ရုတ်တရက် မီးပွင့်လာသောကြောင့် လူကြီးများ ဒေါပွကြလေတော့မည်ဟုသာ သာခု တွက်ထားသော်လည်း သူတို့မျက်နှာများတွင်လည်း သည်းခံပြုံး ပြုံးနေသည်ကိုတွေ့ရ၍ အသက်ရှူချောင်သွားရ၏။ သာခုထ၍ တောင်းပန်ရပြန်သည်။

"ဟေ့ ဖိုးသာခု နောက် ဒီလိုမလုပ်နဲ့ကွာ။ အားလုံး အဆင်သင့်ဖြစ်မှ ဆင်ဆာတင်၊ မင်းတို့က ရုံကောင်းကောင်းနဲ့ လဆန်းရက်ကို တယ်ရွေးတာကိုး"

ဦးအမ်ဖိုးချိန်က အပြစ်တင်သကဲ့သို့ သခင်သိန်းမောင်ကြီးကလည်း-

"ဒါပဲနော် သခင်ဖေသန်း၊ နောက်တစ်ခါ ဒီလို ဇောက်ထိုးမိုးမျှော်ပြရင် မရဘူး၊ ဒဏ်ရိုက်ခံရမယ် သတိထား"ဟု ကြိမ်း၏။

"ဒဏ်ရိုက်လို့ သူတို့ကြောက်မှာမဟုတ်ဘူး၊ ဆင်ဆာတစ်လပယ်လိုက်မယ်"

ဤသို့ပြောလိုက်သူမှာ ဒေါက်တာသာလှဖြစ်၏။ ထိုနေ့ကကြည့်ကြသော ဆင်ဆာလူကြီးများအနက် ဒေါက်တာ သာလှသည်



မျက်နှာထားအတင်းဆုံးဖြစ်၏။ သာခု၏ ကမောက်ကမပြသမှုအတွက် အတော်ကလေး မကျေနပ်ဖြစ်နေဟန်တူ၏။ ဇာတ်ကားများမှာ ကူးရင်းပြရင်း သွားယူရင်းဖြင့် ၁၁ နာရီလောက်တွင်မှ အပိုင်းစုံပြသပြီးစီးသည်တွင် လူကြီးများအချင်းချင်း ဇာတ်ကားအခြေအနေကို တိုင်ပင်ကြ၏။

ဖြတ်သင့်သောအပိုင်းရှိမရှိ ဆွေးနွေးကြခိုက် သာခုစိတ်မောနေသည်။ ပြရသည်မှာ အစဉ်လိုက်မဟုတ်သောကြောင့် ဇာတ်ရည်ဇာတ်သွားမရှင်းဟု ဆုံးဖြတ်လိုက်သော် နောက်တစ်ပတ်မှ ပြန်တင်ရမည်။ နက်ဖြန် ပြသနိုင်တော့မည်မဟုတ်။ ရုံရှိလူများကလည်း "ဆရာ့ဇာတ်က ရှုပ်နေတာဘဲ"ဟု ဝေဖန်ကြပြန်သဖြင့် သာခု ပို၍ စိတ်အိုက်သွားရစဉ် သာခုကိုခေါ်သည်ဆိုသဖြင့် ရင်တမမနှင့် ဝင်သွားသည်။

"ဦးသာခုကားကလည်းဗျာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဇာတ်လမ်းဆင်ပြီးကြည့်နေရတယ်၊ ပဟေဠိကားဖြစ်နေပြီ"

ဟု ဆင်ဆာလူကြီး ခင်မောင်လေးက ရယ်ရင်းပြော၏။ သာခု ရင်တုန်သွားရပြန်၏။ "ဒီမှာ"ဟူသောအသံကြောင့် သာခု လှည့်ကြည့်လိုက်ရာ မျက်နှာထားတည်တည်နှင့် ဒေါက်တာသာလှကို တွေ့လိုက်ရသည်နှင့် "ဆင်ဆာတစ်လပယ်လိုက်ပြီ"လို့များ ပြောလိုက်လေမလားဟု သာခု စိုးရိမ်နေစဉ် -

"ခင်ဗျားကားက လှလှပြုံး (မြတ်မွန်)ငိုပြီး လဲကျသွားရာမှာ ဇာတ်သိမ်းမယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီဇာတ်သိမ်းကို နောက်ထပ်ပြင်ဦးမှာလား၊ ရှေ့နောက် ပြောင်းစရာကော ရှိသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး၊ မပြင်ပါဘူး"

'ဒါဖြင့် ပြသခွင့်ပြုလိုက်ပြီ"

သာစု ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

× × × × ×

သို့လျှင် ကသိကရိုနှင့် ရုံတင်လိုက်ရသော အငိုလွယ်သည့် ဇာတ်ကားအတွက် ယခု ခေါ်ပြန်လေပြီ။ အရေးကြီးလို့ဟူသည့် စကားအရ သာစုရင်မပြီး ထသွားရပြန်သည်။ ဖုန်းဆက်မေးသော အခါ -

"ဒီမှာ ဦးသာစု မနေ့ညပိုင်းက ဆင်ဆာလူကြီးမိသားစု လာကြည့်သွားကြတယ်၊ ညကတော့ ဘာမှမပြောဘူး၊ ခုမနက်ကျမှ ဖုန်းနဲ့ဆက်ပြောတယ်"

ပြဿနာကား ပေါ်ပြန်ချေပြီ။

"ဒီကား ဆင်ဆာတင်တုန်းက လှလှပြုံး ခိုးရာလိုက်ပြေးတဲ့ အခန်းမှာ နောက်ခံတေးမပါဘူး၊ ခုရုံတင်ပြမှ ဒီနောက်ခံတေးကို ဘာဖြစ်လို့ ထည့်ထားရသလဲ။ ဒီအခန်းကိုဖြုတ်ပစ်ပါ။ မဖြုတ်ရင် ဇာတ်ကားပါ ပြခွင့်ပိတ်ရလိမ့်မယ်တဲ့"

မန်နေဂျာက စိတ်ပူနေသောအသံဖြင့်ပြော၏။ ဆင်ဆာတင်စဉ်က ကြုံခဲ့ရသည့်အရေးထက် ယခုအရေးက ဘေးကျပ်နံကျပ် ဖြစ်ရချေပြီ။

"အဲဒါ ဘယ်သူလဲ၊ နာမည်နဲ့လိပ်စာ သိပါရစေ"

"ဒေါက်တာသာလုတဲ့၊ နေတဲ့နေရာမသိဘူးဗျ၊ အဲဒါစုံစမ်းပြီး မြန်မြန်လေး ကြည့်လုပ်ဦးဗျာ၊ တော်ကြာ ရုံပိတ်လိုက်ရင် အားလုံး ဒုက္ခ"



သာစု မျက်နှာသစ်ရန်ပင် သတိမရနိုင်၊ ဒေါက်တာသာလု နေထိုင်ရာလိပ်စာကို သုံးနေရာလောက် ဖုန်းဆက်ပြီး ကဆုန်ပေါက် ပြေးခဲ့ရသည်။ တွေ့သောအခါတွင်လည်း သူ့မျက်နှာမှာ တရားသူကြီးတစ်ယောက်ကဲ့သို့ တင်းမာနေ၏။

"ခင်ဗျားလုပ်ပုံ၊ အင်း . . . ဆင်ဆာပြတုန်းကလည်း ကမောက်ကမ၊ ခုရုံတင်တော့လည်း ဆင်ဆာမှာမပါတဲ့ သီချင်းတွေ ထပ်ထည့်ထားတယ်၊ ဒါဘာသဘောလဲ"

"ဟုတ်ကဲ့၊ မူလကတည်းက ထည့်ဖို့အစီအစဉ်ရှိပြီးသားပါပဲ၊ ကားကူးရာမှာ မှားကျန်"

"မှားကျန် မေ့ကျန်တာမပြောနဲ့၊ ဆင်ဆာမှာမပါရင် ရုံတင်တဲ့အခါမှာလည်း မပါရဘူးဆိုတာ ခင်ဗျားနားလည်ရမယ်"

သာစုမှားနေသည့်အဖြစ်ကို သာစု သေသေချာချာ သိ၏။ သို့သော် "ခင်ဗျားနားလည်ရမယ်"ဟူသော စကားအတွက် စိတ်ထဲတွင် မျက်ကနဲဖြစ်သွားသောကြောင့်

"ခု ကျွန်တော်ထည့်လိုက်တဲ့ နောက်ခံတေးဟာ ဘာကိုမှ ထိခိုက်စရာအကြောင်းမရှိပါဘူး၊ ပြီးတော့ ဒီသီချင်းကလည်း အသစ်မဟုတ်ဘဲ ဟိုးရှေးတုန်းကစာတ်ပြား . . ."

"ကျွန်တော်သိတယ်၊ ဂီတာစိမ်းမောင်ဆိုတဲ့ ပတ္တမြားပလ္လင် ဘုရားတရားနဲ့ပတ်သက်တယ်၊ ဘယ်သူ့မှမထိခိုက်တဲ့အပြင် နားထောင်တဲ့လူ ကုသိုလ်ရတယ်၊ သံဝေဂရတယ်၊ ဒါက သတ်သတ်တခြား၊ ခုပြောနေတာက စည်းကမ်းဥပဒေ၊ ဒါခင်ဗျားလေးစားရမယ်။ လိုက်နာရမယ်။ ဒါကလည်း တခြားသတ်သတ်ရှင်းရဲ့လား"

သာစုမလှုပ်နိုင်အောင်ခံနေရသည်၊ သူသည်ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် သီရိပျံ့ချီ ဒေါက်တာသာလု၊ အလွန် တိတိကျကျ

www.burmeseclassic.com



စည်းကမ်းဥပဒေကို မိမိရရ ဆုပ်ကိုင်ပြောနေခြင်းဖြစ်သည် မှန်သော်လည်း

"ကျွန်တော် စည်းကမ်းကို လေးစားလိုက်နာတတ်တဲ့သူပါ။ ဒါပေမယ့် ခုနအစ်ကိုကြီးပြောသလို ဘာကိုမှ မထိခိုက်တဲ့ကိစ္စမို့ ကျွန်တော့်ကားကို ဆက်ပြီး ပြသခွင့်ပြုပါလို့ တောင်းပန်ပါတယ်"

"ဒါကတော့ ဘယ်နည်းနဲ့မှမဖြစ်ဘူး"

"ဒီလိုရှိပါတယ်၊ ဒီကိစ္စလေးနဲ့ ရုံပိတ်လိုက်ရမယ်ဆိုရင်"

"ဒါလည်း ကျွန်တော်မတတ်နိုင်ဘူး၊ စည်းကမ်းမကျရင် ပိတ်ရမှာပဲ"

"မဟုတ်ပါဘူးအစ်ကိုကြီးရယ်၊ တကယ်လို့ ရုံပိတ်လိုက်ရမယ်ဆိုရင် ကြိုတင်လက်မှတ်ရောင်းထားတာတွေ ရုံခတွေ"

"ခင်ဗျားဟာခင်ဗျား စိုက်လျော်လိုက်ပေါ့"

"ကျွန်တော်ပြောတာက ဘယ်သူ့မှ မထိခိုက်တဲ့ အချက်ကလေးတစ်ချက်နဲ့ တစ်ဖက်သားမှာ အများကြီးထိခိုက်သွားမယ်ဆိုရင်"

"ဒါဘယ်သူလုပ်တာလဲ၊ ခင်ဗျားအရှည်ကြီးမပြောနဲ့ အဲဒီအခန်းကို ဖြတ်ရင်ဖြတ် ဆက်ပြရင်ပိတ်မှာပဲ"

"အဲဒီအခန်းကလည်း ဇာတ်ဝင်အရေးကြီးတဲ့အခန်းမို့ ကျွန်တော်တောင်းပန်နေတာပါ"

"ဘာလဲ အရေးမကြီးရင် မတောင်းပန် ဘူးလို့ ခင်ဗျားဆိုချင်တာလား၊ အိုကေ ခင်ဗျားပြန်နိုင်ပြီ ဦးသာခု၊ ပြန်နိုင်ပြီ"

မျက်နှာထားတင်းတင်းဖြင့် သာခုအား အိမ်ထဲမှပင် မောင်းထုတ်သလို ပြောနေချေပြီ။



"ဒီကားကို ကျွန်တော် ဆက်မပြနိုင်တော့ဘူးလား၊ ဒါဖြင့်"

"ခုနပြောတဲ့ သီချင်းပါတဲ့အခန်းကို ဒီနေ့ဖြတ်ရင်ဖြတ် မဖြတ်ရင် နက်ဖန်ပိတ်ပစ်ရမှာပဲ"

"ဒါဖြင့်လည်း အစ်ကိုကြီးသဘောပဲ"

သာခုလည်း စကားဆုံးသည်နှင့် ဖြုန်းကနဲ ထပြန်လာခဲ့သည်။ အိမ်ရောက်သည်နှင့် ဘဏ်ငွေစာရင်းလက်ကျန်ကို ကြည့်သည်။ ၂၀၀၀၀ ကျပ်ကျော် ပေးလျော်နိုင်သည့်ငွေများ ပိုပိုသာသာရှိနေသည်ကိုတွေ့ရ၍ တစ်ဘက်က စိတ်အေးသွားသော်လည်း ရုံပိတ်ရသည့်အဖြစ်ကား အရုပ်ဆိုးချေမည်။

သာခု ရုပ်ရှင်တည်းဟူသောအမည်ကိုလည်း ထိခိုက်မည်။ အထူးသဖြင့် ဆင်ဆာစည်းကမ်းဖောက်ဖျက်၍ အပိတ်ခံရခြင်းကား လုံးဝမကောင်း၊ လူကျင့်ဝတ်ကိုပါ ထိပါးလေတော့မည်။ သာခု ထိဒဏ်ကိုမခံနိုင်၊ နည်းလမ်းရှိသမျှ ဖယားချ၍ စဉ်းစားရတော့သည်။ အကြံတစ်ခုရလာ၏။

ဖြစ်ရပ်မှာ ဆင်ဆာလုပ်ရာတွင် တေးသံမပါဘဲ ယခုမှပါနေသောကြောင့်ဟု တစ်ဖက်ကအကြောင်းပြရာ ထိုအပိုင်းကို ဆင်ဆာပြန်လုပ်ပြီးခွင့်ပြုချက်တောင်းလိုက်လျှင် ထိုကိစ္စပြီးပြေသွားနိုင်သည်။ သို့နှင့် သာခုသည် ညချင်းပင် ဆင်ဆာရုံးအရာရှိ ဦးထွန်းကြိုင်အိမ်သို့ စုံစမ်းရာ နောက်နေ့အသောကရုံတွင် ကုလားကားဆင်ဆာရှိကြောင်းပြောလိုက်သဖြင့် အထက်ပါ အဆိုပါအပိုင်းကိုယူသွားပြီး တာဝန်ကျလူကြီးများအား အကြောင်းစုံရှင်းပြကာ ထိုအပိုင်းကို ကြည့်၍ ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံရာ

"အေး . . . တို့ကလည်း ကြည့်ပေးမယ်၊ ခင်းကလည်း ဒေါက်တာသာလှကို သွားပြောလိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးချိန်က ခွင့်ပြုသင့်ကြောင်း ကန့်ကွက်စရာမလိုပါကြောင်း စာတစ်စောင်ရေးပေးသော်လည်း စာကို သာခုက တလွဲလူပါး၀စွာဖြင့် ကိုယ်တိုင်သွားမပေးဘဲ တပည့်တစ်ယောက်နှင့် ပို့ခိုင်းလိုက်၏။ ထိုကိစ္စသည်လည်း ဤတွင်ပြီးသွား၏။

၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် (ဖိတ်ကြားစာအရ) ရုပ်ရှင်ရွှေစင်ဆုချီးမြှင့်ရေးအခမ်းအနားပွဲသို့ သာခုတို့ရောက်သွားကြသည်။ ထိုစဉ်က ပြဇာတ်ဌာနညွှန်ကြားရေးဝန်ကြီး ဦးမြင့်စိုးက စောစောလာရန် အကြောင်းကြားသဖြင့် သာခုလည်း စောစောပင်ရောက်နေပြီ။ ရုပ်ရှင်သမားချင်း စကားပြောနေကြစဉ် ဦးစောဦး (ယခုပါတီ)က လက်တို့ခေါ်သွားပြီး

"ခင်ဗျားလုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ အဝတ်အစားက ကပိုကရို ခေါင်းမဖီးဘာမဖီးနဲ့ နို့ . . . ခေါင်းပေါင်းကောမပါဘူးလား"

"ဘာလုပ်ဖို့လဲ၊ ခေါင်းပေါင်းက အိုက်ရတဲ့အထဲ ဒါ့ကြောင့် အပေါ်အင်္ကျီတောင် ဝတ်မလာတာကြည့်တော့"

"တကယ်လို့ အကယ်ဒမီဆုပေးနေရင် ဒီလိုပဲ တက်ယူမလား၊ ခင်ဗျားပုံစံက မြို့တက်လာတဲ့ နွားပွဲစားကျနေတာပဲ"

"ကျွန်တော်မရပါဘူးဗျာ၊ ရခြင်းရရင် မြတ်မွန်ပဲရမှာပါ"

"ပြောနိုင်မလားဗျ"

"အေးဗျာ၊ ပေးတော့လည်း ခင်ဗျားအပေါ်အင်္ကျီ ခဏငှားဝတ်လိုက်ရုံပေါ့"

ဦးစောဦးက ဤဇာတ်ကားကို သူအလွန်ကြိုက်သောကြောင့် အကယ်ဒမီတစ်ပေးနေသော်လည်း သာခုကမူမထင်၊ စရိုက်ကတည်းက အနှောက်အယှက်အမျိုးမျိုး ကြုံခဲ့ရသည်။



အထူးသဖြင့် အံဝင်ခွင်ကျမင်းသားရွေးရသည်မှာ စိတ်အမောရဆုံးဖြစ်လျက် နောက်ပိုင်း၌ မင်းသားသစ်တင်ရိုက်ရသည်တကြောင်း၊ မသတီစရာအလွမ်းဇာတ်လမ်းဖြစ်သည်တွင် ဆင်ဆာတင်ရာ၌လည်း ကျွမ်းထိုးမှောက်ခုံဖြစ်ခဲ့ရသောကြောင့် (၀၁) စိတ်တိုင်းကျအချောသတ်ရန် အချိန်ဂရုလိုက်သည်ကတစ်ကြောင်းတို့ကြောင့် ရွှေစင်ဆုကို သာခု လုံး၀ မမျှော်မှန်းခဲ့။

ယခုမှုပို၍ ဝေးသွားချေပြီဖြစ်၏။ ယင်းရုပ်ရှင်အဆင့်တန်းမြှင့်ရွှေစင်ဆုချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌသည် ဒေါက်တာသာလှ၊ သာခုနှင့်ပန်မရဖြစ်ခဲ့သည်ကို စာရှုသူတို့သိပြီးဖြစ်၏။ ဆင်ဆာကိစ္စတွင်လည်း သူ့ကိုကျော်၍ ထော်လော်ကန့်လန့်လုပ်ကာ မလေးမစားပြုခဲ့သည်။ အဘယ်မှာလျှင် ရွှေစင်ဆုကို သာခုမျှော်မှန်းနိုင်သည့် အခွင့်အလမ်းရှိပါတော့သနည်း။

(သို့သော် ဒါရိုက်တာရွှေစင်ဆုကို သာခုရခဲ့သည်။)

ဒေါက်တာသာလှကိုယ်တိုင်က အဘယ်အကြောင်းအချက်များကြောင့် သာခုကို အကောင်းဆုံးဒါရိုက်တာ ရွေးရကြောင်း၊ ရွှေစင်ဆုပေးရကြောင်း အသေးစိတ်ရှင်းလင်းချက် ဖတ်ပြလိုက်သေးသည်။ သာခုအပါအဝင် ရုပ်ရှင်ပညာသည် အားလုံးနီးပါး အံ့အားသင့်သွားကြသည်။ ဟောကနဲမြည်ဟိန်းသွားပြီးမှ လက်ခုပ်သံများပေါ်လာတော့သည်။

"အေးဗျာ၊ ခင်ဗျား မင်းသမီးကောင်မလေးက ရွှဘတ်တယ်၊ သူ့အဖေရဲ့အနာကိုတောင် ဆေးထည့်ပေးရမှာရွံတယ်၊ ညာတော့အနူမကြီးရဲ့သား၊ အဲဒီကားမျိုးရိုက်တဲ့ ဒါရိုက်တာကို ရွှေစင်ဆုပေးလိမ့်မယ်လို့ ကျုပ်တို့တော့ ယောင်လို့တောင်မထင်မိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဤလိုအလားတူစကားများလည်း ပွက်လောရိုက်သွားသည်။ သာခုကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို မယုံကြည်နိုင်ဖြစ်ကာ အိမ်ရောက်ရောက်ချင်း အငိုလွယ်သည်ကို ပြန်ကြည့်နေမိ၏။ ဤတွင်မှ အဘယ်ကြောင့်ပေးသည်ကို သဘောပေါက်ရတော့သည်။

× × × × ×

ထိုသည့်နောက် ငါးလလောက်အကြာတွင် သာခုညှိခံပွဲတစ်ခုသို့ ဖိတ်သင့်သူများကို ဖိတ်ကြားရာတွင် ဒေါက်တာသာလှသည် အစောဆုံးရောက်လာ၏။ ထိုထိုဤဤ စကားများစုံသွားရာမှ သာခုမတင်မကျဖြစ်နေသော သိလိုချက်ကို ဤလိုပင် သာခုက စလိုက်၏။

"အစ်ကိုကြီးကို ကျွန်တော်တောင်းပန်ကြွေးဆပ်စရာရှိနေသေးတယ်။ ကျွန်တော်မှားခဲ့တာတွေ ခွင့်လွှတ်ပါလို့"

"ဒါတွေကပြီးခဲ့ပြီပဲ"

"ကျွန်တော် သိချင်တာတွေမေးပါရစေ၊ အငိုလွယ်သည် ဇာတ်ကားနဲ့ပတ်သက်လို့ ကျွန်တော့်ကို ဒါရိုက်တာဆုပေးဖို့ သာမကပဲ ဇာတ်ကားကိုပါ အကယ်ဒမီပေးဖို့ အစ်ကိုကြီးအထူးလုံးပန်းခဲ့တယ်။ အကြိတ်အနယ်ဆွေးနွေးခဲ့တယ်လို့ သတင်းကြားရတယ်၊ အဲဒါ"

သာခုက သူ့အဖြေကိုစောင့်ရင်း ကြည့်နေသော်လည်း သူသည် ပြုံးရုံသာပြုံးနေပြီးမှ

"ခင်ဗျားလူပါး၀တဲ့အကြောင်းပြောတာရော မကြားဘူးလား"

သာခုကပြန်၍ သူ့မူအတိုင်း ပြုံးငုံ ငုံ့လိုက်ရ၏။

"ခင်ဗျား ကျွန်တော့်ဆီလာတဲ့နေ့က ခင်ဗျားဖြစ်ချင်တာချည်း လျှောက်ပြောနေလို့ မပြေမလည်ဖြစ်သွားရတာ။ တကယ်လို့ အဲဒီ



အချိန်ကသာ ခင်ဗျားက "ကျွန်တော်ဘာလုပ်ရမလဲ"လို့မေးလိုက်ရင် ကျွန်တော်ကလည်း ဥပဒေစည်းကမ်းအရ ဘယ်လိုလုပ်ပါ လုပ်ပါဆို ပြီးသွားမှာ၊ နောက်ပိုင်းကျတော့လည်း ခင်ဗျားက စည်းကမ်းဘောင်ဝင်အောင်လုပ်လိုက်တယ်၊ ကျွန်တော်လိုချင်တာလဲ ဒါပဲ"

မှန်ရာပြောသစ္စာ သာခုရှက်သွားပါ၏။

"ဒါပေမယ့် ကျွန်တော်လုပ်ပုံလုပ်နည်းမှားသွားပါတယ်၊ ခွင့်လွှတ်ပါအစ်ကိုကြီး"

"ဥပဒေဘောင်ဝင်သွားကတည်းက ခွင့်လွှတ်ပြီးသားဖြစ်ခဲ့ပြီပဲ နောက်ကို ဆင်ခြင်ပေါ့ဗျာ"

"တကယ်လို့ အဲဒီတုန်းက ကျွန်တော်ကသာ ဆင်ဆာပြန်မလုပ်ခဲ့ရင်"

"တနင်္လာနေ့ကစပြီး ခင်ဗျားကားမပြရတော့ဘူး၊ ပိတ်လိုက်မှာသေချာတယ်"

"အစ်ကိုကြီးတော်တော်စိတ်ဆိုးသွားတယ်နော်"

သူပြုံးနေပြန်သည်။

"ဒီလောက်ထိ ကျွန်တော်ကမထီလေးစားလုပ်ခဲ့တယ်၊ ဘုတွေဘောက်တွေပြောခဲ့တယ်။ အဲဒါတောင် ကျွန်တော့်အပေါ် အာဃာတမထားဘဲ ရွှေစင်ဆုကိစ္စမှာ ကျွန်တော် အနည်းဆုံးနှစ်ဆုရဖို့ ကြိုးပမ်းဆွေးနွေးခဲ့တယ်ဆိုတာတော့"

"သတ်သတ်စီပဲ၊ တခြားစီသာ စဉ်းစားရမှာပေါ့၊ ခင်ဗျားနဲ့ရန်ဖြစ်တယ်၊ ဒေါက်တာသာလှနဲ့ စကားများတယ်၊ ဒါကတစ်ကဏ္ဍ၊ ရွှေစင်ဆုဥက္ကဋ္ဌနဲ့ သာခုရဲ့ အနုပညာနဲ့ရန်ဖြစ်တာမှ မဟုတ်ဘဲ၊ ဖြစ်လို့လည်းမရဘူး။ ဖြစ်လည်းမဖြစ်အပ်ဘူး။ ကြံဖန်ပြီးဖြစ်လို့ရတယ်ထား၊ ဒါလုံးလုံးသဘာဝမကျတဲ့သဘောတရားသေးသိမ်မှု

www.burmeseclassic.com

www.burmeseclassic.com



သာစုတစ်ကိုယ်လုံး ထုံကျဉ်သွားသည်။ သူဆက်ပြောလိုက်သော စကားလေးငါးလုံးကိုမကြားလိုက်ရ၊ ချက်ခြင်းပင် ဒေါက်တာသာလှအား ထိုင်ကန်တော့ရင်း သာစုမျက်ရည်လည်နေ၏။ (အရသာရှိလှသော မျက်ရည်)

(မှတ်ချက်) ၁၉၉၉- ခုနှစ်ကထုတ်ဝေသော သာစု လှူဝါးဝတယ်စာအုပ်မှ ဆရာသာစု၏ ရေးသားချက်အတိုင်း ကူးယူဖော်ပြပေးခြင်းဖြစ်သည်။ ဤဖြစ်ရပ်တွင် ဒေါက်တာသာလှ၏စိတ်ဓာတ်ကို လေးစားမှုကြောင့် ဆရာသာစုကိုယ်တိုင် မျက်ရည်လည်ခဲ့ရသလို တစ်ဆင့်ဖတ်ရသူ စာရေးသူတို့မှာလည်း ပီတိမျက်ရည်ဝိုင်းခဲ့ရသည်သာ။

ယခုဖတ်မိသူများလည်း ထို့အတူဖြစ်မည်ထင်ပါသည်။ ဤနေရာတွင် ဒေါက်တာသာလှကို စာရိတ္တသတ္တိရှိသူအဖြစ် တင်ပြရခြင်းမှာ အဓိပ္ပာယ်ရှိပါသည်။ ပို၍လည်း လေးနက်ပါသည်။ ပါဠိစာပေတွင် နည်းလေးဆယ်ဟူ၍ရှိသည်။ ထိုတွင် အဝုတ္တသိဒ္ဓိနည်းဆိုသည်မှာ မပြောဘဲသိရသောနည်းဟု အဓိပ္ပာယ်ရပါသည်။ ဥပမာအားဖြင့်

လူနှစ်ယောက်တွဲ၍ လမ်းလျှောက်လာရာတွင် ညာဘက်ကလူကချောတယ် ဟုပြောလိုက်လျှင် ဘယ်ဘက်ကလူက မချောဘူး (သို့) အရုပ်ဆိုးတယ်ဟူသောစကားကို မပြောဘဲ သိသွားသည်။ ဤသို့သောနည်းကို အဝုတ္တသိဒ္ဓိနည်းဟု ခေါ်ခြင်းဖြစ်၏။

ယခုဖြစ်ရပ်တွင်လည်း ဒေါက်တာသာလှသည် ဆရာသာစုကို မသင့်မြတ်သောသူဖြစ်သော်လည်း တကယ်တော်သောကြောင့် အကယ်ဒမီဆုကို ပေးခဲ့သည်။ မုန်းနေသောသူကို တကယ်တော်သောကြောင့် အကယ်ဒမီဆုကို ပေးနိုင်ခဲ့ရာ လာဘ်ထိုးထားမှုစသည်တို့ကြောင့် ချစ်နေသောသူပင်ဖြစ်သော်လည်း တကယ်မတော်လျှင် အကယ်ဒမီပေးဟူသော အဓိပ္ပာယ်သည် အပြန်အားဖြင့် ပေါ်လွင်လျက်ရှိသည်။



တကယ်တော်သောသူကို သမာသမတ်ကျကျ ချီးမြှောက်တတ်သော ဒေါက်တာသာလှလိုလူများ မြန်မာပြည်တွင် များများကြီး ပေါ်ထွက်လာမည်ဆိုလျှင် လူမှုရေး၊ စီးပွားရေးသာမက အားကစားရေးရာနှင့် အနုပညာများပါ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာမည်မှာ သေချာလှပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်တွင်လုပ်သည်

- အတ္တမဆန်၊ အရင်းခံဖြင့်
ဆက်ဆံတတ်တာ၊ ထိုမေတ္တာ
မြန်မာ့၌သာရှိပါသည်။
- ကိုယ့်အကျိုးထက်၊ သူ့အတွက်ဟု
ငဲ့ကွက်တတ်တာ၊ အနစ်နာ
မြန်မာ့၌သာရှိပါသည်။
- ဒုက္ခကြုံငြား၊ တူခံစားရင်း
အားပေးတတ်တာ၊ ကရုဏာ
မြန်မာ့၌သာရှိပါသည်။
- အားနည်းသူဆီ၊ ဖေးမမည်ဟု
ကူညီတတ်တာ၊ အကြင်နာ
မြန်မာ့၌သာရှိပါသည်။
- သူကောင်းစားက၊ နှစ်ခြိုက်လှသည့်
အားရဝမ်းသာ၊ မုဒိတာ
မြန်မာ့၌သာရှိပါသည်။
- နွမ်းပါးသူဆို၊ ကူညီလိုသည့်
ပိုမိုသဒ္ဓါ၊ စေတနာ
မြန်မာ့၌သာရှိပါသည်။
- ကတိစကား၊ မပျက်ပြားအောင်
လေးစားလိုက်နာ၊ ထိုသစ္စာ
မြန်မာ့၌သာရှိပါသည်။
- ပရဟိတ၊ နူန်းပြည့်ဝသည့်
အာဂကောင်းမှု၊ အပေါင်းစုဖြင့်
စံပြုထင်ရှား၊ မြင့်မြတ်ငြား၍
လေးစားထိုက်စွာ၊ ရှိနေပါသော
မြန်မာ့စိတ်ရင်း၊ ကောင်းသတင်းကို
မင်းတို့ဂုဏ်ယူကြပါကုန်။

မောင်သင်းဖျံ့၊ ကျိုက်ထော်

**အမျိုးဂုဏ်ဖြစ်သော စာရိတ္တသတ္တိ**
**မြန်မာမှန်သမျှ အပြည့်ရှိကြပါစေ။**

မေတ္တာရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရှင် (ရွှေပြည်သာ)

## ရေးသားထုတ်ဝေပြီးသော စာအုပ်များ


(၁) မျက်ရည်မကျခင်သိစေချင်

(၂) ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (ပထမတွဲ)

(၃) သရဏဂုံအစွမ်းအံ့မခန်း

(၄) မေတ္တာအစွမ်းအံ့မခန်း

(၅) ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (ဒုတိယတွဲ)

(၆) အတွင်းရန်သူ

(၇) မဂ်တားဖိုလ်တား အန္တရာယ်များ


BURMESE CLASSIC .com

www.burmeseclassic.com